
www.burmeseclassic.com



www.burmeseclassic.com

စောပြည့်မာလာ

အသည်းတံခါးကို ပိတ်ထားပြီးသား

www.burmeseclassic.com

www.burmeseclassic.com



# စောပည့်မာလာ

# အသည်းတံခါးကို ပိတ်ထားပြီးသား

- တစ် -

ခေါင်းထဲတွင် မည်သို့ဖြစ်နေမှန်း မသိပါ။

မှန်သည်။

ခုတလောမှ ခေါင်းထဲတွင် လေးလံသလို လေးထိုင်းသလို နှင့် ကျစ်လစ်လွန်းသော ခံစားမှုတစ်ခုကို ခံစားနေရသည်ဟု မိမိ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မိမိ သတိထားမိ၏။

သို့သော်လည်း ထိုခံစားမှုသည် အစဉ်မဖြစ်သဖြင့် ခပ်ပေါ့ပေါ့ပင် ထားဖြစ်သည်။

ဆေးသောက်မည်ကြံသော်လည်း ဝေဒနာက ပျောက်သွား၍ မသောက်ဖြစ်။

ခုလည်း စောစောကတင် ခေါင်းထဲ၌ ရှုပ်ထွေး ကျစ်လစ်သည့် ခံစားမှုမျိုးကို ခံစားခဲ့ရပြီး ယခုမူခေါင်းထဲ ကြည်လင်၍ သွားပြန်၏။

စောစောက ကားပင် မောင်းနိုင်ပါ့မလားဟု ထင်ခဲ့သည်။ ခုတော့လည်း အကောင်းပကတိစစ်စစ်ကြီး။

ဟူး…

လေပြင်းတစ်ချက် မှုတ်ထုတ်ပြီးနောက် မောင်းလာသည့် ကားလေးသည် (×××) မြို့နယ်ရှိ ရဲစခန်းရုံးရှေ့သို့ ရောက်လာခဲ့ပြီ ဖြစ်လေ၏။





ရပ်နေကျနေရာတွင် မိမိကားလေးကို ရပ်ပြီးနောက် စောဆင်မြူရယ်မိုးမောက်သည် ကားတံခါးဖွင့်ဆင်းလိုက်၏။

သူသည် (×××) မြို့နယ်မှ အကြီးဆုံးရဲအရာရှိတစ်ယောက်ပါ။ သူ ကားပေါ်မှ ဆင်းလိုက်သည်နှင့် ဟေမာန်ဦးရာသီ၏ အေးမြခြောက်သွေ့သော လေသည် သူ့ကို လာရောက်ကျီစယ်နှုတ်ဆက်၏။

စောဆင်မြူရယ်မိုးမောက်သည် လက်တစ်ဘက်မှ ဖိုင်တစ်ခုနှင့် လက်တစ်ဘက်မှ အပေါ်အင်္ကျီတစ်ထည်ကို ကိုင်ကာ ရုံးထဲသို့ ဝင်ရောက်ခဲ့၏။

သူ့ကိုမြင်သည်တွင် ရုံးဝန်ထမ်းလေးက ကြိုဆိုသည်။ အားလုံးသော အရာရှိများကလည်း နှုတ်ဆက်၏။

သူသည်လည်း အားလုံးကို နှုတ်ဆက်ပြီး သူ့ရုံးခန်းရှိရာသို့ လှမ်းခဲ့လေ၏။

သူ ရုံးခန်းထဲဝင်လိုက်သည်နှင့် ထုံးစံအတိုင်းပင် သူ့ရုံးခန်းသည် ရှင်းလင်းသပ်ရပ်၍နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှုံးလှလင်သည် သူ့စိတ်ကြိုက် သန့်ရှင်းသပ်ရပ်မှုအား အလေးထား၍ လုပ်ဆောင်ထားဟန်ပါ။

သူ့စားပွဲထက်တွင် လှပသော ပန်းအိုးတစ်လုံး၊ တယ်လီဖုန်းနှစ်လုံးနှင့် စောစောက သူ ယူလာသော ဖိုင်တွဲမှလွဲ၍ ရှင်းလင်းသန့်ပြန့်နေလေ၏။

ရှုံးလှလင်သည် သူ့လက်ထဲမှ အကျီကိုယူပြီး နေရာတကျသေသပ်စွာ ချိတ်ပေးသည်။

သူ့သည် စားပွဲတွင် ဝင်ရောက်ထိုင်လိုက်၏။

"ဆရာ··ကျွန်တော် ဘာလုပ်ပေးရဦးမလဲ..."

"ရပါပြီ၊ လိုအပ်တော့ ခေါ်မယ်..."

"ဟုတ်ကဲ့ ဆရာ၊ သွားခွင့်ပြုပါ..."

"ကောင်းပါပြီ..."

အရိုအသေပေး၍ ရှုံးလှလင် ထွက်သွားသည်တွင် သူသည် သည်ကနေ့ဖတ်ရမည့် စားပွဲထက်မှ ဖိုင်တွဲအား ဖွင့်လိုက်၏။





ဖတ်ရန် ဖိုင်တွဲအား ဖွင့်လိုက်ပြီ ဖြစ်သော်လည်း သူ့စိတ်သည် ဖိုင်တွင် မရှိ။

အကြည့်သည် ဖိုင်တွဲတွင်းမှ စာရွက်ထဲရှိသော်လည်း သူ့အမြင်ဝယ် စာရွက်တွေ မမြင်၊ စာတွေကို မမြင်။

စိတ်သည် ကိုယ်တွင်းမှ ထွက်ခွာသွားသကဲ့သို့ ရှိပြီး သူ့စိတ်ဝယ် ဖြစ်ပေါ်၍ သူ့မျက်ဝန်းဝယ် မြင်တွေ့နေရသည်က လှုပ်ရှားနေသော အရိပ်တစ်ခု။

ထိုလှုပ်ရှားနေသော အရိပ်သည် သူ့အရိပ်ပင် ဖြစ်ကြောင်းလည်း သူ သိ၏။

မှန်သည်။

သူ့အရိပ်၊ သူ့လှုပ်ရှားမှု။

သူသည် ကားမောင်းနေ၏။

သူ ကားမောင်းနေသည်မှာ မနှေးမမြန် မှန်မှန်လေးပါပင်။

သို့သော် တစ်ချိမတော့ သူ့ကားအား တစ်ဘက်ပြေးလမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



လာနေသော ကားတစ်စီးသည် အရှိန်မထိန်းနိုင်တော့ဘဲ ထိုန်းနေဆဲကပင် အရှိန်ဖြင့် ဝင်ရောက်တိုက်ပစ်လိုက်၏။

"ကျွီး…ကျွီး…ကျွီး…"

"ဒိုင်း…"

"ဟား…"

စိတ်အတွေးနှင့် အမြင်၌ ဆူညံသွားသော ဘရိတ်သံများနှင့် ပြင်းထန်သော တိုက်ခိုက်မှုအသံကြီး ထွက်ပေါ်လာသည်တွင်…

သူသည် ခံစားလိုက်ရသကဲ့သို့ စိတ်သည် ကိုယ်တွင်း ပြန်လည် ရောက်ရှိကာ လန့်ဖြန့်တုန်လှုပ်သွားရလေ၏။

သူ ကြက်သီးပင် ထသွားရသည်။ ကိုယ်နှင့်စိတ်သည် ပြန်လည် ပူးပေါင်းနေသော်လည်း…

သူ့အာရုံနှင့် အမြင်သည်က မိမိကားတိုက်ခံရသည့် မြင်ကွင်းကိုသာ ပြန်လည် မြင်ယောင်သုံးသပ်နေမိဖြစ်၏။

လမ်းက နှစ်လမ်းသွား၊ ပြီးတော့ တကယ့် စည်ကားပြီး





အချက်အချာကျသော လမ်းမကြီးပေါ်မှာ တစ်ဘက်လမ်းကြောမှ မိမိကားကို ပုံမှန်မောင်းသည်။

တစ်ဘက်လမ်းကြောမှ ကားနှစ်စီးကို မိမိတွေ့ရသည်။

ကားနှစ်စီးစလုံးသည် လမ်းကြောရှင်းသည်မို့ မောင်းကြသည်။

အနောက်မှကားသည် အရှေ့မှ ကားထက် ပို၍အရှိန်ပြင်းသည်ဟု ထင်ရသည်။

ထိုမြင်ကွင်းနှင့် တစ်ဆက်တည်း မြင်တွေ့ရသည့် နောက်မြင်ကွင်းနှင့် နောက်မြင်ကွင်းတစ်ခုက…

တစ်ဘက်လမ်းကြောပေါ်တွင် တောင်းအေ့စ်ကားတစ်စီးသည် ကန့်လန့်ဖြတ်၍ကွေ့နေ၏။

ထိုအခါ အရှေ့မှကားသည် ဘရိတ်တစ်ချက်အသတ် နောက်မှ ကားသည် အရှိန်ထိန်းဖို့ မကြိုးစားဘဲ ရှေ့မှကားအား မတိုက်မိစေရန် လက်ကိုင်ကိုဆွဲအကွေ့…



www.burmeseclassic.com

www.burmeseclassic.com



ထိုကားသည် တစ်ဘက်လမ်းကြောပေါ်သို့ ရောက်သွားရပြီး တစ်ဘက်လမ်းကြောပေါ်မှ မောင်းနှင်လာသည့် မိမိကားအား အရှိန်ဖြင့် တိုက်မိသွားရခြင်းဖြစ်၏။

မြင်ကွင်းသည် ရှင်းလင်း၍နေ၏။

အဘယ်ကြောင့် ထိုသို့သော မြင်ကွင်းအား မိမိသည် မြင်တွေ့နေရပါလိမ့်။

အဘယ်ကြောင့် ထိုမျှ အသေးစိတ် အဖြစ်မှန်ကို မြင်တွေ့နေရပါလိမ့်။

မိမိကိုယ်မိမိ အံ့သြနေမိသည်။

ဟူး...

လေပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း အတွေးကို ဖျောက်ဖျက်ပစ်လိုက်သည်။

ခေါင်းကိုရမ်းလိုက်သည်တွင် အတွေးနှင့် မြင်ကွင်းသည် မပျောက်တပျောက် ရှိ၏။





မိမိသည် ထိုအဖြစ်အား တွေး၍မြင်ခြင်းလား၊ မြင်၍တွေးခြင်းလား မဆိုနိုင်။

ထိုမြင်ကွင်းအား မြင်တွေ့ခံစားလိုက်ရချိန်၌ မိမိသည် အမှန်တကယ်လှုပ်ချောက်ချားသွားရ၏။

"ကျွတ်...ဘာတွေလျှောက်မြင်၊ လျှောက်တွေးနေလဲ မသိဘူး၊ မဖြစ်နိုင်တာတွေ..."

မျက်မှောင်တွန့်၍ မနှစ်သက်စရာ စကားအဖြစ် နှုတ်မှ သူဆိုဖြစ်၏။

တကယ်လည်း မြင်ကွင်းနှင့်အတွေးက မနှစ်သက်စရာပင် မဟုတ်ပါလား။

လူသည် တစ်ခါတစ်ရံ၌ စိတ်ကူးယဉ်သလို မြင်တတ်တွေးတတ်သည့်အဖြစ်က အဆန်းတော့ မဟုတ်ပါဟုထင်၏။

သို့အတွက် ထိုအတွေးအမြင်အား သူသည် ခေါင်းထဲ ထည့်မထားတော့။



www.burmeseclassic.com

www.burmeseclassic.com



အပြီးတိုင် ဖျောက်ဖျက်လိုက်သည့်စိတ်ဖြင့် ခေါင်းကို ရမ်းလိုက်ပြီး…

သူသည် လက်ထဲမှ ဖိုင်တွဲအမှုစာရွက်များဆီ အာရုံ စူးစိုက် ဖတ်ဖြစ်လိုက်ပါတော့သတည်း။ ။





- နှစ် -

“ကရင်း··ရင်း··ရင်း···”

“ကရင်း··ရင်း··ရင်း···”

အဝတ်လဲနေဆဲ ဖုန်းကမြည်လာသည်။ ကပျာကယာ အဝတ် လဲနေဆဲမှ ဖုန်းလေးအား သွားရောက်ကိုင်ဖြစ်၏။

“ဟဲလို··မေလွင်သင်း ကားအငှားနှင့် ရောင်းဝယ်ရေး ကုမ္ပဏီ ကပါရှင်···”

“×××××”

“ဪ··(×××)ဟိုတယ်ကလား၊ ဟုတ်ကဲ့··ဘာများ လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



လဲ မသိဘူးနော်၊ လိုအပ်တာ အမိန့်ရှိပါရှင်…"

"×××××"

"ဟုတ်ကဲ့…ကျွန်မ မန်နေဂျာ မေလွင်သင်းကိုယ်တိုင်ပါပဲ ရှင်…"

"×××××"

"ဩော်…ဟုတ်ကဲ့၊ ခုလို (×××) ဟိုတယ်ပိုင်ရှင် မန်နေဂျာလည်းဖြစ်တဲ့ ဦးမြတ်သူနဲ့ စကားပြောရ၊ သိရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်ရှင်…"

"×××××"

"ဟုတ်ကဲ့…လိုအပ်တာ အမိန့်ရှိပါ…"

"×××××"

"ဩော်…ကားငှားမှာလား…"

"×××××"

"ဟုတ်ကဲ့…ရပါတယ်ရှင်၊ ကားအမျိုးအစားက လူကြီးမင်း





လိုချင်တဲ့ ကားအမျိုးအစားကို ပြောပါနော်…"

"×××××"

"ပရာဒိုဖြစ်ဖြစ်၊ လန်ခရူဆာဖြစ်ဖြစ်၊ ဟုတ်ကဲ့…ရပါတယ်ရှင်…"

"ဘယ်နှစ်စီးများ လိုအပ်ပါလဲ…"

"×××××"

"ဩော်…အဲဒီလို ကားမျိုးက နှစ်စီး၊ ဟုတ်ကဲ့ ရပါတယ်ရှင်…"

"×××××"

"ဩော်…မာ့ခ်တူးဖြစ်ဖြစ်၊ မာစီဒီးဖြစ်ဖြစ်၊ ဆလွန်းက နှစ်စီး၊ ဟုတ်ကဲ့…ဒီကားတွေလည်း ရပါတယ်ရှင်…"

ဖုန်းပြောရင်း မေလွင်သင်းသည် တစ်ဘက်မှလိုအပ်သည့်' အကြောင်းအရာများကို ရေးမှတ်၍ နေ၏။

"ပြီးတော့ လူကြီးမင်း လိုချင်တဲ့နေ့ရက်ကလေး ပြောပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"×××××"

"အင်္ဂါနေ့နော်၊ ကောင်းပါပြီ၊ ဘယ်နှစ်ရက် သုံးပါမလဲရှင်"

"×××××"

"ဆယ်ရက်··ဟုတ်ကဲ့ရှင်···"

"ဒါနဲ့ လူကြီးမင်းတို့ရဲ့ ဒရိုင်ဘာနဲ့လား၊ ကျွန်မရဲ့ ဒရိုင်ဘာနဲ့လားရှင်···"

"×××××"

"သြော်··ကျွန်မရဲ့ဒရိုင်ဘာနဲ့နော်၊ ကောင်းပါပြီ၊ ပြီးတော့ လူကြီးမင်းတို့ ဟိုတယ်ကို လာရမယ့် အချိန်ကလေး အမိန့်ရှိပါဦးရှင်···"

"×××××"

"သြော်··မနက်ရှစ်နာရီနော်၊ ဟုတ်ကဲ့ ရပါတယ်···"

"×××××"

"ဟုတ်ကဲ့··ကျွန်မတို့ရဲ့ တစ်နေ့နှုန်းကတော့ (×××) ဖြစ်ပါ





တယ်ရှင်···"

"×××××"

"မများပါဘူးရှင်၊ ကျွန်မတို့က အသင့်တော်ဆုံး နှုန်းကိုပဲ ထားပါတယ်၊ ကျွန်မတို့ကားတွေကို သုံးကြည့်ပါ၊ အဲကွန်းလည်း ကောင်းပါတယ်···"

"×××××"

"သြော်··ရန်ကုန်ထဲသုံးရင်တော့ ခုနကပြောတဲ့ ဈေးပါပဲ၊ ဒါပေမယ့် နယ်တွေဘာတွေသွားမယ်ဆိုရင်တော့ ခုနက ပြောတဲ့ ဈေးနဲ့ မပေးနိုင်ပါဘူးရှင်···"

"×××××"

"ဟုတ်ကဲ့··နယ်သွားရင်တော့ ဈေးနှုန်းက(×××) ဖြစ်ပါတယ်ရှင်···"

"×××××"

"ဟုတ်ကဲ့··ကျွန်မတို့ရဲ့ မေလွင်သင်းကုမ္ပဏီက ကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ချလက်ချ သုံးနိုင်ပါတယ်၊ ဒရိုင်ဘာတွေကလည်း အားလုံး သင်တန်းပို့ချထားသူတွေဖြစ်လို့ ဧည့်သည်တွေရဲ့ အကြိုက်ကို မောင်း ပေးနိုင်ပါတယ်ရှင်..."

"×××××"

"ဪ..ဟုတ်ကဲ့၊ စိတ်ချပါ၊ ကျွန်မ အင်္ဂါနေ့မနက် ရှစ်နာရီ ကို လူကြီးမင်းရဲ့ဟိုတယ်ရှေ့အရောက် ပို့ပေးပါ့မယ်ရှင်..."

"×××××"

"ဟုတ်ကဲ့..အဲဒီနေ့မတိုင်ခင် ကျွန်မ ကားလာပြပါ့မယ်.."

"×××××"

"သဘက်ခါလောက် ကျွန်မ ကားတွေလာပြပါ့မယ်၊ ဒီနေ့နဲ့ မနက်ဖြန်ကတော့ တခြားဟိုတယ်တွေနဲ့ ချိန်ထားလို့ပါ..."

"×××××"

"ဟုတ်ကဲ့ပါ၊ ကျွန်မကားလာပြတဲ့နေ့မှာပဲ လူကြီးမင်းက ကားတွေ သဘောကျတယ်ဆိုရင် အဲဒီနေ့မှာပဲ အလုပ်အကိုင် စာချုပ်





ချုပ်လိုက်နိုင်ပါတယ်ရှင်..."

"×××××"

"ဟုတ်ကဲ့..ကောင်းပါပြီရှင်၊ စိတ်ချပါ..."

ဟုတ်ကဲ့ခြင်းထပ်မျှ စကားတွေဆိုရင်း တစ်ဘက်ကလည်း ရေးမှတ်ရင်းဖြင့် နောက်ဆုံး မေလွင်သင်းသည် ဖုန်းလေးချလိုက်၏။

သည့်နောက် မေလွင်သင်းသည် သည့်နေ့စကားပြောထား သည့် အလုပ်စာရွက်လေးအား နံရံတွင် ချိတ်ထားလိုက်၏။

မိုးလင်းသည်နှင့် မေလွင်သင်းအတွက် လုပ်ရမည့်အလုပ်တွေ က တန်းစီ၍နေသည်။

ဘွဲ့ရကျောင်းပြီးကတည်းက မေလွင်သင်းသည် ကား ငှား ရောင်းဝယ်ရေးကုမ္ပဏီကိုဖွင့်ပြီး ကိုယ်တိုင်ပင် ဦးဆောင်လုပ်ကိုင်ခဲ့သူ မို့ လုပ်ငန်းတွင် ကျွမ်းကျင်နေရပြီဖြစ်၏။

စီးပွားရေးလုပ်သူများအတွက် စကားပြောတတ် ဆိုတတ်မှု နှင့် ဆက်ဆံရေးပြေပြစ်မှုသည် အဓိကဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက လှပသော မျက်နှာချိုချိုလေးရှိသည့် မေလွင်သင်းအတွက်မူ လူမှုဆက်ဆံရေးသည် ဆိုဖွယ်မရှိပါလေ။

လုပ်ငန်းတစ်ခု လက်ခံထားပြီးလျှင် မေလွင်သင်းသည် မိမိလက်ခံထားသော အလုပ်ကို ခေါင်းထဲထည့်အလေးထား၏။

အဝတ်လဲ အားလုံးပြင်ဆင်ပြီးသည့်တွင် ကားသော့ကလေး ယူပြီး မေလွင်သင်းသည် အခန်းထဲမှ ထွက်ခဲ့လိုက်၏။

အခန်းထဲမှထွက်ခဲ့ရင်း လက်မှနာရီလေးဆီတစ်ချက် ကြည့် ဖြစ်သည်။

မောင့်ဆီတောင် ဖုန်းဆက်ရဦးမယ်...။

စိတ်ထဲမှ ချစ်သူမောင့်ထံ ဖုန်းဆက်ရန်ရေရွတ်ရင်း မေလွင်သင်းသည် အောက်ထပ်သို့ ဆင်းခဲ့လိုက်လေ၏။

"ဟင်..မေမေနန်း ရောက်နေတယ်၊ အို..သမီးတောင် မသိဘူး..."

လှေကားမှဆင်းခဲ့သည့်တွင် အောက်ထပ်ဧည့်ခန်းထဲမှ





ဒေါ်နှန်းကြာကို တွေ့လိုက်ရ၍ မေလွင်သင်း နှုတ်ဆက်ဖြစ်၏။

"မေမေနန်းလည်း ခုနကမှ ရောက်တာပါ သမီးရယ်၊ သမီး အလုပ်များတာ မေမေနန်း သိပါတယ်ကွယ်..."

"ဟုတ်တယ် နန်းရေ၊ ရီလည်းပဲ သမီးနဲ့ ညညမှ ဆုံဖြစ်တာ များပါတယ်၊ သမီးတို့မောင်နှမကတော့ တူကြပါပေရဲ့ရှင်၊ သူတို့အလုပ်တွေသာ သူတို့ပထမထားကြတာလေ..."

"မေမေရယ်..အလုပ်များများ လုပ်ရတာ ဂုဏ်ယူစရာမဟုတ်ဘူးလားနော်..."

မိခင် ဒေါ်ရီရီစကားကြောင့် မေလွင်သင်းသည် အပြုံးလေးနှင့် ဆို၏။

"သမီးပြောတာ မှန်တာပေါ့ ရီရယ်..."

"အင်း..နန်းတို့သားအမိလည်း လိုက်ပါ..."

"ခုထိ ကလေးနှစ်ယောက်စလုံးက သူတို့မင်္ဂလာကိစ္စတွေကို မလုပ်ကြသေးဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ်..မပူပါနဲ့၊ သမီးတို့က အခုလာမယ့် ဒီဇင်ဘာလ ခရစ္စမတ်မှာ လက်ထပ်ဖို့ အားလုံးစီစဉ်ထားပြီးသားပါနော်..."

"ဟင်..ဟုတ်လား..."

"တကယ်..ကောင်းလိုက်တာ..."

မိခင်နှစ်ယောက်စလုံးက အားရဝမ်းသာစွာ ဆိုဖြစ်ကြသည်။

မေလွှင်သင်းသည် မိခင်နှစ်ယောက်၏ ပခုံးတွေဆီ အလေး ထား၍ ချစ်ခင်စွာ ကိုင်လိုက်ပြီး...

"မေမေတို့ကလည်း သမီးတို့က ခေတ်လူငယ်တွေပဲလေ၊ ဘယ်လောက်ပဲ အလုပ်များများ၊ ကိုယ့်ကိစ္စတွေတော့ ကိုယ် ဘယ်မေ့ ကြမလဲ..."

"မေမေတို့သိလား၊ သမီးတို့က ဘယ်လောက် အလုပ်များ များ နေ့တိုင်း ကိုယ့်အစီအစဉ်တွေနဲ့ ကိုယ် ရှိပြီး၊ တစ်ယောက်နဲ့ တစ်ယောက် ဖုန်းဆက်ရင်ဆက်၊ မဆက်ရင် နေ့တိုင်းတွေ့နေတဲ့ အချိန် ရှိပြီးသားလေ..."





"ဖုန်းကတော့ ပုံမှန်တစ်နေ့ကို သုံးကြိမ်လောက် ဆက်ဖြစ် ပြီးသားပဲလေ၊ အဟင်း..."

"ဒီနေ့လည်း နှစ်ယောက်စလုံး အလုပ်တွေပြီးမယ့် အချိန်ကို ကြိုတင်ပြောဆိုထားပြီးသားလေ..."

"ကောင်းပါ့ရှင်၊ ကောင်းပါ..ကောင်းပါ့..."

မိခင် ဒေါ်ရီရီ ဆိုသည်။

မိခင်နှစ်ဦးစလုံးမှာ စိတ်အေးချမ်းမြေ့သော အပြုံးကိုယ်စီတွေ နှင့်ပါ။

"ကဲ..မေမေတို့ရေ၊ သမီး သွားလိုက်ဦးမယ်နော်၊ ချိန်းထား တဲ့ အချိန်ကလေးနီးနေလို့ပါ..."

"သွား..သွား..သမီး..."

"သွားပါ၊ သွားပါရှင်၊ ရှင်တို့နှစ်ယောက် စိတ်ချမ်းသာရင် ကျွန်မတို့အမေနှစ်ယောက်လည်း စိတ်ချမ်းသာတာပါပဲ..."

"ဟုတ်တာပေါ့ ရီရယ်၊ နန်းတို့က မိခင်တွေ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မိခင်နှစ်ယောက်၏ စကားသံများသည် မေလွင်သင်း၏ နောက်နား၌ ကပ်ပါလာခဲ့၏။

မေလွင်သင်းသည် မိခင်နှစ်ဦး၏ စကားများအတွက် ကြည်နူးချမ်းမြေ့စွာဖြင့် ကားလေးအား ဆင်ဝင်အောက်မှ မောင်းထွက်ခဲ့၏။

မေလွင်သင်းဘဝ၌ အမေတစ်ခု သမီးတစ်ခုဘဝနှင့် ရပ်တည်ခဲ့သကဲ့သို့…

ချစ်သူ မောင့်ဘဝတွင်လည်း အမေတစ်ခု သားတစ်ခုဘဝဖြင့် ရပ်တည်ခဲ့သူပါ။

မိမိတို့ချစ်သူနှစ်ဦး၏ အကြောင်းရေစက်ရှိမှုသည် မိခင်များနှင့် မဆိုင်ခဲ့ဟုဆိုလျှင် ရသကဲ့သို့ မိခင်များနှင့် ပတ်သက်ပြီး နောက်ပိုင်း ပို၍မြဲမြံရသည်ဟု ဆိုကလည်း မမှားပါလေ။

မှန်သည်။

အဘယ်ကြောင့်ဆိုသော် မိမိနှင့် ချစ်သူ စောဆင်မြူရယ်မိုးမောက်သည် တက္ကသိုလ်ပထမနှစ်တွင်ပင် စတင်မြင်တွေ့၍ ချစ်သူ





ဘဝရောက်ခဲ့ကြသည်။

မိမိတို့ကျောင်းတွေပြီး လုပ်ငန်းကိုယ်စီဝင်၍ သုံးလေးနှစ်ကြာမှ မိခင်နှစ်ဦးသည် သူငယ်တန်းမှစ၍ ဘွဲ့ရသည်အထိ အတူလက်တွဲ၍ ကြီးပြင်းခဲ့ကြသော…

ငယ်ပေါင်းအချစ်ဆုံး အခင်ဆုံး ညီမအရင်းကဲ့သို့ ရှိကြသည့် သူငယ်ချင်းများဖြစ်ကြောင်း သိခဲ့ရခြင်းပါ။

သည့်အတွက် မိခင်များ၏ သံယောဇဉ်နှင့် ရင်းနှီးမှုအခြေခံတွင် သူတို့ချစ်သူနှစ်ဦး၏ သံယောဇဉ် ကြိုးမျှင်တွေသည်လည်း ဆထက်တိုး၍ ပွားများခိုင်မြဲရပါသတည်း။

"အဟင်း…"

ကားမောင်းရင်း အတွေးများနှင့် မေလွင်သင်းသည် အသံလေး ထွက်သွားသည်အထိ ကြည်နူးစွာ ပြုံးဖြစ်ရလေ၏။

မှန်သည်။

မိမိတို့ချစ်သူနှစ်ဦး၏ ချစ်ခရီးလမ်း သာယာချမ်းမြေ့မှုအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူရင်းမှ မေလွင်သင်းသည် ကားကို ဖြည်းဖြည်းမောင်းရင်း ချစ်သူထံ ဖုန်းဆက်ရန် သတိရ၍...

ဆယ်လူလာဖုန်းလေးကို ယူကာ ချစ်သူကိုလူချောထံသို့ ဖုန်းဆက်ဖြစ်လိုက်ရပါသတည်း။ ။





- သုံး -

ယာဉ်ကြောနှစ်ခု...

တစ်ဘက်ယာဉ်ကြောမှ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းနှင်နေ၏။

ကားအရှိန်တွေကလည်း မြန်လွန်း၏။ ရှေ့ကားထက် နောက်ကားအရှိန်သည် ပို၍မြန်နေသည်။

ထိုအခိုက်အတန့်တွင်ပင်...

"ကျွီး..ကျွီး..ကျွီး..."



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း..."

"ဟင်..."

စောဆင်မြူရယ်မိုးမောက်သည် တစ်ကိုယ်လုံး တုန်သွားရရင်း စိတ်သည် ကိုယ်နှင့် ပြန်ပူးပေါင်းသွား၏။

နားထဲတွင်ကား ဘရိတ်သံတွေနှင့် တိုက်ခိုက်သံတို့သည် ဆူညံစွာ ကြားနေရဆဲရှိသည်။

"ဒိုင်း..ဒိုင်း..."

တိုက်ခိုက်သည့်မြင်ကွင်းနှင့် အသံကြီးသည် မြင်ကွင်းဝယ် ပျောက်မသွား။

ဖျောက်ဖျက်ပစ်နေပါလျက်က ထိုမြင်ကွင်းနှင့် ခံစားမှုမျိုးကိုသာ မိမိခံစားမြင်တွေ့နေရ၏။

"ဟူး..."

သူ အသက်ကို ပြင်းပြင်းမှုတ်ထုတ်ပြီး ခေါင်းကို ရမ်းလိုက်သည်။ မြင်ကွင်းအား ကြိုးစားဖျောက်ဖျက်သည်။





ပျောက်သလိုလိုနှင့် ရေးရေးမြင်တွေ့နေရသကဲ့သို့ ရှိ၏။

ကျွတ်..ငါ ဘာကြောင့် ဒါပဲ မြင်နေရတာလဲ၊ ရှုပ်တယ်၊ ဒီမြင်ကွင်းဆီ အာရုံမရောက်အောင် လုပ်ရမယ်...

နှုတ်မှပင် ရေရွတ်ရင်း စိတ်ကိုပြောင်းလဲပစ်သည်။ ထိုင်ရာမှ ထသည်။ နာရီဆီကြည့်သည်။

စားပွဲမှ စာရွက်စာတမ်းများနှင့် ဖိုင်တွေကို သေသပ်စွာ သိမ်းဆည်းလိုက်သည်။

အရေးကြီးစာရွက်စာတမ်းများကိုမူ ဖတ်ရန်အတွက် အိမ်သို့ ပြန်ယူရန် သီးသန့်ထားသည်။

သူသည် ကိုယ်ရောစိတ်ပါ ပြောင်းလဲအောင် လှုပ်ရှားနေဆဲကပင် ဘာကြောင့်မှန်းမသိပါ။

စိတ်သည် မြင်ကွင်းသို့ရောက်သည်ပဲလား၊ မြင်ကွင်းသည် စိတ်တွင်းသို့ ရောက်သည်ပဲလား မဆိုနိုင်။

ခုတလော မြင်နေကျ မြင်ကွင်းသည် သူ့မျက်ဝန်းဝယ်မြင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင်း မြင်၍သာရှိတော့၏။

ဘုရားရေ..ငါ ဘယ်လိုဖြစ်ပါလိမ့်၊ မဖြစ်ဘူး..ဒီမြင်ကွင်း ပျောက်အောင် ငါ လူတွေနဲ့စကားများများ ပြောနေမှဖြစ်မယ်...။

တွေးဆဲကပင် မြင်ကွင်းသည် မျက်ဝန်းထဲမှမထွက်...။

"မောင်..."

"ဟင်..ဩော်..မေ ရောက်ပြီလား..."

"အင်းလေ..ကဲ..လာ သွားစို့..."

"အင်း..."

ပျောက်မရသော မြင်ကွင်းကြောင့် သူ စိတ်ရှုပ်နေဆဲ ချစ်သူ မေလွင်သင်း၏ အသံလေးကြားသည်တွင် မြင်ကွင်းသည် ပျောက်သွားသယောင်ရှိ၏။

"ပေး..မောင်..ဒါတွေ မေ ကိုင်ခဲ့မယ်နော်..."

ဆိုရင်းကပင် သူ့လက်ထဲမှ ဖိုင်တွေကို မေလွင်သင်း ယူလိုက်သည်။ ပြီးတော့ ရုံးခန်းထဲမှ ချစ်သူနှစ်ယောက် ထွက်ခဲ့လိုက်ကြ၏။





ရုံးခန်းထဲမှအထွက် လိုက်ဖက်လွန်းသော သူတို့ချစ်သူစုံတွဲအား တစ်ရုံးလုံးမှ လုပ်ဖော်ကိုင်ဖက်များ အားလုံးမှာ သဘောကျ အားကျခြင်းတွေဖြင့်...

သူတို့စုံတွဲအား ဘယ်အခါကြည့်ကြည့်၊ ကြည့်မဝ ရှုမဝနိုင်သော အကြည့်တွေဖြင့် ကြည့်ကျန်ရစ်ခဲ့ရသည်ချည်းပါတည်း။

ရုံးရှေ့မှ သူတို့ကားလေးမောင်းထွက်ခဲ့သည်။

"မောင်..."

"ဟင်..."

"ပင်ပန်းနေလား..."

"မပင်ပန်းပါဘူး မေ..."

"မောင့်ကြည့်ရတာ တစ်မျိုးပဲလားလို့..."

"အပွန်း..မောင် ကားမောင်းနေရလို့ပါ..."

"အရင်နေ့တွေက ကားမမောင်းရလို့လား..."

"မေကလည်းကွယ်၊ ကဲ..ပြောပါဦး၊ ဒီနေ့ မကောအလုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘယ်လောက်လုပ်လိုက်ရသလဲ…”

“လုပ်ရတာပေါ့၊ ဟိုတယ်တွေဆီ ကားတွေပို့ပေးရတယ်လေ၊ မနက်ဖန် အင်္ဂါနေ့မှာလည်း အလုပ်ကိစ္စချိန်းထားတာ ရှိသေးတယ်”

“တယ်ဟုတ်ပါလား…”

“ဟုတ်ရမယ်လေ၊ မေ လုပ်နေတာပဲဟာ၊ ဘယ်သူလုပ်တာ မှတ်လို့…”

“အခုညနေမှာ ကားပို့တဲ့ အစီအစဉ်ပြီးတာနဲ့ အပြန်မှာ မေက ဒရိုင်ဘာလေးကို မောင့်ရုံးရှေ့ချခိုင်းခဲ့တာ…”

“မေကတော့ ထုံးစံအတိုင်း နေ့စဉ်လှုပ်ရှားနေတာပါပဲ၊ မောင်ပဲ…”

“မောင်က ဘာဖြစ်လို့လဲ မေရဲ့…”

“သိပါဘူး‥မောင့်ကြည့်ရတာ ခုတလော အရင်နဲ့မတူသလို ပဲ…”

“ဘယ်လိုမတူတာလဲ…”





“တွေဝေငေးငေါင်နေသလားပဲ…”

“မဟုတ်တာဗျာ…”

“ဟုတ်ပါတယ်ရှင်၊ မေက စကားစမှ မောင် စကားသွက် သွက်ပြောတာ…”

“အဟွန်း…”

ချစ်သူလှလှလေးအား စောဆင်မြူရယ်သည် အပြုံးချောချော သည့် ကြည်နူးစွာကြည့်ဖြစ်ရ၏။

“မောင် အခု ဘယ်သွားမလဲဟင်…”

“မေ ဘယ်သွားချင်လဲ ပြော…”

“မောင်သွားမယ့်နေရာ မေ့ကို ခေါ်ပါ…”

“စကြာဝဠာကို…”

“ဟား‥ကောင်းတာပေါ့…”

“ငရဲပြည်ကော…”

“မောင်နဲ့အတူဆိုတော့ ကောင်းတာပဲ…”



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း..တကယ်တော်တဲ့ ချစ်သူ..."

"မေ တော်တာ မောင့်အတွက်၊ မောင့်ကို ချစ်လို့ပါ မောင်ရယ်..."

သူ့ပခုံးစွမ်းဝယ် ပါးလေးအပ်လာရင်း မေလွင်သင်း ဆိုသည်။

သူသည် ကားမောင်းရင်းမှ ချစ်သူနဖူးလေးထက် ဖွဖွနမ်းဖြစ်၏။

"မေ..."

"ရှင်..."

"မောင်တို့အစီအစဉ်တွေကို မေမေတို့ သိပြီလား..."

"အင်း..မနေ့ကပဲ မေ ပြောပြလိုက်တယ်..."

"ကောင်းတယ်၊ ဒါမှ သူတို့လည်း စိတ်ချမ်းသာကြတော့မှာ..."

"ဟုတ်တယ် မောင်၊ မေတို့ မင်္ဂလာဆောင်တော့မှာသိလို့ မေမေတို့ပျော်နေကြတယ်လေ..."





"အင်း..ဒါကြောင့်ကိုး..."

"ဘာဒါကြောင့်ကိုလဲ မောင်..."

"ခုဆို မေမေက မိုးလင်းတာနဲ့ မေမေရီ့ဆီကိုပဲ သွားနေတယ်လေ..."

"ဩော်..အဟင်း..ဟင်း၊ မောင်ကလည်း ဒါက ဟိုးတုန်းကတည်းကပဲဟာ..."

"အဟင်း..ဟင်း..သူတို့ပျော်နေလို့ပေါ့ မောင်ရဲ့..."

"မေကော မပျော်ဘူးလား..."

"ဘယ့်နှယ့်ပြောပါ့ရှင်၊ ကဲ..မောင်ကရော..."

"ဘယ့်နှယ့်ပြောပါ့ဗျာ..."

"ဟင်း..လူလည်..."

"အဟွန်း..ဟွန်း..."

ချစ်သူနှစ်ယောက် ချမ်းမြေ့စွာ ရယ်မောလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညသည်လည်း ချစ်သူနှစ်ဦးသည် ထုံးစံအတိုင်း မိသားစု ထမင်းလက်ဆုံစားရန်အတွက် ဘဲကင်ဝယ်၍ အိမ်ပြန်ဖြစ်ခဲ့ကြပါလေ၏။ ။





- လေး -

ထုံးစံအတိုင်း အချိန်မှန်ပင် အိမ်မှ ရုံးသို့ သူ ထွက်ခဲ့သည်။ ကားကို မနှေးမမြန် ညင်သာစွာ သူ မောင်းသည်.

သည်နေ့ စိတ်သည် ပေါ့ပါးသည်ဟု သူ ထင်သည်။

ဦးနှောက်တွင်လည်း ကြည်လင်လန်းဆန်းနေ၏။

စောဆင်မြူရယ်မိုးမောက်သည် ကားမောင်းရင်းမှ ဒီနေ့ ရုံးတွင် လုပ်ရမည့်အလုပ်တွေအကြောင်း တစ်ချက်တွေးသည်။

ပြီးတော့ မိမိတို့ချစ်သူနှစ်ဦး မကြာခင် လက်ထပ်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



မည့် ကိစ္စကို တွေး၏။

တွေးရင်းမှ သူ မောင်းလာသော ကားလေးသည် (×××) လမ်းသို့ ရောက်လာ၏။

(×××) လမ်းသည် ဥဒဟိုကားများ သွားလာနေသော်လည်း ရှုပ်ထွေးခြင်းဖြင့် မရှိပါလေ။

တူးဝေးလမ်းမကြီးမို့ ကားများသည် သူ့လမ်းနှင့်သူ စနစ်ကျစွာ မောင်းနှင်သွားလာနေကြ၏။

"အဟွန်း…"

စောဆင်မြူရယ်မိုးမောက်သည် ပျော်ရွှင်နေကြသည့် မိခင်နှစ်ယောက်နှင့်…

နုနယ်လှပတင့်တယ်လွန်းသော ချစ်သူ မေ့မျက်နှာဖူးဖူးလေးဆီ မြင်ယောင်ကာ ကြည်နူးစွာ တစ်ကိုယ်တည်း ပြုံး၏။

ပြုံးရင်းမှ စောဆင်မြူရယ်မိုးမောက်သည် ကားလေးကို ပုံမှန်မောင်း၏။





တစ်ချိမတော့ ရုတ်ချည်းဆိုသလိုပင် စိတ်သည် မိမိရောက်ရှိနေသည့် လမ်းမကြီးအား သတိထားဖြစ်သွားရ၏။

တစ်ဆက်တည်းပင်လည်း မိမိမြင်ယောင်တတ်သည့် မြင်ကွင်းကိုပါ မြင်ယောင်လာသည်။

ထို၏ အခိုက်အတန့်၌မှာပင်…

"ကျွီး…"

"ကျွီး…ကျွီး…"

"ဒိုင်း…"

"ကျွီး…"

"တီး…တီး…"

"ပွမ်…ပွမ်…"

"တီး…တီး…"

ကားဘရိတ်မြည်သံ…

ကျယ်လောင်သော တိုက်ခိုက်သံကြီးနှင့်…



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကားဘရိတ်သံတွေ ဆူညံသွားသံ…

ဆူညံစွာ ထွက်ပေါ်လာသည့် ကားဟွန်းသံတွေ…

စသည်ဖြင့် တစ်ချိန်တည်း၌ ဖြစ်ပေါ်သွားသည့် အသံများ အား…

စောဆင်မြူရယ်မိုးမောက်သည် ကြားလိုက်ရ၏။

သူ့မျက်ဝန်းအစုံတွင်လည်း အားလုံးသော အရိပ်တွေကို မြင် သည်။

များပြားသော လူတွေ လှုပ်ရှားနေကြသည်ကို မြင်သည်။

နားထဲလည်း လူတွေ၏ စကားသံတွေကို ကြားနေဆဲရှိ၏။

လူတွေသည် မိမိထံသို့ ပြေးလွှားရောက်ရှိလာကြသည်။

လူတွေသည် မိမိအား ဝိုင်း၍ ကြည့်နေကြလေ၏။

မိမိသည် မိမိကိုယ်မိမိလည်း မည်သို့ဖြစ်နေသည်ကို သိ သည်။

မိမိသည် ကားထဲတွင် ကျပ်၍ ညပ်၍ရှိသည်။





ကားထဲ ညပ်နေ၍ မိမိသည် လှုပ်၍ပင်မရ။

ပြီးတော့ မိမိသည် ဇောက်ထိုးဖြစ်လုနီးပါး ရှိပြီး…

မိမိအား ကြည့်နေကြသူများအား မိမိသည် ဇောက်ထိုးမြင် နေရ၏။

မိမိသည် ထိုသို့အနေအထားမျိုး ရောက်သွားရခြင်း၏ အကြောင်းရင်းကိုလည်း မှတ်မိသည်။

မှန်သည်။

မိမိသည် ဒိုင်းခနဲမြည်သံကြီးနှင့်အတူ…

မိမိသည် ကားနှင့်အတူ လွင့်စင်သွားရသည်ဟု အထင်ရှိ ပြီး…

မိမိသည် ကားနှင့်အတူပင် သုံးလေးငါးပတ် လိမ့်သွားရပြီး သည်၏နောက်…

တစ်ချက်မျှ လူရောကားပါ ကိုင်ဆောင့်လိုက်ခြင်းခံရသကဲ့သို့ ရှိပြီးလျှင်…



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ မိမိသည် ထိုကဲ့သို့ အနေအထားမျိုး ဖြစ်သွားရခြင်းပါတည်း။

"ဟင်··ယူနီဖောင်းနဲ့ပါလား···"

"ဟာ··အရာရှိတစ်ယောက်ပဲ···"

"ကားထဲမှာ တစ်ယောက်တည်းပဲ···"

"ညပ်နေတယ်ထင်တယ်···"

"ထွက်လို့မရဘူး···"

"ဘယ်လိုလုပ်ပြီး ထွက်လို့ရမလဲ၊ ညပ်နေတဲ့ဟာ···"

"တခြားဘာဒဏ်ရာတွေများ ရသွားသေးလဲ မသိဘူး···"

"အရှိန်က ပြင်းလိုက်တာ···"

"သတိတော့ ရနေတဲ့ပုံပဲ၊ လိုက်ကြည့်နေတယ်···"

"ဟုတ်တယ်···"

"ဟိုမှာ မော်တော်ပီကယ်တွေ လာကြပြီ···"

"ဆေးရုံကားလည်း ခေါ်ထားတယ်တဲ့···"





တစ်ယောက်တစ်ပေါက် လူတွေ ပြောနေသည့် စကားသံတွေကို သူ ကောင်းစွာ ကြားနေရသည်။

မော်တော်ပီကယ်တွေကိုလည်း သူ တွေ့၏။

စောဆင်မြူရယ်မိုးမောက်သည် စကားသံများနှင့် လူတွေလှုပ်ရှားသမျှ သူ ကြားဆဲ၊ ကြည့်နေဆဲမှ···

သူ့မျက်ဝန်းထဲသို့ မြင်ကွင်းတစ်ခုသည် ဝင်ရောက်လာ၏။

သူသည် တစ်ဘက်လမ်းကြောမှ ကားကို မောင်းနှင်နေသည်။

တစ်ဘက်လမ်းကြောမှ ကားနှစ်စီးကို သူ တွေ့ရသည်။

အရှိန်သည် မသေးလှ။

နောက်မှ ကားသည် ရှေ့မှကားထက် အရှိန်ပို၍ပြင်းသည်။

ထိုကားနှစ်စီး၏ ရှေ့တွင် နောက်ထပ်ကားတစ်စီးသည် နောက်ပြန်ကျွေ့နေသည်မို့···

အန္တရာယ်ကိုမြင်သည့် ပထမကားသည် ဘရိတ်တစ်ချက်အတော့ပင် ပြုရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပြင်းစွာ မောင်းနှင်လာသော နောက်မှကားသည်…

မိမိအရှိန်အား ရုတ်တရက် မထိန်းနိုင်တော့သည်မို့…

ရှေ့ကားကို နောက်ဘက်မှ တည့်တည့်ကြီး မတိုက်မိစေရန်
အတွက်…

ကားလက်ကိုင်အား တစ်ဘက်သို့ ချိုးကွေ့အယူမတော့··

လက်ကိုင်ကိုသာ စိတ်က ရောက်သည်။ ကားအရှိန်လျှော့ရ
မည်ကို သတိမချပ်မိလေသောအခါ…

မဆီမဆိုင် တစ်ဘက်လမ်းကြောမှ ကားတစ်စီးအား ရက်ရက်
စက်စက်ကြီး ဝင်တိုက်ပစ်လိုက်သကဲ့သို့ ဖြစ်သွားရတော့သည်တကား။

ထိုမြင်ကွင်း၊ ထိုမြင်ကွင်းသည် လွန်ခဲ့သောရက်များက မိမိ
မြင်တွေ့နေရသည့် မြင်ကွင်းပါ။

မိမိကားတိုက်ခံရသည့် မြင်ကွင်း…။

ယခု သည်နေ့ မိမိကားတိုက်ခံရပေပြီ။

ထိုအသိသည် စိတ်၌အရောက်၌ မိမိတစ်ကိုယ်လုံးသည်





လေးလံကာ မျက်ဝန်းအစုံသည် ဝေဝါးစပြုလာ၏။

ထိုမှ မိမိသည် တစ်စတစ်စဖြင့် အမှောင်ကမ္ဘာတစ်ခုသို့
ချည်းနှင်းဝင်ရောက်သွားရလေတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- ငါး -

"အဟင့်..ဟင့်..ဟင့်..."

ရှိုက်သံသဲ့သဲ့လေးကို ကြားရသည်။

ကြားရသည့်အသံသည် တိုးလွန်း၍ ဝေးလံလှသည့်အရပ်မှ လာသလိုလိုဟုပင် ထင်ရ၏။

ပြီးတော့ အသံသည် တိုးရာမှ ပျောက်ကွယ်သွားပြန်သည်။

"အဟင့်..ဟင့်..ဟင့်..."

ပျောက်ကွယ်ရာမှ အသံသည် ပြန်၍ အာရုံဆီသို့ ရိုက်ခတ်လာပြန်သည်။

စိတ်သည် ထိုအသံကို လိုက်၍ ရှာနေမိသည်။





အသံကို ပြန်လည်ကြားရခိုက်၌ ထိုအသံအား စိတ်၌ ဆုပ်ကိုင်ထားရန် ကြိုးစားကြည့်သည်။

သို့သော် ထိုရှိုက်သံလေးအား စိတ်နှင့်ပင် ဆုပ်ကိုင်ထား၍မရ။

ရှိုက်သံသည် အလှမ်းဝေးလွန်း၍ စိတ်သည် ဇဝေဇဝါပင် ဖြစ်နေရ၏။

"အဟင့်..ဟင့်..ဟင့်..."

ပြန်ကြားရပြန်သည်။

စိတ်သည် လှုပ်ရှားစွာဖြင့် လိုက်၍ဆုပ်ဖမ်းရန် ကြိုးစားမိပြန်၏။

"ဟော...ဟော..သမီးရေ..နည်းနည်းလှုပ်သွားတယ်၊ သတိရလာပြီလား မသိဘူး..."

စကားသံသဲ့သဲ့တစ်ခု။

မနီးမဝေးမှ ကြားလိုက်ရသလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း မျက်နှာထက် ပူနွေးနွေးရှိသည့် အရည် တစ်ပေါက် ကျလာသလို ခံစားရသည်။

"ဟင်..."

ထိုသို့အသိနှင့်ပင် မျက်ဝန်းအစုံအား တဖြည်းဖြည်းချင်း ဖွင့်လိုက်နိုင်၏။

"အိုး..မောင်..မောင် သတိရပြီ၊ မောင် သတိရပြီနော်၊ ဝမ်းသာလိုက်တာ မောင်ရယ်..."

ဝမ်းသာအားရ မေ ဆိုသည်။

မေ့စကားသံလေးသည် မည်မျှဝမ်းသာနေကြောင်း ဖော်မပြနိုင်သည်က ထင်ရှား၏။

ပြီးတော့ မေ့မျက်နှာလှလှလေးထက်၌ မျက်ရည်တွေမှာ မြင်မကောင်းအောင် စိုလူးနေ၏။

သို့သော် မေ့မျက်ဝန်းလေးတွေက သူ့ထံအကြည့် တောက်ပနေရှာသည်ပါ။





မေ့မျက်နှာလေးထက်မှ သူ့အကြည့်တွေကို တစ်ချက် ရွေ့လျားလိုက်သည်။

မိမိ၏မိခင်နှင့် မေ၏မိခင်တို့ကိုပါ သူ တွေ့ရ၏။

မိခင်နှစ်ယောက်၏ မျက်နှာထက်၌ ကြေကွဲရိပ်တွေကို သူ မြင်ရသည်။

ချက်ချင်းပင် သူ ဆေးရုံရောက်ရသည့် အကြောင်းကို ပြန် သတိရမိသည်။

သည့်အတွက် မိခင်တို့၏ စိုးရိမ်မှုအတွက် သူ အပြုံးဖြင့် နှစ်သိမ့်လိုက်၏။

မိခင်နှင့် မေမေရီတို့မှာ သူ့ကို စကားမပြောနိုင်သလိုသာ ကြည့်နေကြရှာ၏။

မေ့ထံ သူ ပြန်ကြည့်လိုက်သည်။

မေသည် မျက်ရည်များကြားမှ သူ့ကိုပြုံး၍သာ ကြည့်နေ ရှာရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မောင်..."

မေ ခေါ်တော့ မေ့ထံ သူ စိုက်ကြည့်နေဖြစ်သည်။

"ဒီနေ့ မောင် သတိရလာလို့ မေကော မေမေတို့ပါ အရမ်းဝမ်းသာရတယ် မောင်ရယ်..."

"မောင် သတိမေ့နေတာ တစ်ပတ်ရှိပြီ..."

"ဟင်..."

သိပ်အံ့သြသွားသော်လည်း အာမေဋိတ်သံက အံ့သြလွန်း၍ မထွက်။

မျက်ဝန်းကဖြင့် အံ့သြစွာ မေ့ကိုကြည့်သည်။

ပြီးတော့ မေမေတို့ကို ကြည့်သည်။ နောက်ဆုံး မေ့ကို ပြန်ကြည့်သည်။

မေသည် အပြုံးနှင့်ကြည့်ကာ သူ့လက်နှင့် သူ့မျက်နှာဆီ ကြင်နာမှုဖြင့် ညင်သာ ပွတ်သပ်ဆုပ်ကိုင်ရင်း...

"မေမေတို့ကလည်း မောင့်အတွက် စိုးရိမ်နေတာ..."





"မောင် သတိမရမချင်း မေမေတို့နှစ်ယောက်က မောင့်နားမှာ စောင့်နေကြရတာ..."

"မေကတော့ မောင့်အတွက် ဘုရားတွေသွားပြီး မောင် သတိမြန်မြန်ရဖို့ နေ့စဉ်ဆုတောင်းတယ်..."

"ဒီနေ့လည်း ဘုရားကပြန်လာပြီး မောင့်နားမှာ စောင့်ကြည့်နေတာ..."

"ဒီနေ့ မောင် သတိရလာလို့ မေတို့ ဆုတောင်းပြည့်သွားပါပြီ..."

မေ စကားတွေကို တောက်လျှောက်ပြောသွားသည်။

မေ့စကားတွေကို သူ နားထောင်နေ၏။

ပြီးမှ...

"မေ..."

"ရှင်..မောင်..."

"မောင် တစ်ပတ်တောင် သတိမေ့နေတယ်၊ ဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



မေ ခေါင်းလေးညိတ်ပြသည်။

"မောင်က ထင်တောင် မထင်ဘူး…"

"သား…"

မေမေ ခေါ်သည်။

မေမေ့အသံသည် ကြေကွဲလွန်း၍ တုန်အက်နေ၏။

မေမေသည် စိတ်ခါတ်ကြံ့ခိုင်သော အမျိုးသမီးကြီးမို့ မျက်ရည်ဖြင့် မကျ။

သို့သော်လည်း မေမေ့မျက်ဝန်းအိမ်တွင် အရည်ကြည်တို့ဖြင့် ပြည့်နေ၏။

မေမေရီသည်လည်း ထို့အတူတူပါပင်။

မျက်ရည်တွေ စီးကျနေသည်က မေတစ်ယောက်တည်း ဖြစ်၏။

မိခင်နှစ်ယောက်ကမူ စိတ်ခါတ်ကြံ့ခိုင်မှုချင်း တူညီကြ၏။

မေမေ့ထံ သူ ကြည့်နေဆဲ မိခင်ကြီး စကားဆိုသည်။





"ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ သား…"

"သားအနေနဲ့ စိတ်ခါတ်မကျပါနဲ့…"

"လူဟာ အသက်ရှင်နေသရွေ့ လောကကို ရင်ဆိုင်နိုင်စွမ်းရှိပါတယ်…"

"မေမေ…"

မေမေ့စကားများအတွက် အံ့သြစွာ သူ မေမေ့ကို ခေါ်ဖြစ်သည်။

"ဘာလဲ သား…"

မေမေ မေးသည်။

သူ ရုတ်တရက် မဖြေသေးဘဲ သူ့ကိုယ်သူ ဆန်းစစ်သည်။

ဘာမှ မသိသလိုရှိ၏။

မေနှင့် မေမေရီထံ သူကြည့်သည်။

မေသည် သူ့ကို အားပေးရင်း မျက်ရည်တွေ စီးကျနေ၏။

မေမေရီကမူ တည်ငြိမ်စွာ အားပေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူ မေမေ့ထံ ပြန်ကြည့်သည်။

သူ့မျက်နှာထက် လှုပ်ရှားနေဟန်မျိုး ရှိနေပါလိမ့်မည်။

"မေမေ..ကျွန်တော့်ခြေထောက် ဖြတ်..ဖြတ်..."

"မဟုတ်တာ သားရယ်၊ သား ခြေထောက်ရှိပါတယ်၊ မဖြတ်ရပါဘူး..."

သူ စိတ်အေးသွားသလို ရှိသည်။

သို့သော်လည်း စိတ်မအေး။

"မေမေ..."

"ပြော..သား..."

"ကျွန်တော့်အခြေအနေကို ဆရာဝန်က ဘာပြောလဲဟင်..."

"သားရတဲ့ ဒဏ်ရာကတော့ နည်းနည်းပြင်းတာပေါ့ကွယ်"

"အဟင့်..ဟင့်..."

မေမေက တည်ငြိမ်စွာ ဆိုသည်။

မေထံမှ ရှိုက်သံလေးက ထွက်ပေါ်၏။





"အချိန်ယူပြီးတော့ ကုရမယ်သား..."

"အချိန်ယူ ကုရမယ်..."

"ဟုတ်တယ် သား..."

"ဘယ်လောက်အထိ အချိန်ယူပြီး ကုရမှာတဲ့လဲ မေမေ"

"ခြောက်လ သို့မဟုတ် တစ်နှစ်ဆိုပါတော့ကွယ်..."

"ဗျာ..."

သူ အံ့ဩသွားသည်။

မယုံနိုင်အောင် သူ အားလုံးကို ကြည့်ဖြစ်သည်။

သူ့အခြေအနေက ဘယ်လိုမို့လို့လဲဟု တွေးဖြစ်သည်။

"မေမေ..ကျွန်တော့်အခြေအနေက ဘယ်လိုဖြစ်လို့လဲ..."

"ဆရာဝန်တွေပြောတော့ အာရုံကြောတွေ ထိခိုက်သွားတယ်လို့ပြောတယ်..."

"အာရုံကြော..."

"ဟုတ်တယ် သား..."



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို အံ့သြစွာကြည့်ပြီး သူ့ကိုယ်သူ ဆန်းစစ်သည်။

သူ မှတ်ဉာဏ်လည်း မပျောက်ပျက်ပါ။

အားလုံးကို သိသည်။

အားလုံးကို အမှတ်ရသည်။

အားလုံးကိုလည်း တွေးတောနိုင်သည်။

မှတ်ဉာဏ်ဆိုင်ရာ သူ့တွေးအပြီး၌ သူ့လက်တွေဆီ ကြည့်သည်။

သူ့လက်တစ်ဘက်ကို မေက ဆုပ်ကိုင်ထားသည်။

သူ့လက်အစုံကို လှုပ်ရှားကြည့်သည်။

မေ့လက်ကို သူပြန်ဆုပ်ကိုင်ကြည့်သည်။

ကွေးချည်ဆန့်ချည် လုပ်ကြည့်သည်။

အားလုံးရသည်။

ဘာလုပ်လုပ် အားလုံးရသည်။

လက်ပြီးတော့ ခြေထောက်အစုံကို သူ လှုပ်ရှားကြည့်သည်။





စိတ်ထဲ ထင့်ကနဲ ဖြစ်ရသည်။

အဖြေက ဒါပဲလားဟု မရဲတရဲ အတွေးပေါက်ရ၏။

သူ စောင်ကို ဆွဲလှန်ကြည့်လိုက်သည်။

ခြေအစုံကို သူတွေ့ရ၏။

သို့သော်...

အကြွင်းမဲ့ သူနားလည်လိုက်ရ၏။

သူ မေ့ထံ ကြည့်သည်။

မေသည် မျက်ရည်သုပ်ပြီး မျက်ရည်တွေပြည့်သော မျက်နှာဖြင့် ပြုံးကာ သူ့ကို အားပေးနေသည်။

သူတတ်တွေးတစ်ချက်ကို မြိုချလိုက်သည်။

မိခင်နှင့် မေမေရီထံ သူကြည့်သည်။

မိခင်နှစ်ဦးသည်က တည်ငြိမ်လွန်း၏။

"မေမေ..."

သူ ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင် ဒေါ်နန်းကြာသည် သူ့အား အလေးအနက် စကားဆို၏။

"ထိခိုက်တာလည်း ထိခိုက်တာပေါ့သား..."

"ဒါပေမယ့် ဘဝကိုတော့ သတ္တိရှိရှိ ရင်ဆိုင်ရမယ်..."

"ဖြစ်လာမှာတော့ ဘာတတ်နိုင်မလဲကွယ်..."

"ခြေအစုံ လမ်းမလျှောက်နိုင်တာကလွဲရင် သားမှာ ကျန်တာ အားလုံးကောင်းတယ်..."

"ပြီးတော့ ဆရာဝန်က ပြောတယ်၊ သားရောဂါမှာ မျှော်လင့်ချက်ရှိပါတယ်တဲ့..."

"ဘယ်လိုမျှော်လင့်ချက်လဲ မေမေ..."

"လေ့ကျင့်ခန်း မှန်မှန်လုပ်ရမယ်၊ သားရဲ့ကြိုးစားမှုပေါ် မူတည်တာပေါ့..."

"လောလောဆယ်တော့ သားအခြေအနေနဲ့ ဆေးရုံပေါ်မှာ ကြာကြာနေရမယ်..."

"ငါးလခြောက်လတော့ ဆေးရုံပေါ်မှာ သားနေရမယ်..."





"သားအခြေအနေက ဆေးရုံးမှာနေတာ ပိုပြီးသင့်တော်တယ်လို့ ဆရာဝန်က ပြောတယ်..."

မိခင်ကြီး ပြောသမျှ သူနားထောင်နေမိသည်။

ရုတ်တရက်ဖြင့် သူ့အသွင်သည် ငိုင်သွားရသော်လည်း...

သူသည် ကြံ့ခိုင်သော မိခင်သားမို့ သူ့ကိုယ်သူ ပြင်ဆင်လိုက်၏။

မေမေ ပြောသလိုပင်။ ဖြစ်လာမှတော့ ဘာတတ်နိုင်တော့မည်နည်း။

သူသည် လောကကိုရင်ဆိုင်ရန် သတ္တိမွေးရန်သာ ရှိပြီ။

သူ မေ့ထံ ကြည့်လိုက်သည်။

မေသည် သူ့လက်ကို တစ်ချက်မျှ ဖျစ်ညှစ်လိုက်သည်။

မေ အားပေးသည်ကို သူသိပါသည်။

"သား..စိတ်ဓါတ်ကြံ့ခိုင်ပါ..."

"ဘာပဲဖြစ်ဖြစ် မေမေတို့က သားကို အားပေးနေမှာ" သူ



www.burmeseclassic.com

www.burmeseclassic.com



တွေပါ...”

မေမေရီ ဆိုသည်။

သူ ခေါင်းညိတ်ပြလိုက်၏။

တစ်ဆက်တည်းပင် သူသည် ကြံ့ခိုင်မှုကို ဖြစ်တည်စေ၏။

မေ့ထံ သူ ပြန်ကြည့်သည်။

မေသည်လည်း သူ့ကို ကြည့်နေ၏။

မေသည် သူ့လက်ကို ဆုပ်ကိုင်ထားဆဲရှိသည်။

“ဟင်း...”

ရင်တွင်းမှ သူသည် သက်မမောအား တိတ်တိတ်ချဖြစ်လိုက်သည်။

ဘာကြောင့်မှန်းမသိ။

ရင်သည် ဟင်းလင်းပြင်ကြီးတစ်ခုလို ဖြစ်သွား၏။

သူ မျက်ဝန်းအစုံ မှိတ်ထားလိုက်သည်။

“မောင်...”





မေ့ခေါ်သံကို ကြား၏။

မေသည် သူ့လက်ကို ဆုပ်ကိုင်ထားဆဲမှ စကားဆိုသည်။

“မောင်..မောင့်ကို မေချစ်တယ်...”

“ဘာဖြစ်ဖြစ် မောင်ဟာ မေ့ရဲ့ တစ်ဦးတည်းသော မောင်ပါပဲ...”

“ဆေးရုံပေါ်မှာ မောင် ငါးလ ခြောက်လမကလို့ ဘယ်လောက်ကြာကြာ မေ မောင့်ကို ပြုစုမယ်...”

“ဆေးရုံက မောင်ဆင်းတဲ့အခါ အိမ်မှာ လေ့ကျင့်ခန်းယူရင် မေကိုယ်တိုင် လာလုပ်ပေးမယ်...”

“တကယ်ပဲ ဆရာဝန်က ပြောပါတယ် မောင်၊ မောင့်ခြေထောက်က ထာဝရမဟုတ်ပါဘူးတဲ့...”

“ကံတရားနဲ့ ကြိုးစားမှုတွေနဲ့လည်း ဆိုင်ပါတယ်တဲ့ မောင်”

“နောက်ပိုင်းမှာ မေတို့ကြိုးစားကြပေါ့နော် မောင်...”

မေ စကားတွေ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့စကားတွေသည် သူ့အတွက် ခွန်အားတွေပါပင်။

သူ မျက်ဝန်းအစုံ ဖွင့်ကြည့်သည်။

ပြီးတော့ မေ့ကို သူ ပြုံးပြသည်။

ရင်ထဲမတော့ နားလည်ခြင်းတစ်ခုကို ကြို့တင်မြင်တွေ့နေရ၏။ သူ စိတ်ကို လျှော့လိုက်သည်။

စိတ်ဓါတ်ကျ စိတ်ပျက်ခြင်းဖြင့် မဟုတ်။ ပထမဦးဆုံး လောကကို ရင်ဆိုင်ရန်အတွက် ခြေလှမ်း စတင် ခြင်းပါ။

သူသည် ချစ်သောမေ့ကို တည်ငြိမ်ချောမွေ့စွာပင် ပြုံးလျက် ကြည့်နေ၏။

မေသည်လည်း သူ့ကို လှပသော အပြုံးလေးနှင့် ကြည့်၍ နေသည်။ မေမေနန်းနှင့် မေမေရီတို့သည်လည်း သူတို့ထံ ကြည့်၍ နေလေ၏။ ။





## - ခြောက် -

ကြက်စွပ်ပြုတ်ရည်လေး သောက်ရသည်မှာ အရသာရှိလွန်း၏။

မေလွင်သင်းအဖို့ ချစ်သူမောင့်အား ပြုစုနေရသည်မှာ ကျေနပ်နေရသည်ပါ။

စီးပွားရေးတစ်ဘက်နှင့်ပေမယ့် မေသည် မောင့်အား ပြုစု မပျက်ကွက်ပါ။

တစ်နေ့တစ်မျိုး မရိုးအောင် မေကိုယ်တိုင် မောင့်ကို ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျွေးသည်။

မေသည် မမောနိုင် မပမ်းနိုင်။

မေ့မျက်နှာလေးသည် အစဉ်ကြည်လင်လန်းဆန်းနေလေ၏။

မောင့်အား ပြုစုရင်းမှ မေသည် မောင့်မျက်နှာချောချောအား တစိမ့်စိမ့်ကြည့်၍မဝ။

မောင့်အား ကြက်စွပ်ပြုတ်ရည်တစ်ဇွန်းချင်း တိုက်ရင်းမှ မေသည် ပြုံး၍နေသည်။

မောင့်အား ပြုစုနေရသည်ကိုပင် မေသည် ကြည်နူးနေသလို ပါ။

စောဆင်မြူရယ်မိုးမောက်သည်လည်း ကြည်စွပ်ပြုတ်ရည် လေး သောက်ရင်းမှ ချစ်သူလှလှ မျက်နှာလေးဆီ ကြည့်၍မဝ။

သို့သော် သူ့စိတ်သည် တည်ငြိမ်လျက် သူ့မျက်နှာချော ချောသည်က လေးနက်နေရချေ၏။

ချစ်သူ၏ ချစ်ရည်တို့ဖြင့် ပြည့်နေသော မျက်နှာလှလှလေး





သည် သံသယဖြစ်စရာမရှိ။

သို့တိုင် မိမိကဖြင့် နားလည်စရာရှိ နားလည်ပေးရတော့မည် ဖြစ်၏။

အနေအထားတို့သည်က ပြောင်းလဲခဲ့ပြီ မဟုတ်ပါတကား။

"ဟင်း…"

သူသည် သက်မမောအား ညင်သာစွာ တိတ်တိတ်ချဖြစ်သွား ရသည်။

သတိလက်လွတ် မျက်နှာအနေအထားပင် ပြောင်းလဲသွား လေသလား…

သို့မဟုတ် ချစ်သူလေးကပင် ဂရုစိုက်လွန်းနေ၍လား မဆို နိုင်။

မေသည် သူ့ထံ အရေးတယူလေး ကြည့်လာရင်းက…

"မောင်…"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



"သောက်လို့ မကောင်းဘူးလား…"

"ကောင်းပါတယ် မေ၊ ဘာဖြစ်လို့လဲ…"

"မဖြစ်ပါဘူး၊ မောင့်မျက်နှာ တစ်မျိုးဖြစ်သွားသလားလို့"

"မောင့်ကို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်ကွယ်…"

"မောင်ကလည်းကွယ်၊ သူစိမ်းမဆန်ပါနဲ့…"

"သူစိမ်းဆန်လို့ ပြောတာမဟုတ်ပါဘူး မေရယ်…"

"မောင် တကယ်ကျေးဇူးတင်လွန်းလို့ ပြောတာပါ…"

"ခုဆိုရင် မောင် ဆေးရုံပေါ်မှာ နေနေရတာ တစ်လရှိပြီလေ…"

"မပျက်မကွက် အချိန်မှန်မှန် မေ လာကြည့်တယ်…"

"အဲဒီအတွက် မောင် ကျေးဇူးမတင်သင့်ဘူးလားကွယ်…"

"ဟင့်အင်း··မေက မောင့်ချစ်သူပဲဟာ၊ ကျေးဇူးတင်စရာမလိုပါဘူး…"

"အဟွန်း…"





ချစ်သူ၏ လေးနက်သော ချစ်ခြင်းအတွက် သူ ကျေနပ်စွာပြုံးဖြစ်ရ၏။

"မောင်…"

"ဟင်…"

"နောက်တစ်ခါ ဒီလို မပြောနဲ့တော့နော်…"

"မေ မကြိုက်ရင် မောင် မပြောတော့ပါဘူး…"

"ချစ်သူက သူစိမ်းဆန်နေတာ ကြိုက်နိုင်ပါ့မလားမောင်…"

"အဟွန်း…"

အပြုံးဖြင့်သာ သူ မေ့ကို ကြည့်နေလိုက်၏။

ပြီးမှ…

"မေ…"

"ရှင်…"

"မောင်က ဆေးရုံပေါ်မှာ ကြာကြာနေရဦးမှာ…"

"အဲဒါ ဘာဖြစ်လဲ မောင်…"



www.burmeseclassic.com

www.burmeseclassic.com



"မေ့မှာ စီးပွားရေးတစ်ဘက် ရှိသေးတယ်လေ…"

"ဘာဖြစ်လဲ၊ စီးပွားရေးလည်း လုပ်လို့ရတယ်၊ မောင့်ကို လည်း ကြည့်လို့ရတာပဲ…"

"မေ စိတ်ပင်ပမ်းနေမှာပေါ့ကွယ်…"

"အိုး··မေက ကျေနပ်နေတာ မောင့်ကို ပြုစုရလို့…"

"မေက မောင့်ကို သိစေချင်နေတာ…"

"ဘာကို သိစေချင်တာလဲ မေ…"

"မေ မောင့်ကို ဘယ်အထိချစ်တယ်ဆိုတာနဲ့ မေ ဘယ် လောက်တော်တယ်ဆိုတာကိုပေါ့ အဟင်း··ဟင်း…"

မေ ပြောရင်း သူ့စကားနှင့်သူ ရှက်ရယ် ရယ်သည်။

"သြော်··မေရယ်…"

သူ ရင်ထဲမှ ကြည်နူးစွာ ညည်းတွားဖြစ်ရသည်။

ချစ်ပြုံးလေးဖြင့် ဝင့်ကြွားစွာ မေ စကားဆက်ဆိုသည်။

"မောင် သိပြီမဟုတ်လား၊ စီးပွားရေးတစ်ဘက်နဲ့ မောင့်





ကိုပါ မေ ပြုစုနိုင်တာလေ…"

"မေရယ်…"

မေ့ လက်ကလေးကိုင်ကာ သူ အပြုံးဖြင့် ခေါင်းညိတ်ဆို ရ၏။

"မောင်…"

"ဟင်…"

"မောင် စိတ်မပူနဲ့၊ အားလည်းမငယ်နဲ့ မေ ရှိတယ်…"

"ဘယ်လိုပဲဖြစ်ဖြစ် မောင့်အနားမှာ မေ ထာဝရရှိမယ်…"

"မေ မောင့်ကို ချစ်တယ်၊ သိပ်ချစ်တယ် မောင်…"

"မောင် ဒီလိုဖြစ်တော့ မေက မေ့အတွက် အခွင့်အရေးရတယ် လို့တောင် ထင်တာ…"

"မေ မောင့်ကို ပြုစုရတယ်လေ၊ မေက မောင့်ကို ပြုစုချင်တာ သိလား…"

"အဟွန်း··မေရယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ပြုံးတာက တစ်မျိုးပဲ မယုံသလိုနဲ့…"

"ယုံလွန်းလို့ပါကွယ်…"

"တကယ်ယုံတာပါနော်…"

"တကယ်ပါအချစ်ရယ်၊ ဒါပေမယ့်…"

"ဘာ ဒါပေမယ့်လဲ မောင်…"

"မောင် ပြောချင်တာက…"

"အင်း..ပြော…"

"မောင်က ဆေးရုံပေါ်မှာ ကြာဦးမှာ…"

"အဲဒါ ဘာဖြစ်လဲ…"

"မောင် ပြောတာပဲ ဆုံးအောင်နားထောင်ပါဦးလေ…"

"အင်း..ပြော…"

"ဆေးရုံကဆင်းသည့်တိုင် မောင်က ဒုက္ခိတဘဝကြီးနဲ့ နေရဦးမှာ…"

"အဲဒါကော ဘာဖြစ်လဲမောင်…"





"ဟင်း…"

အချစ်ဖြင့်သာ ပြည့်လျှံနေသည့် မေ၏ မျက်နှာလေးကြောင့် သူ သက်မမောသာ ချဖြစ်ရ၏။

"မေ..မောင် အလေးအနက် ပြောနေတာပါ အချစ်ရယ်…"

သူဆိုတော့ မေ သူ့ကို ခပ်စိုက်စိုက်လေး ကြည့်လာသည်။

မေ့ အကြည့်သည် အချစ်၏စွမ်းအားတို့ဖြင့် ကြည်လင်လန်း လန်း ပြည့်ဝလေးနက်နေသည်။

မှန်သည်။

မေ၏ နှလုံးသားသည် ဘယ်တုန်းကမှ သံသယ မရှိခဲ့ ပါလေ။

ထာဝစဉ် မေ့ အချစ်သည် ဖြူစင်လေးနက်ခဲ့သည် မဟုတ်ပါ တကား။

"မောင်..မောင်နဲ့ မေဟာ ဘယ်တုန်းကများ တစ်ဦးပေါ် တစ်ဦး မလေးနက်တာ ရှိဘူးလဲဟင်…"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မောင် ဘာကိုဆိုလိုချင်တာလဲ..."

သူ့ကိုကြည့်ကာ မေ ဆိုသည်။

ထိုအခါ သူသည် စကားဆိုရန် ဆွံ့အသွားရ၏။

ကြည်လင်နေသော မေ့ မျက်နှာလေးကို ဝေမဝါးသွားစေချင်။

မေ့ စိတ်ကို အနှောက်အယှက်မပေးချင်တော့။

သူ မေ့မျက်နှာလေးကို ကြည့်လိုက်သည်။

"အပျွန်း..."

ပြီးတော့ ပေါ့ပါးသော အပြုံးချောချောကို ပြုံးဖြစ်၏။

"ကဲ..မေ၊ မောင် ကြက်စွပ်ပြုတ်ရေ နောက်တစ်ခွက်သောက်ဦးမယ်..."

"တကယ်..."

သူပြောတော့ မေပျော်သွား၏။

ဂရုတစိုက် မေ သူ့ကို ကျွေးမွေးပြုစုသည်။

ဒီနေ့အဖို့ ကြက်စွပ်ပြုတ်ရည် နှစ်ခွက်ကုန်သွား၏။





"မောင် ရေနွေးကြမ်းလေး နည်းနည်းသောက်ပြီးရင် ကျွဲကောသီးလေး စားနော်..."

"စိတ်ချ..အကုန်စားမယ်၊ ဒီနေ့ မေ ဒီနေ့အလုပ်မသွားရဘူးလား..."

"မနက်ကတည်းက စီစဉ်ခဲ့တယ် မောင်၊ ကားတွေက သူ့ရှိုင်ဘာနဲ့သူချည်းပဲ..."

"ကိုမြတ်သူ ဟိုတယ်မှာလည်း ကားငါးစီး ထိုးပေးထားပြီးပြီ..."

"အဲဒီ ကိုမြတ်သူဆိုတာလည်း လုပ်ငန်းကြီးရှင် ပီသတယ်"

"တော်တော် မွန်ရည်တယ်၊ စကားပြောလို့ဆိုလို့ တော်တော်ကောင်းတယ်..."

မေ ပြောသမျှ သူ နားထောင်သည်။

မေသည် သူမ၏ စီးပွားလုပ်ငန်းများနှင့် ပတ်သက်၍ ယခင်ကတည်းက သူ့အား ပြောဆိုပြနေကျပါ။



www.burmeseclassic.com

www.burmeseclassic.com



"သြော်..ဒါနဲ့ မောင်..."

"ပြော..မေ..."

"မောင် ဆေးရုံက ဆင်းတဲ့အခါ မောင်ထိုင်ဖို့ မောင့်အတွက် ဝှီးချဲကို မေ စပယ်ရှယ် မှာထားတယ်..."

"မောင်က ဆေးရုံပေါ်မှာ ကြာဦးမှာ..."

"တစ်လ တစ်လဆိုတာ ခဏလေးပါ မောင်ရယ်၊ ခုပဲ ကြည့်လေ တစ်လပြည့်သွားပြီ..."

"ဆေးရုံပေါ်မှာ နေတယ်ဆိုတာကလည်း လေ့ကျင့်မှုအတွက် အသားကျအောင် နေရတာပဲဟာ..."

"မောင် ဆေးရုံကဆင်းတဲ့အခါ မေကိုယ်တိုင် ဆေးတိုက်မယ်..."

"ပြီးတော့ မေကိုယ်တိုင် အချိန်မှန် မောင့်အတွက် လေ့ကျင့်ခန်း လုပ်ပေးမယ်..."

"ဆရာဝန်က ပြောတယ်လေ၊ အချိန်နဲ့အမျှ ဂရုစိုက်မှုပေါ်





မူတည်ပြီး မောင့်ခြေထောက်တွေ မြန်လင့်ချက်ရှိပါတယ်လို့..."

"အဟွန်း..မေက မောင် စိတ်ဓာတ်ကျတယ် ထင်နေလား"

"ထင်လို့တော့ မဟုတ်ပါဘူး မောင်၊ မောင့်စိတ်ကို နားလည်ဆုံးပါ..."

"ပြီးတော့ ပြောရရင် မောင့်ရဲ့ အဲဒီစိတ်ဓာတ်ကိုပဲ မေ အထင်ကြီးနေရတာပါ..."

"အဟွန်း..အလည်မလေး..."

"တမင် အားပေးနှစ်သိမ့်တယ်များ မှတ်နေလို့လား မောင်"

"နို့..မဟုတ်လို့လား မေ..."

"အဲဒီသဘောသက်ရောက်မှုက နည်းနည်းမျှပါ မောင်ရဲ့"

"အဟွန်း..အဟွန်း..."

"အဟင်း..အဟင်း..."

ချစ်သူနှစ်ဦး ရယ်မောလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပေါ့ပါး ချမ်းမြေ့၏။

"မေ..."

"ရှင်..."

"မေမေတို့ နေကောင်းတယ်နော်..."

"ကောင်းလိုက်တာမှ မေက မေမေတို့ကို တစ်ပတ်မှာ နှစ်ရက်ပဲ လာကြည့်စေတာ..."

"လူကြီးတွေဆိုတော့ ပင်ပန်းမှာ စိုးလို့လေ..."

"ပြီးတော့ ဘာမှအရေးလည်း ကြီးတာမှ မဟုတ်တာ..."

"မေမေတို့ကတော့ ထုံးစံအတိုင်း တတွဲတွဲပဲ မောင်ရေ..."

"သူတို့လည်း တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုလို့ နှစ်ယောက်ပဲ ရှိတာမဟုတ်လား..."

"အင်း..မေမေတို့ နေကောင်းကြတယ်၊ စိတ်ချမ်းသာကြတယ်ဆိုရင် ပြီးတာပါပဲ..."





"သဘက်ခါတနင်္ဂနွေလေ၊ မေမေတို့ မောင့်ဆီ လာကြည့်ကြမယ်..."

"ဘယ်အချိန်လာမလဲ မေ..."

"နေမပူခင် မနက်ပိုင်းပဲ လာကြည့်ကြမယ်လေ..."

"မေမေတို့ပြန်မှ မောင့်ကို ထမင်းကျွေးချိန် မေ လာခဲ့မယ်"

"မေ..."

"ရှင်..."

"မောင့်ကြောင့် မေ့စီးပွားရေးတွေလည်း ထိခိုက်နေပါ့မယ် မှယ်..."

"ဘယ်လို ပြောလိုက်တာလဲ မောင်ရယ်၊ မေ့အတွက် မောင် သာ ဦးစားပေးပါ..."

"စီးပွားရေးက လူမသေသေးသ၍ လုပ်လို့ရတယ်၊ လုပ်သွား ရမှာပဲ မဟုတ်လား မောင်..."



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်အတွက် အဓိက,က ကျန်းမာရေးနဲ့ စိတ်ချမ်းသာရေးပါ…"

"လက်ရှိက မေ ကျန်းမာနေတယ်၊ မောင့်ကို ဂရုစိုက် ပြုစုရလို့ မေ စိတ်ချမ်းသာတယ်…"

"အဲဒီအတွက် စီးပွားရေးလည်း မေ လုပ်ရတာ အဆင်ပြေတယ်…"

"ကဲပါ မေရယ်၊ မောင် တောင်းပန်ပါတယ်…"

"မောင်…"

"ဟင်…"

"မောင်··မေ့ကို တကယ်ချစ်ရဲ့လားဟင်…"

မေ့ စကားအတွက် သူမေ့ကို ငေးကြည့်မိရသည်။

"ပြောလေ မောင်…"

"ဘယ်လိုပြောလိုက်တာလဲ အချစ်ရယ်…"





"ဒါဖြင့် နောက်ဆို မေ့ကို စိမ်းကားတဲ့စကားမျိုး မပြောပါနဲ့နော် မောင်…"

သူ ခေါင်းညိတ်ပြသည်။

မေသည် ကျွဲကောသီး ပုဂံလေးကို ဘီဒိုပေါ်တင်လိုက်ပြီး လက်သုပ်ပုဝါလေးဖြင့် မောင့် နှုတ်ခမ်းနှင့် လက်ဆီ သုပ်ပေးသည်။

ပြီးတော့ မေသည် သူ့လက်ကို ဆုပ်ကိုင်ကာ သူမပါးနားတွင် ကပ်ထား၏။

"မေရယ်…"

ချစ်ခြင်းများစွာဖြင့် သူ့ရင်ထဲမှ ညည်းတွား၏။

လက်ရှိအခြေအနေမှာ သူသည် အိပ်ယာထက် ပက်လက်သာ ရှိသေးသည်။

သူ့အပေါ်သိပ်ချစ်တတ်လွန်းသည့် ချစ်သူလေးအား သူ မချင့်မရဲရှိလွန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူ မတတ်နိုင်။

သူ့ဘဝ၏ ကြမ္မာငင်ကံခေမှု အတိုင်းအတာကိုလည်း သူ မသိနိုင်။ သို့တိုင် သူ့တွင် အရာရာအတွက် ပြင်ဆင်မှုတော့ ရှိနှင့်ပါပြီ မှန်သည်။

သူသည် စိတ်ရောကိုယ်ပါ အရာရာ ပြင်ဆင်မှုရှိနှင့်ပြီးသား ပါတည်း။ ။





- ခုနစ် -

ညကတည်းက စိတ်ထဲ မကြည်လင်။

မြင်ကွင်းတွေကလည်း ပျောက်ပျက်၍ မသွား။

ယခုတိုင်ပင် မြင်ယောင်၍နေသည်။

မြင်ကွင်းပျောက်ရန် တမင်ကြိုးစား ဖျောက်ဖျက်သော်လည်း မရ။

မြင်တွေ့ရသည့် မြင်ကွင်းကြောင့် စိတ်ထဲမကောင်း။

မိမိစိုးရိမ်စိတ်နှင့် စိတ်ကူးယဉ်ပြီး မြင်နေသည်ဟုပင် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း စိတ်တစ်ပိုင်းက မိမိစိတ်ကို ပြင်ဆင် ဖြေသိမ့်ပေးနေဖြစ်ပြန်သည်။

"ဟင်း…"

ရင်နာစွာ သက်မချမိသည်။

မျက်ဝန်းထဲတွင်က လှုပ်ရှားမှုတွေသည် အထင်ကရရှိဆဲ။

မေသည် သူ့ကိုဖက်၍ ငိုသည်။

မေ့နှုတ်မှ တဖွဖွလည်း သူ့ကို ချစ်သည်ဟု ဆိုသည်။ ပြီးတော့ မေ သူ့ကို တောင်းပန်သည်။

မေ့အသွင်နှင့် မေ့စကားများသည် သူ့အပေါ် သစ္စာမြဲလျက် မပစ်ခွာနိုင်သည်မှာ အမှန်ဟု သူ ယုံကြည်၏။

ငိုရလွန်း၍ မေ့မျက်ဝန်းအစုံသည် ဖူးရောင်၍ပင် နေသည်။

မေသည် သူ့လက်ကို မြဲမြဲဆုပ်ကိုင်ထားသည်။

သူ့နဖူးနှင့် သူ့ဆံပင်ဖုံဖုံတွေဆီ မေ မျက်နှာလေးအပ်ပြီး နမ်းသည်။





မေ ရှိုက်ငိုသည်။

မည်သို့မျှ မေ့အချစ်သည် မပျက်ပြယ်နိုင်ကြောင်း မေ ဆိုသည်။

ကြိမ်ခါမရေတွက်နိုင်အောင် မေ တောင်းပန်သည်။

ခွင့်လွှတ်ရန်လည်း မေ ဆိုသည်။

မေ သူ့ကို ဖက်၍ငိုသည်မှာ ရှပ်ပျက်ဆင်းပျက် အကဲပိုပို ပြာလူး၍ဖြင့်မနေ။

မေသည် ဣန္ဒြေရခြင်း၊ လေးနက်ခြင်း၊ တည်ငြိမ်ခြင်းတို့ဖြင့် သူ့ကိုဖက်ကာ မျက်ရည်တွေစီးကျနေခြင်းပါ။

ပြီးတော့ မေ့မျက်ဝန်းနှင့် မေ့နှုတ်ခမ်းမှ တိုင်တည်စကားလေးတွေ ဆိုသည်။

မေ့မျက်ဝန်းလေးများသည် လေးနက်သည်။

မေ့စကားလုံးလေးများသည်လည်း နက်ရှိုင်းသည်။

သူသည် မေ့ကို ယုံကြည်၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ သူ မေ့ကို ယုံကြည်သည်။

မျက်ဝန်းထဲ၌ သတို့သမီးဝတ်စုံနှင့် ချစ်သက်လျာ မေ့ကို မြင်တွေ့နေရပါလျက် မေ့ကို ယုံကြည်၏။

မေ မင်္ဂလာဆောင်နေသည်ကို သူ မြင်တွေ့ရသည်။

သတို့သားသည်က သူ မဟုတ်။

သတို့သမီးလေး မေ၏ မျက်နှာဖူးဖူးနုနုလှလှလေးသည်က ဖြင့် မကောင်း။

မင်္ဂလာဆောင်နေရသည့်တိုင် မေ့မျက်နှာလေးသည် ချွေးလျှ ညှိုးလျော်နေလေ၏။

သို့သော်လည်း မေ့မျက်နှာလေးသည် ဣန္ဒြေလေးဖြင့် တည် ငြိမ်နေလေသည်ပါ။

"ဟင်း..."

သက်မမောကြီးအား မောပမ်းစွာ ချမိပြန်သည်။ ခေါင်းကို ယမ်းမိသည်။





မြင်ကွင်းသည်က မပျက်။

"မေရယ်..."

ရင်နင့်ခြင်းသည် သူ နှုတ်မှပင် ပွင့်အန်ထွက်လာရသည်။

သူ့မျက်ဝန်းအစုံသည် နီရဲလျက် စိုစေချင်လာရသည်။

မေရယ်..တကယ်ဖြစ်ခဲ့ရင်လည်း မောင် ခွင့်လွှတ်တယ်...

မောင် မယုံချင်ပေမယ့်လည်း ဒီမြင်ကွင်းက ဖြစ်လာလိမ့်မယ် ဆိုတာ မောင် ယုံကြည်တယ်...

မေရယ်..မေ့ကို မောင် နားလည်ပေးရမှာပေါ့ အချစ်ရယ်..

အင်မတန်မှ တက်ကြွလန်းဆန်းပြီး လှပနေတဲ့ မေ့ဘဝကို မောင့်ရဲ့ဒုက္ခိတဘဝထဲမှာ မနစ်မွန်းသွားစေရဘူး...

ဒါပေမယ့် ချစ်လွန်းတဲ့မောင့်ရဲ့ ချစ်စေတနာပါ မေ...

မောင့်ဘဝထဲ မေ ဝင်လာရင် မောင် တစ်ကိုယ်ကောင်းဆန်ရာ ကျသွားမှာပေါ့...

ပြီးတော့ ရေရှည်မှာခြောက်သွေ့တဲ့ ဘဝမျိုးကို မေ လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ပါဘူး…

တောင်ပံလှလှနဲ့ ပျံသန်းနိုင်နေတဲ့ ခွန်အားရှိတဲ့ မေ့တောင်ပံ တွေကို မောင် မဖျက်ဆီးဘူး မေ…

မောင့်ဘဝထဲမှာ မေ မနစ်မွန်းစေရဘူး…

တကယ်ပဲ မေ လက်ထပ်ပါ…

မေ လက်ထပ်ရလိမ့်မယ်…

မှန်မမှန်တော့ မသိဘူးကွယ်၊ မောင် ဒုက္ခိတမဖြစ်ခင် အချိန် တွေမှာ ဖြစ်လာဖို့ မြင်ကွင်းတွေက အလိုလို မောင့်မျက်လုံးထဲ ရောက် လာကြတယ်…။

အဲဒီနောက်တော့ မကြာခင်ပဲ မောင် ဒုက္ခိတဖြစ်လာရတယ်၊ ကြိုသိတဲ့ နိမိတ်ပါဝါမျိုးတစ်ခုဆိုရင် အခု မောင် မြင်တွေ့နေရ မြင် ကွင်းဟာ…

မကြာခင် တစ်နေ့ အမှန်ပဲ ဖြစ်လာလိမ့်မယ် မေရယ်…

ဒါပေမယ့် မောင့်ကိုယ်မောင်တော့ အတတ်မပြောရဲသေး





ပါဘူး၊ သူတပါး သိအောင်လည်း မောင် မပြောပြရဲပါဘူး…။

မောင့်ကိုယ်မှာ ဖြစ်နေတဲ့ အဖြစ်ကို မောင့်ဟာမောင် သိမ်း ထားပြီး အချိန်ကိုပဲ စောင့်ကြည့်နေရမယ်…

မေရေ‥မောင့်တစ်သက်မှာ မင်းကိုသာ အချစ်ဆုံးပါ၊ မင်း လေးသာ မောင့်အသည်းအိမ်မှာ ရှိထားပြီးသား…

မင်းအပြင် ဘယ်သူမှ မောင့်အသည်းတံခါးကို ဖွင့်လို့ မရ တော့ဘူး…

အချစ်ရယ်‥မင်းကို မောင် နားလည်တယ်၊ မင်းကို မောင် ယုံတယ်…

အပြစ်မရှိတဲ့ ချစ်သူကို ခွင့်လွှတ်တယ်…

မောင့်အသည်းတံခါးကိုတော့ မောင့်အနေအထားကို သိလိုက် ချိန်ကတည်းကပဲ ပိတ်ထားလိုက်ပါပြီ…

ဘာပဲဖြစ်ဖြစ် ထာဝရ မောင့်အသည်းထဲမှာ မင်းတစ်ယောက် တော့ ရှိနေမှာပဲ…



www.burmeseclassic.com

www.burmeseclassic.com



မောင့်ရဲ့ အသည်းအိမ်ထဲမှာ မင်းတစ်ယောက်သာ တံခါးပိတ်ထားလိုက်ပြီ…

ဒါပေမယ့် မောင့်အသည်းအိမ်ထဲမှာ မင်းလေးရှိနေတယ် ဆိုတာကိုလည်း မင်း မသိစေရတော့ဘူး မေ…

အချစ်ရယ်‥ရှေ့လျှောက်တော့ မင်းနဲ့မောင်ဟာ မောင်နဲ့နှမအချစ်…

ပြီးတော့ အကောင်းဆုံး ချစ်သူငယ်ချင်းတွေပေါ့ကွယ်…။

ဖြူစင်ပြီး သိမ်မွေ့နက်နဲတဲ့အချစ်၊ တည်ကြည်ပြီး မွန်မြတ်တဲ့အချစ်တွေနဲ့ မောင်တို့လက်တွဲသွားကြမယ်နော်…

ထာဝရ‥ထာဝရ‥တို့တွေ လက်တွဲမဖြုတ်စတမ်းနော်…။

ရင်ဝယ် တလှိုက်တလှဲကြီး သူ ဆိုနေဖြစ်သည်။

ရင်ထဲမတော့ အဘယ်ပုံ ကောင်းနိုင်ပါ့။

သို့တိုင်…

နားလည်သော လူတစ်ယောက်အဖို့ လောကအား ရင်ဆိုင်





နိုင်စွမ်းအား ရှိရပေမည် မဟုတ်ပါတကား။

အတွေးကို ဖြတ်တောက်ကာ စိတ်ကို တစ်ခြားတွေဆီ ရောက်ရန် ကြိုးစားသည်။

မည်သို့ပင် ကြိုးစား၊ စိတ်ကမြင်၍ မျက်လုံးက မြင်နေသည်လား မဆိုနိုင်။

မျက်လုံးထဲ၌ ချစ်သူ မေတစ်ယောက်၏ မင်္ဂလာဆောင်ပွဲကိုသာ မြင်တွေ့နေရချေ၏။

"ဆရာ…"

"ဩော်‥ဟုတ်ကဲ့…"

နေ့စဉ် သွေးပေါင်ချိန်တိုင်းပေးသည်။ ဆရာမလေး ရောက်လာသည်တွင် ဆရာမလေးထံ ကြည့်ပြီး သူ ဆိုသည်။

ဆရာမလေးထံ ကြည့်ရင်းကပင်လည်း ထူးဆန်းသော မြင်ကွင်းသည် သူ့မျက်ဝန်းထဲတည်ဆဲရှိ၏။

"သွေးပေါင်ချိန်တိုင်းရအောင်နော် ဆရာ…"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းပါ ဆရာမ…"

"ဆရာလည်း ဆေးရုံမှာ ကြာပြီဆိုတော့ ငြီးငွေ့နေမှာပဲနော်" သွေးပေါင်ချိန်တိုင်းရင်း ဆရာမလေး ဆိုသည်။

"အပျွန်း‥ဘယ်တတ်နိုင်မလဲ ဆရာမရယ်၊ ရောဂါဖြစ်လာမှတော့ ဆရာဝန်တွေနားနေတာ အကောင်းဆုံးပေါ့…"

"ဟုတ်တာပေါ့ ဆရာရယ်၊ ကိုယ့်ကိုယ်ကို စိတ်လျှော့ပြီး အခြေအနေကို နားလည်တတ်ရမှာပေါ့…"

"ခုဆို ဆရာ့အခြေအနေလည်း တော်တော်ကောင်းလာတာပဲ၊ အတွင်းရောဂါ အကြီးအကျယ်လည်းမရှိပါဘူး…"

"အပြင်က ဒဏ်ရာတွေလည်း ပျောက်နေပြီပဲ၊ အာရုံကြောနဲ့ဆိုင်တဲ့အပိုင်းကတော့ တဖြည်းဖြည်းမှပဲ ရမယ် ဆရာ…"

"ကျွန်တော် နားလည်ပါတယ် ဆရာမ၊ ဆရာဝန်တွေက ကျွန်တော့်ကို အားလုံးရှင်းပြထားပါတယ်…"

-စကားတွေပြောရင်း အဖျားသွေးရှိမရှိ တိုင်းသည်။





"ဆရာ့ဌာနက လူတွေလည်း ဆရာ့ဆီ မကြာမကြာ လာကြည့်ကြတယ်နော်…"

"သူတို့လည်း တော်တော်စိတ်မကောင်း ဖြစ်ကြတယ်၊ ဆရာက သိပ်တော်ပြီး ထက်မြက်တဲ့ အရာရှိတစ်ယောက်လို့ သူတို့တွေက [illegible] ပြောကြတယ်…"

"နှမျောဖို့ကောင်းလိုက်တာဆိုတာလည်း ပြောမဆုံးဘူး"

"မတော်တဆ ထိခိုက်ဒဏ်ရာရမှုကြောင့် ဝန်ထမ်းကောင်းတစ်ယောက် ဆုံးရှုံးရတာ သိပ်နှမျောစရာကောင်းတာတော့ တကယ်ပါပဲ ဆရာ…"

"ကျွန်မတို့လည်း ဆရာ့အကြောင်းသိရတော့ အားလုံးက စိတ်မကောင်းကြပါဘူး…"

"ဘယ်တတ်နိုင်မလဲ ဆရာမရယ်၊ ဒါလည်း ကံတရားပဲလေ…"

"ဆရာ စိတ်ခံတတ်ကြံ့ခိုင်မှုရှိတာကိုတော့ လေးစားပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ…"

"အပျွန်း…"

ဆရာမစကားအတွက် သူ မချိပြုံး ပြုံးဖြစ်ရသည်။

"ဆရာ့မိခင်နဲ့ အဒေါ်ကတော့ တစ်ပတ်နှစ်ခါ မှန်မှန်လာကြတယ်နော်…"

"အင်း…"

သူ ထိုမျှသာ ဆိုသည်။

မေ့အကြောင်းကိုပါ ဆရာမလေး စပ်စုချင်ဟန် တူသည်။

သို့သော်လည်း ဆရာမလေးမှာ မေနှင့်ပတ်သက်၍ စကားဆိုရန် ခက်ပုံဖြင့် မဆိုတော့။

သူ့အတွက် သန့်ရှင်းရေးတွေသာ လုပ်ပေးပြီး သူ့ကို နှုတ်ဆက် ထွက်သွားလိုက်လေ၏။

"ဟင်း…"

သူသည်လည်း တစ်ကိုယ်တည်း သက်မမောကို ချလိုက်





ဖြစ်သည်။

မကြာခင် မေသည် သူ့ကို ထမင်းကျွေးရန် ရောက်လာတော့မည် မဟုတ်ပါလား။

ချစ်သော ချစ်သူ မေသည် စီးပွားရေးတစ်ဘက်နှင့် သူဆေးရုံတက်သည့်နေ့ကတည်းမှ သူ့ထံ လာရောက်ပြုစုနေသည်မှာ ယနေ့တိုင် မပျက်မကွက်ပင် မဟုတ်ပါတကား။ ။



www.burmeseclassic.com

www.burmeseclassic.com



- ရှစ် -

တစ်လတစ်ကြိမ် ရွှေကျွန်းဟိုတယ်မှ ယူထားသည့် မိမိကားများအား ကြည့်ရှုစစ်ဆေးပြင်ဆင်ပေးရသည်မို့ . . .

မေလွင်သင်းသည် ချစ်သောမောင့်ထံ နောက်ကျမည်စိုး၍ ရွှေကျွန်းဟိုတယ်သို့ စောစောရောက်ခဲ့၏။

မိမိကုမ္ပဏီနှင့် အလုပ်တူတွဲလုပ်သည့် ကားဝပ်ရှော့ဆရာတစ်ဦးနှင့်အတူ မေလွင်သင်းသည် ကားတစ်စီး၏ အင်ဂျင်ဆီ ကြည့်နေဆဲ . . .

ရွှေကျွန်းဟိုတယ်၏ ပိုင်ရှင် သူဌေးဖြစ်သူ ကိုမြတ်သူသည်





လည်း မိမိဟိုတယ်မှ မန်နေဂျာအကြီးဆုံးမှအစ သန့်ရှင်းရေး အလုပ်သမားအဆုံး တစ်နေ့တစ်ကြိမ် ကြည့်ရှုစကားပြောရန် ရောက်လာခဲ့၏။

ကိုမြတ်သူသည် ကားကို ကိုယ်တိုင်ပင် မောင်းခဲ့သည်။

မိမိပိုင်စီးပွားရေး၊ သူဌေးဟူ၍ ပါဝါတွေ ဆိုက်တွေ ထုတ်၍မနေ။

စည်းကမ်းသည် လူ၏တန်ဖိုး စကားအား ကိုမြတ်သူ အနှစ်သက်ဆုံးမို့ . . .

ကိုမြတ်သူသည် မိမိကားလေးကိုလည်း ကားများရပ်သည့်နေရာတွင်ပင် စနစ်တကျ သွားရောက်ရပ်၏။

ကိုမြတ်သူသည် ကားများထားရာနေရာသို့ ကားကို မောင်းနှင်လာဆဲ . . .

လန်ခရူဆာကားတစ်စီးကို ကြည့်နေသည့် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်အား တွေ့လိုက်ရ၍ . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်သူသည် စိတ်တွင်းအတွေးတစ်ခု ဖျတ်ခနဲ ဝင်ရောက်ကာ…

အကြီးစား စိတ်ဝင်စားမှုကြီးတစ်ခု ကိုမြတ်သူရင်ထဲ ဖြစ်ပေါ်သွားလိုက်ရလေ၏။

အင်း‥ဒါ မေလွင်သင်း ကားရောင်းဝယ်ရေးနဲ့ ငှားရမ်းတဲ့ ကားကုမ္ပဏီကပဲ ဖြစ်မယ်…

ခုနက အမျိုးသမီးလေးဟာ မေလွင်သင်းကိုယ်တိုင် ဖြစ်မလားဘဲ…

မန်နေဂျာပြောထားတဲ့စကားရှိတယ်၊ မေလွင်သင်းက ကိုယ်တိုင် သူ့ကားတွေကို လာ လာကြည့်တာတဲ့…

ဆိုတော့ ခုနက အမျိုးသမီးလေးဟာ၊ မေလွင်သင်း ဖြစ်နိုင်တယ်…

မျက်နှာလေးကိုတောင် မမြင်ရဘဲနဲ့ သူမရဲ့ ခန္ဓာကျော့ရှင်းပုံကိုက ဆွဲဆောင်မှု အားကြီးနေပြီ…





ပြီးတော့ ဖုန်းထဲမှာ ကြားထားရတဲ့ မေလွင်သင်းရဲ့ အသံလေး၊ အဲဒီအသံလေးကို ဒီကနေ့အထိ ငါ အမှတ်ရနေတယ်…

တကယ့် မိန်းမပီသပြီး ဆွဲဆောင်မှုရှိတဲ့ အသံလေး…

ငါ့ကို အမှတ်ရစေတဲ့ အသံ၊ ငါ့စိတ်ကိုတောင် တစ်မျိုးဖြစ်သွားစေတဲ့ အသံ…

အခု အဆင်ပြေတုန်း ငါ သွားပြီး စကားပြောကြည့်မယ်…

မေလွင်သင်း ဟုတ်မဟုတ်နဲ့ ဆက်ဆံရေးနဲ့ မျက်နှာလေးကို အနီးကပ် ကြည့်ပြီး အကဲခတ်ရမယ်…။

အတွေးအဆုံး၌ ကိုမြတ်သူသည် ကားပက်ကင်တစ်ခုတွင် ကားလေးကို စနစ်ကျသေသပ်စွာ ရပ်လိုက်၏။

ပြီးတော့ သူ ကားပေါ်မှ ဆင်းခဲ့သည်။

ထို့နောက် သူ့ခြေလှမ်းတို့သည် စိတ်ဝင်စားစွာ ကားတစ်စီးထဲ ကြည့်နေသည့် အမျိုးသမီးထံသို့ ဦးတည်လှမ်းခဲ့၏။

"ဟင်‥ဩော်…"



www.burmeseclassic.com

www.burmeseclassic.com



မေလွင်သင်းသည် ကားအင်ဂျင်ဆီ ငုံ့ကြည့်နေရာမှ…

ရှင်းသန့်သော ကိုယ်နံ့တစ်ခုနှင့် ရွှေလျားမှုတစ်စုံတစ်ရာ လိုလို သတိထားမိလိုက်၍…

ဖျတ်ခနဲ ခေါင်းထောင်အကြည့်၌ တည်ငြိမ်၍ ခန့်ညားချော မွေ့သော အမျိုးသားတစ်ဦးအား မိမိအနီးအနား၌ တွေ့လိုက်ရသည် တွင်…

အနည်းငယ်မျှ အံ့သြမှုနှင့် ထိုအမျိုးသားအား မယဉ်မရိုင်းလေး အသိအမှတ်ပြုလိုက်ရလေ၏။

ကိုမြတ်သူသည်လည်း အေးဆေးသော ဣန္ဒြေပြုံးဖြင့် အသိ အမှတ်ပြုဖြစ်ရင်းက…

တော်တော်လှပတဲ့ အမျိုးသမီးလေးပဲ၊ မျက်နှာလေးက ကြည်စင်ဝင်းပနေတယ်…

ပြီးတော့ ကြည့်ရတာ အင်မတန် လျှင်ပါးပြီး တိကျ ထက် မြက်တဲ့ သဏ္ဌာန်ရှိတယ်…။





ကိုမြတ်သူစိတ်တွင် မှတ်ချက်ချဖြစ်ရလေ၏။

ကိုမြတ်သူသည် မှတ်ချက်ဖြင့် ကားအနီးလျှောက်ကာ ကား အင်ဂျင်ဆီ တစ်ချက်ငုံ့ကြည့်ရင်း…

"ဒီကားက မေလွင်သင်း ကုမ္ပဏီက ကားတွေ ထင်ပါ တယ်…"

ဒီလို လေယူလေသိမ်း စကားပြောပုံမျိုးနှင့် စကားသံအား မေလွင်သင်းသည် ချက်ချင်းမှတ်မိလိုက်သည်။

သည့်အတွက် မေလွင်သင်းသည် အံ့သြသော်လည်း အံ့သြ ခြင်းမပြ။

ဝမ်းသာလှိုက်လှဲသော မျက်ဝန်းမျက်နှာလေးဖြင့်…

"ဟုတ်ပါတယ် ကျွန်မ မေလွင်သင်းရဲ့ကုမ္ပဏီကပါရှင်၊ ဒါနဲ့ ဒီက လူကြီးမင်းကလည်း ဦးမြတ်သူပါပဲလားရှင်…"

ထိုမျှ ထက်မြက်သည့် အမျိုးသမီးချောအား ကိုမြတ်သူသည် လည်း လက်ဖျားခါဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်တော် ကိုမြတ်သူပါ၊ ခင်ဗျားတကယ် မှတ်ဉာဏ်ကောင်းတယ်ဗျာ…"

"အဟင်း..ဒါကတော့ ကိုမြတ်သူရယ်၊ စီးပွားရေးလုပ်နေသူ တစ်ယောက်အတွက် မှတ်ဉာဏ်က အရေးအကြီးဆုံးမဟုတ်လား…"

"အဟွန်း..ဟုတ်တာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားက ပိုပြီး ထက်မြက်တဲ့သူ ကျွန်တော်ထင်တယ်…"

"ချီးမွမ်းတာ ကျေးဇူးတင်ပါတယ်ရှင်…"

"ကျွန်တော် ချီးမွမ်းတာ မဟုတ်ပါဘူး၊ အမှန်ကို ပြောတာ ပါ…"

"ဒါနဲ့ မေလွင်သင်းက ကိုယ်တိုင်ပဲ ကုမ္ပဏီကို ဦးစီးလုပ်ကိုင် တာပေါ့နော်…"

"ဟုတ်ပါတယ်၊ ကျွန်မကိုယ်တိုင်လည်း ဝါသနာပါတယ်"

"မေလွင်သင်းမှာ မိသားစုရှိလား…"

"ရှင်..မိသားစု…"





ဆိုလိုရင်းကို နားမလည်၍ မေလွင်သင်း ဆိုမေး,မေးမိသည်။

"အဟွန်း…"

မိမိထံ ကြည့်လာသည့် မေလွင်သင်း၏ မျက်ဝန်းသဘော အား နားလည်၍ ကိုမြတ်သူသည် တစ်ချက်ပြုံးဖြစ်ရင်း…

"ကျွန်တော်ဆိုလိုတာက အိမ်ထောင်မိသားစုပဲဖြစ်ဖြစ်၊ မိဘနဲ့ နေတဲ့မိသားစုပဲဖြစ်ဖြစ် ပြောတာပါ…"

"ဪ..ဟုတ်ကဲ့၊ ကျွန်မ အခု လောလောဆယ်တော့ မေမေနဲ့ပဲနေတာပါရှင်…"

"ကျွန်တော် ခုလို မေလွင်သင်းလို အမျိုးသမီးတစ်ဦးနဲ့ တွေ့ရ တာ ဝမ်းသာဂုဏ်ယူပါတယ်…"

"မဟုတ်တာရှင်၊ ကျွန်မက ပမွှားလေးပါ၊ ကျွန်မကသာ ဦးမြတ်သူလို ဟိုတယ်ပိုင်ရှင်၊ လုပ်ငန်းကြီးရှင်တစ်ဦးနဲ့ သိရလို့ ဂုဏ်ယူ နေတာ…"

"ကျွန်တော်တို့ခြင်းက ခံယူချက်ချင်းတူညီမလားပဲနော်…



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမျိုးကို ဆိုလိုတာလဲရှင်..."

"ဩော်..စီးပွားလုပ်ကိုင်မှုနဲ့ ပြောဆိုဆက်ဆံတဲ့ နေရာမှာလေ"

"ပြီးတော့ တွေးခေါ်မှုအပိုင်းတွေလည်း တော်တော်များများ တူမယ်လို့ထင်ပါတယ်..."

"အဟင်း..ဦးမြတ်သူရယ်၊ ကျွန်မကို ဒီလောက်အထိတော့ အများကြီး အမှတ်တွေမပေးပါနဲ့ရှင်..."

"ကျွန်မကတော့ သာမန်မျှပါပဲ၊ လုပ်ငန်းကတော့ လုပ်ရင်းက ကျွမ်းကျင်မှုပါ..."

"သာမန်ထက်တော့ ပိုပါတယ်ဗျာ၊ တချို့လုပ်ငန်းလုပ်ရင်း မကျွမ်းကျင်၊ မထိန်းသိမ်း၊ မကိုင်နိုင်တာတွေ တပုံကြီးပါ..."

"အဟင်း..ဟင်း..ဒီနေ့တော့ ကျွန်မအတွက် ထူးခြားတဲ့ နေ့ပဲလား မသိဘူးရှင်..."

"ဒီနေ့မှ ကျွန်မက ဦးမြတ်သူရဲ့ အခုတ်တရ အထင်ကြီး ချီးမွမ်းမှုတွေကို ခံနေရတယ်လေ..."





ရယ်မောရင်း မေလွင်သင်း ဆိုသည်။

ထိုသို့ အရယ်မျက်နှာလေးသည် လူပျိုကြီး ကိုမြတ်သူ၏ ရင်ကို အထိဆုံး ဖြစ်ရ၏။

မှန်သည်။

စောစောက မေလွင်သင်း ပြောလိုက်သည့် စကားကိုပါပင်။

မေလွင်သင်းအတွက် သည်နေ့သည် ထူးခြားသောနေ့။

သည်နေ့မနက်မှစ၍ မေလွင်သင်းအတွက် ထူးခြားသော အကြောင်းအရာများ ဆက်၍ ဖြစ်ပေါ်လာရတော့မည် မဟုတ်ပါ တကား။

ကိုမြတ်သူသည် မေလွင်သင်းအား တည်ငြိမ်ချောမွေ့သော အပြုံးဖြင့် ကိုမြတ်သူသည် ခေါင်းတစ်ချက်ဆတ်ကာ ထွက်ခဲ့လိုက် သည်။

မေလွင်သင်း ကားရောင်းဝယ်ရေးနဲ့ ငှါးရမ်းတဲ့ကုမ္ပဏီ လိပ်စာကဒ် ငါ့မှာရှိတယ်...



www.burmeseclassic.com

www.burmeseclassic.com



အင်း…ဒီကိစ္စတွေကို မန်နေဂျာကြီးနဲ့တိုင်ပင်ပြီး အမြန်ဆုံး လုပ်ရမယ်…

မေလွင်သင်းက မိခင်နဲ့ပဲ နေတာတဲ့…

အဟွန်း…သိပ်တော်တဲ့ မိန်းမချော…

သိပ်ချောသိပ်လှပြီး ကျက်သရေရှိတဲ့ မိန်းမချော…

ဟိုတယ်တွင်းသို့ လှမ်းဝင်သွားသည့် ကိုမြတ်သူ၏ ခြေလှမ်းတိုင်း၌ ရင်ခုန်နှစ်သက်ဖွယ် ထိုသို့ အတွေးများဖြစ်ပေါ်သွားနေရကြောင်းအား…

မေလွင်သင်းကား အဘယ်မှာသိရှိနိုင်ပါမည်နည်း။

မှန်သည်။

မေလွင်သင်းစိတ်ထဲတွင်ကား…

မိမိလုပ်ရမည့် အလုပ်တွေကို မြန်မြန်နှင့် မှန်မှန်၊ စေ့စေ့စပ်စပ် လုပ်ပြီးလျှင်…

ချစ်သူမောင့်ထံ သွားရောက်ရမည့် စိတ်ကူးတွေကသာ





လွှမ်းမိုး ကြီးစိုးနေရလေသည် မဟုတ်ပါတကား။ ။



www.burmeseclassic.com

www.burmeseclassic.com



- ကိုး -

ဒေါ်ရီရီ တစ်ယောက် တွေးရင်းတောရင်းရှိနေဆဲ၊ အိမ်ရှေ့မှ ကားတစ်စီးရပ်သံကို ကြားလိုက်ရ၏။

မိမိ၏ ချစ်သမီးချောလေး မေလွှင်သင်းတစ်ယောက် မဟုတ်သည်ကိုတော့ သိသည်။

မိမိ၏သူငယ်ချင်း ဒေါ်နန်းကြာသာ ဖြစ်ကြောင်း ဒေါ်ရီရီ သိ၏။

ဒေါ်နန်းကြာကို ကြိုဆိုရန် အိမ်ရှေ့တံခါးဆီ ဒေါ်ရီရီ ထွက်ခဲ့သည်။





ထင်သည့်အတိုင်းပင် ဒေါ်နန်းကြာ ဖြစ်၏။

"ရီရေ··မနေ့က ရီ ဖုန်းဆက်တာ၊ နန်း မလာနိုင်တာ သားရဲ့ ...ည့်သည်တွေ ရောက်နေလို့လေ···"

"ဪ··ဟုတ်လား နန်း၊ သားရဲ့ ဆေးပင်စင်ကိစ္စ အတွက် ...ပါ့နော်···"

"ဟုတ်တယ် ရီ၊ သား ဌာနက အရာရှိတွေက တော်ရှာပါ ...ယ်ကွယ်···"

"သားအတွက် ရသင့်တဲ့အခွင့်အရေးတွေအားလုံး ဝိုင်းဝန်း လုပ်ပေးရှာကြတယ်လေ···"

စကားတွေဆိုရင်း အိမ်ထဲသို့ ဝင်ခဲ့ကြသည်။

"ထိုင်··နန်း၊ နန်း ထမင်းစားပြီးပြီလား···"

"စားခဲ့ပြီ ရီ၊ ခုပဲ စားပြီးလာတာ၊ ကဲ··ပြောပါဦး ရီးရဲ့၊ ...တိုင်ပင်စရာရှိလဲ···"

"ဖြည်းဖြည်းပေါ့ နန်းရယ်၊ ရီ လက်ဖက်သုတ်၊ ရေနွေးကြမ်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထန်းလျက်ခဲလေး သွားလုပ်လိုက်ဦးမယ်...”

ဆိုရင်း မီးဖိုဘက်သို့ ဒေါ်ရီရီ ဝင်သွားလိုက်သည်။

မကြာလိုက်။

ယွန်းလင်ဗန်းတစ်ချပ် မ,ကာ ဒေါ်ရီရီ ပြန်ထွက်လာသည်။

“ကဲ..ရေနွေးကြမ်းသောက်၊ လက်ဖက်သုတ်ကလေးနဲ့ ပုဇွန်ခြောက်လေးတွေက ချိုကချိုနဲ့ နန်းရေ...”

ရေနွေးကြမ်း လောင်းထည့်ပေးရင်း ဒေါ်ရီရီ ဆိုသည်။

“ကဲ..ရီက နန်းကို ဖုန်းဆက်ခေါ်ပြီး တိုင်ပင်စရာရှိတယ်ဆိုတာ ဘာလဲ ပြောပါ...”

“နန်း ပြောထားမယ်၊ နန်းကို ဘာမှ အားနာစရာမလိုဘူးနော် ရီ...”

“နန်းနဲ့ ရီနဲ့က ဟိုးတုန်းကတည်းက ညီအစ်မရင်းတွေလို နေလာတာ...”

“ဒီတော့ ရီ့ဘက်ကတိုင်ပင်စရာကိစ္စကြီးငယ် ရှိရင်လည်း





နန်းကိုပြော...”

“နန်းဘက်က တိုင်ပင်စရာကြီးငယ် ရှိရင်လည်း ရီကို ပြောမှာပါ...”

ဒေါ်နန်းကြာ စကားတွင် ဒေါ်ရီရီသည် ဒေါ်နန်းကြာထံ လက်ဖက်သုတ်ပန်းကန်ကို လှမ်းပေးရင်းက ခေါင်းညိတ်နားထောင်၏။

ဒေါ်နန်းကြာသည် လက်ဖက်လေးတစ်ဇွန်းနှစ်ဇွန်း စားပြီး လက်နွေးကြမ်းပူပူလေးလေးကို တစ်ငုံ နှစ်ငုံ မှုတ်သောက်လိုက်သည်။

ပြီးမှ...

“ရီ...”

“ဟင်...”

“ရီကြည့်ရတာ ဘယ်လိုဖြစ်နေတာလဲ၊ ပြောစရာရှိတာ ပြောပါ...”

ဒေါ်နန်းကြာ ထပ်ဆိုသည်။

ဒေါ်နန်းကြာ၏ အသွင်သည် ယခင်ကကဲ့သို့ပင် တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



အေးဆေး၍ ပွင့်လင်း၏။

ဒေါ်ရီရီသည် သူငယ်ချင်း၏ ဖြူစင် ရိုးဖြောင့်ခြင်းနှင့် ပွင့်လင်းခြင်းတို့အတွက်...

မိမိပြောရမည့် စကားအား ပြောရခက်နေဟန် အားနာနေဟန်ပါ။

သူငယ်ချင်းနန်းကို ငယ်စဉ်ကတည်းက ဒေါ်ရီရီသည် အလွန်ချစ်သည်။ အလွန်ခင်သည်။

တစ်ဦး၏ စိတ်ဓာတ်နှင့် ပွင့်လင်းမှုကိုလည်း တစ်ဦးက သိသည်။

သည့်အတွက်ကြောင့်လည်း မိမိတို့ သူငယ်ချင်းနှစ်ယောက်သည် သမီးပေး သားပေးသည့် ကိစ္စများအထိ ရည်ရွယ်စီစဉ်ပြီးသား ဖြစ်ခဲ့ကြသည် မဟုတ်ပါတကား။

ဟင်း...

တွေးမိရင်းက ဒေါ်ရီရီသည် သက်မမောအား ထိခိုက်စွာ





မှုမိ၏။

"ရီ..သူငယ်ချင်း..ဘာဖြစ်နေလဲ..."

"ဟင်း..သူငယ်ချင်း နန်း..."

သိသိသာသာ မျက်နှာမကောင်းသလို ရှိနေသည့် ဒေါ်ရီရီ မျက်နှာဆီသို့ ဒေါ်နန်းကြာ ကြည့်နေလိုက်၏။

"မနေ့က နေ့လည်လောက်က..."

"အင်း..ပြောပါ ရီ..."

"ရီ့ဆီကို ရွှေကျွန်းဟိုတယ်ပိုင်ရှင်နဲ့ သူ့ရဲ့မန်နေဂျာ နှစ်ယောက် ရောက်လာကြတယ်..."

"ဪ..ဟုတ်လား၊ ကိစ္စက ဘာတဲ့လဲ ရီ..."

ဒေါ်နန်းကြာ အမေးတွင် ဒေါ်ရီရီ ရုတ်တရက်မဖြေ။

တံတွေးတစ်ချက်ကို မြိုချကာ ဒေါ်နန်းကြာထံမှ အကြည့်ကို လွှဲထားရင်း ဒေါ်ရီရီသည် စကားဆက်ရန် အားယူနေရ၏။

ဒေါ်ရီရီထံကြည့်ရင်း ဒေါ်နန်းကြာသည် ရုတ်တရက် သဘော



www.burmeseclassic.com

www.burmeseclassic.com



မပေါက်မိသည်က အမှန်ပါ။

သို့သော်လည်း စိတ်ထဲအတွေးတစ်ခုက ရုတ်တရက် ဝင်ရောက်လာသည်။

သည့်အတွက် မိမိအတွေး ဟုတ် မဟုတ် ဒေါ်နန်းကြာသည် ဒေါ်ရီရီထံမှ စကားကို စောင့်နားထောင်နေလိုက်၏။

"အဲဒီ ရွှေကျွန်းဟိုတယ်ပိုင်ရှင်နာမည်က ကိုမြတ်သူတဲ့၊ အသက်ကတော့ သိပ်မကြီးသေးဘူး၊ ဒါပေမယ့် ရီတို့ရဲ့သမီးတို့ သားတို့ထက်တော့ ကြီးတယ်…"

"သမီးတို့ သားတို့ထက် နှစ်နှစ်လောက် ပိုကြီးတယ်.."

"ရုပ်ရည်လည်း သန့်ပြန့်ခန့်ညားပါတယ်၊ အကဲခတ်ရသလောက် စိတ်ဓာတ်လည်း ပြည့်ဝပုံရပါတယ်…"

ဒေါ်နန်းကြာသည် ဒေါ်ရီရီ့စကားများကိုသာ နားထောင်နေဖြစ်၏။

"ကဲပါ နန်းရယ်၊ တိုတိုနဲ့လိုရင်း ပြောရရင်တော့ ရီ့ရဲ့





သမီးကို လာတောင်းတာပါတဲ့…"

"ဟင်..ဩော်…"

စိတ်ထဲရှိသည့်တိုင်း ကြားလိုက်တော့ တုန်လှုပ်မိသည်။

သို့သော်လည်း နောက်တော့ ဒေါ်နန်းကြာသည် နားလည်လက်ခံ၏။

"ရီ..ဆက်ပြောပါဦး ရီ…"

"အင်း..အဲဒီ မောင်မြတ်သူက ရီ့သမီးကို လာပြီးတောင်းတာ…"

"ဖြစ်နိုင်ရင်တော့ သဘောတူမယ်ဆိုရင် ဒီလထဲမှာပဲ လက်ထပ်ချင်ပါတယ်တဲ့…"

"မောင်မြတ်သူက သူ့ရဲ့ကိုယ်ရေးရာဇဝင်ကိုလည်း ပြောပြတယ်…"

"သူကလည်း တစ်ဦးတည်းသောသား၊ မိဘတွေလည်း မရှိတော့ဘူး…"



www.burmeseclassic.com

www.burmeseclassic.com



"ခွေမျိုးဆိုတာကတော့ တော်မှအမျိုးဖြစ်တဲ့ အမျိုးရှိပါတယ်တဲ့..."

"သူကလည်း လူလွတ်တစ်ဦး၊ လူဖျိုတစ်ဦးဆိုတာ သံသယရှိရင် စုံစမ်းနိုင်ပါတယ်တဲ့..."

"သမီးကို တစ်ကြိမ်ပဲတွေ့ဘူးပြီး၊ တစ်ကြိမ်ပဲစကားပြောဘူးပါတယ်တဲ့..."

"သမီးကို စိတ်ဝင်စားနေတာကတော့ သမီးနဲ့ လုပ်ငန်းကိစ္စတွေ ပြောတဲ့အချိန်ကတည်းက စိတ်ဝင်စားခဲ့တာတဲ့..."

"သမီးရဲ့ကားတွေကို သူ့ဟိုတယ်က ငှားထားတာ အတော်များပါတယ်တဲ့..."

"သမီးကို အခုဘယ်သူနဲ့နေလဲဆိုတာ မေးကြည့်တော့၊ သမီးက လောလောဆယ်တော့ မိခင်နဲ့ပဲနေပါတယ်ဆိုတာ သိလိုက်ရတယ်..."

"ဒါကြောင့် သူ့ရဲ့မန်နေဂျာတွေကို သမီးရဲ့အကြောင်း လိုက်





စုံစမ်းခိုင်းတော့ သမီးဟာ အိမ်ထောင်မရှိသေးတဲ့သူ ဖြစ်နေတာသိလို့"

"ခုလို စိတ်ဆုံးဖြတ်ပြီး၊ ရီ့ဆီ လာခဲ့တာပါတဲ့..."

ဒေါ်ရီရီ စကားကို အဆုံးသတ်လိုက်သည်။

နားထောင်ရင်း ဒေါ်နန်းကြာသည် ခေါင်းညိတ်၏။

ပြီးမှ...

"အင်း..ရီရေ၊ ဒါ..ကလေးတွေရဲ့ ကံအကြောင်းပေါ့ကွယ်"

"မှန်တာပြောရရင် ဒီကိစ္စအတွက် နန်းက အစကတည်းက ကြိုတွေးမိပြီးသားပါ..."

"တို့ချင်းရဲ့ သားနဲ့သမီးက အကြောင်းနည်းကြပြီလေ..."

"နန်း..."

စိတ်မကောင်းစွာ ဒေါ်ရီရီ ခေါ်သည်။

ဒေါ်နန်းကြာသည် တည်ငြိမ်စွာ လက်ကာပြရင်း အေးဆေးစွာ စကားဆက်ဆို၏။

"ရီ..အဲဒါ သမီးအတွက် သတင်းကောင်းပါ..."



www.burmeseclassic.com

www.burmeseclassic.com



"သမီးအတွက် ဘုရားက ရွေးချယ်ပေးလိုက်တဲ့ ခင်ပွန်းကောင်းလို့ မှတ်ယူပါ..."

"သမီးလေးရဲ့ ကုသိုလ်ကံက သားထက်ပိုပြီး မြင့်မြတ်တယ်လေ..."

"ဟို..နန်းရယ်..."

"ရီ..ရီက နန်းအတွက် စိတ်မကောင်းဖြစ်နေတာလား..."

"ဒါ စိတ်မကောင်းစရာ မဟုတ်ပါဘူး ရီရယ်..."

"နန်း တကယ်စိတ်ရင်းနဲ့ ပြောတာပါ၊ သားအတွက် စိတ်မကောင်းတာကတော့ စိတ်မကောင်းတာပေါ့..."

"ဒါပေမယ့် ဖြစ်သင့်ဖြစ်ထိုက်တာကို လက်ခံကြရမှာပဲ မဟုတ်လား..."

"ရီ..နန်း အားပေးတယ်၊ နန်း ထောက်ခံတယ်..."

"သမီးလေးကို ခုလို လူတော်လူကောင်း တစ်ယောက်ဖြစ်တဲ့ မောင်မြတ်သူနဲ့ လက်ဆက်စေပါ..."





"မောင်မြတ်သူ တောင်းဆိုသလို သူတို့ရဲ့ မင်္ဂလာပွဲကို ဒီလထဲပဲစီစဉ်ပါ..."

"နန်း အားပေးတယ်၊ နန်းလည်း သမီးလေးအတွက် ဝိုင်းကူလုပ်ပေးပါ့မယ်..."

"နန်း ဟန်ဆောင်ပြီး ပြောနေတာ မဟုတ်ပါဘူး ရီ..."

"နန်း တကယ် ပြောနေတာပါ၊ သားကိုလည်း နန်း ပြောပြလိုက်ပါ့မယ်..."

"နန်းက ပြောရင် သားကလည်း လက်ခံမှာပါ၊ ရီရယ်ဘာဖြစ်လဲကွယ်၊ ကံစီမံရာအတိုင်းပေါ့..."

"သမီးလေးက မောင်မြတ်သူနဲ့ ရသွားလည်းပဲ၊ နန်းနဲ့ရီက သူငယ်ချင်းပဲ၊ ညီအစ်မတွေပဲ..."

"ပြီးတော့ မောင်မြတ်သူကိုယ်၌ကလည်း တစ်ကောင်ကြွက်ပဲဆိုတော့..."

"ရီတို့ နန်းတို့ကို သူလည်းအမေလို အဒေါ်လို လက်ခံမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နန်း‥နန်းရဲ့စိတ်ဓာတ်ကို ရီ သိပ်လေးစားတယ်ကွယ်…"

"ဩော်‥ရီရယ်၊ ဒါချီးကျူးစရာမှ မဟုတ်တာ…"

"ဒါက ဖြစ်ထိုက်တဲ့၊ ဖြစ်ရမယ့် ဓမ္မတာပါ…"

"နန်းရဲ့သားက ဒုက္ခိတလေ၊ သားလည်း နားလည်မှာပါ ရီ၊ လက်ခံမှာပါ၊ နန်း လောင်းရဲပါတယ်…"

"ဒါပေမယ့် နန်းရယ်၊ သမီးလေးက ဒီကိစ္စကို လက်ခံမှာ မဟုတ်…"

"မိဘကစီစဉ်ရင် သမီးလေးက လက်ခံရမှာပေါ့ ရီ၊ စိတ်ချပါ၊ သမီးလေးကို နန်းလည်းပြောမှာပါ…"

"သမီးလက်ခံအောင် နန်း ပြောမယ်၊ နောက်ဆုံး မရရင် သားကို ပြောခိုင်းမယ် ရီ…"

"နန်း‥သားကို သိပ်ရက်စက်ရာ…"

"ဒီလို ပြောလို့မရပါဘူး ရီ…"

"ရီ‥သားကို သနားတယ်၊ သားခမျာ ဒုက္ခိတဘဝကနေ





သမီးက တစ်ခါထပ်ပြီး သူ့ကိုခွဲ…"

"မဟုတ်တာ ရီရယ်၊ သားကို ဘယ်သူမှမခွဲဘူး၊ ဒါကို သားလည်းသိမှာပါပဲ…"

"သားရဲ့အနားမှာ အားလုံးရှိမယ်၊ ဘယ်သူမှ သားကို ခွဲသွားကြမှာမဟုတ်ပါဘူး…"

"သားဟာ သူ့ဘဝကို သူ နားလည်သလို၊ သမီးရဲ့ဘဝကို လည်း သား နားလည်ပေးရမှာပဲပေါ့…"

"စိတ်မပူပါနဲ့ရီ၊ ဘာမှ စိတ်မပူပါနဲ့၊ ရီအနေနဲ့ နန်းကိုလည်း ဘာမှ မျက်နှာပူစရာမလိုဘူး၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို တို့ညီ အစ်မ လုပ်ရမယ်…"

"သမီးရဲ့ကိစ္စကို နန်းကိုယ်တိုင် ဦးစီးဦးဆောင်ပြီး လုပ်မယ်…"

"ရီ‥ဘာမှ စိတ်မပူနဲ့၊ ဩော်‥ဒါနဲ့ သူတို့တွေလာတော့ ရီက ဘာပြောလိုက်လဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ရီက သမီးရဲ့အကြောင်းတွေ အကုန်ပြောပြလိုက်တယ်၊ သမီးနဲ့သားကို စေ့စပ်ထားကြောင်း ပြောပြဖို့လုပ်တုန်းပဲ…"

"သူ့ရဲ့မန်နေဂျာတွေက သမီးရဲ့အကြောင်းကို လိုက်စုံစမ်းထားလို့ အားလုံးသိထားပြီဆိုတဲ့အကြောင်းကို မောင်မြတ်သူက ဖွင့်ပြောတယ်…"

"အဲဒါကြောင့် ပွဲလန့်တုန်းဖျာခင်းတာတော့ မဟုတ်ကြောင်းနဲ့၊ ဆရာဝန်ရဲ့ ပြောပြချက်အရ သားအခြေအနေကို သူတို့သိထားတော့ သားနဲ့သမီးရဲ့ မင်္ဂလာပွဲက ဖြစ်မလာနိုင်တော့ကြောင်း သိလို့၊ ဆုံးဖြတ်ပြီးလာတာပါတဲ့…"

"နောက်ပြီး မောင်မြတ်သူ ကိုယ်တိုင်က ဆေးရုံသွားပြီး သားဟာ ဘယ်လိုယောကျ်ားမျိုးဆိုတာ အကဲခတ် နားလည်လိုက်တယ်တဲ့…"

"သြော်··ဒီအတိုင်းဆိုရင် မောင်မြတ်သူဟာလည်း တကယ်တော်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပဲ…"





"ကဲ··ရီရေ ဘာမှ ပြောမနေနဲ့တော့၊ သမီးတို့ကိစ္စကို နန်း တာဝန်ယူဆက်လုပ်ပေးလိုက်မယ်…"

"ရွှေကျွန်းဟိုတယ်ရဲ့ဖုန်းနံပါတ် နန်းကိုပေး…"

"နန်း…"

"ရီ ဘာမှ မပြောနဲ့၊ ရီ မပေးလည်းစာအုပ်ထဲရှာရင် ရတာပဲ၊ နဲ့ ဆက်သွယ်လိုက်မယ်…"

"နေပါဦး နန်းရယ်၊ သားကို ရီတို့မနက်ဖြန် သွားကြည့်ကြပြီးမှ ဖြည်းဖြည်းစီစဉ်ကြတာပေါ့…"

"မဖြည်းနဲ့ ရီ၊ ဒီလထဲမှာပဲ အပြီးစီစဉ်မယ်…"

"ဒီမှာ ရီ··ရီရဲ့သမီးဟာလည်း နန်းရဲ့သမီးပဲ၊ နန်းရဲ့သားဟာလည်း ရီရဲ့ သားပါပဲ…"

"နန်းတို့ရဲ့ ဆက်ဆံရေးက ဘယ်တော့မှ ပြောင်းလဲမှ မဟုတ်ဘူးဆိုတာ နန်း ယုံတယ်…"

"သားကို သနားတယ် နန်း…"

www.burmeseclassic.com



"ဒါကတော့ ပြောလို့ဖြစ်မလား ရီရယ်၊ ကဲပါလေ..လုပ်သ

လုပ်ထိုက်တဲ့ အလုပ်တွေကိုပဲ နန်းနဲ့ရီတို့ ယုံကြည်မှုတွေနဲ့ ဆက်လုပ်

ကြရမယ်..."

"ရီ ဘာမှမတွေးနဲ့၊ တို့ရဲ့သားနဲ့ သမီးဟာ သူတို့ရဲ့ စိတ်

ထဲမှာ မောင်နှမချစ်တွေနဲ့ ဆက်လက်ရှင်သန်သွားကြလိမ့်မယ်..."

ဒေါ်နန်းကြာ ဆိုသည်။

ဒေါ်ရီရီသည် သူငယ်ချင်းမျက်နှာဆီ ကြည့်နေမိသည်။

ဒေါ်နန်းကြာ၏ မျက်နှာခန့်ခန့်ချောသည် အမှန်တည်ငြိမ်

ခြင်းနှင့် ဖြူစင်ဖြောင့်မတ်တက်ကြွနေသည်ပါလေ။ ။





- တစ်ဆယ် -

မင်္ဂလာပွဲ...။

အလွန်မှ စည်ကားသိုက်မြိုက်သည့် မင်္ဂလာပွဲကြီးပါလေ။

သတို့သမီးလေး၏ ချောမွှံလှပချက်ကဖြင့် ဆိုဖွယ်မရှိ။

သတို့သားသည် အရပ်မြင့်၍ တောင့်တင်းကြံ့ခိုင်သည်။

ယောကျ်ားပီသစွာ ချောမောခန့်ထည်သည်။

ဧည့်ပရိသတ်များသည် မင်္ဂလာခန်းလုံးပြည့် ရှိ၏။

မင်္ဂလာမုန့်များအားလည်း ချီးမြှင့် အားပေးနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း..မေ..မေ..မေရယ်...

မျက်လုံးကိုမှိတ်၍ ခေါင်းကိုရမ်းကာ အာရုံတို့ကို ဖျောက်ဖျက်ပစ်သည်။

မျက်ဝန်းထဲ၌ အမြင်ကမပျောက်။

ထိုမြင်ကွင်းကြီးသည် သူ့အာရုံဝယ် ပေါ်လွင်မြင်တွေ့နေရသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်၏။

ထိုမြင်ကွင်းအား မြင်တွေ့ရတိုင်း သူ မေ့အမည်လေးကို ညည်းတွားခေါ်မိသည်။

ချစ်သူလေးသည်က သူ့ထံ နေ့စဉ်ရောက်ရှိကာ သူ့အား ပြုစုရှာသည်မှာ မညည်းမညူပါ။

မှန်သည်။

မေသည် သူ့ထံ နေ့စဉ်အချိန်မှန် ရောက်သည်။

သူသည် ထမင်းကျွေးသည်။

ချိုချဉ်ဖွယ် သစ်သီးတွေ ကျွေးသည်။





ရေပတ်သုတ်ပေးသည်။

စကားစမြည်ပြောသည်။

ကျန်းမာရေးကို မည်သို့ ဂရုစိုက်ရဖို့နှင့် မိမိတို့၏ ရှေ့ရေးကိစ္စအကြောင်းတွေကို တက်ကြွစွာ မေ ပြောသည်။

မေ့မျက်နှာလေးသည် ကြည်လင်လန်းဆန်းသည်။

လန်းဆန်းတက်ကြွခြင်းနှင့်အမျှ လှပ ဝင်းမွတ်နေလေ၏။

မေရယ်...

မောင် သိပြီ၊ မောင် တကယ် သိပါပြီ...

မသိချင်ဘူး၊ မယုံချင်ဘူးဆိုပေမယ့် မောင် စိုးရိမ်ပြီး သိနေတယ်၊ မောင် စိုးရိမ်ပြီး ယုံနေရတယ်ကွယ်...

ဘာကြောင့်လဲဆိုတော့ မောင် ခုလိုဒုက္ခိတ မဖြစ်ခင်မှာလည်း မောင့်ကိုယ်မောင် ဒီလိုဖြစ်မယ်ဆိုတဲ့ မြင်ကွင်းမျိုးကို မောင် မြင်တွေ့နေရတယ်လေ...

မမြင်ချင်လို့လည်း မရဘူး မေ၊ အလိုလိုကို မြင်နေရတာ၊



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ မောင့်ကိုယ်မောင် စိတ်ကူးယဉ်စိတ်နဲ့ မြင်တာပဲ ဖြစ်မယ်လို့ ထင်ခဲ့တာ…

ဒါပေမယ့် ဒီလိုမြင်ကွင်းဆိုးမျိုးကို ဘယ်သူ စိတ်ကူးယဉ်ပြီး မြင်ချင်ပါ့မလဲ မေ…

အဲဒီ မြင်ကွင်းပုံရိပ်တွေကို ကြိုပြီး မြင်တွေ့ပြီးတဲ့နောက်မှာ မောင်လည်း မြင်တွေ့ထားသလို ဖြစ်တော့တာပဲ…

ခုလည်း‥ခုလည်းပဲကွယ်…

သူ ရင်ထဲ ကတုန်ကရင်ဖြင့် ဆိုနေမိရ၏။

ဘုရားရေ‥တကယ်ပဲ မေနဲ့ငါ ခွဲရတော့မှာ…

မေနဲ့ငါ အကြောင်းမပါဘူး၊ ရေစက်နည်းကြရတယ်…

အေးလေ…ဒါပေမယ့် ငါက ဒုက္ခိတဖြစ်နေမှတော့ မေ့အပေါ် တစ်ကိုယ်ကောင်းမဆန်သင့်ပါဘူးလေ…

မေ့ကိုတောင်မှ ငါ အားပေးရဦးမှာပါ…

ဆရာဝန်က ငါ့ခြေထောက်တွေ ပြန်ကောင်းမယ်လို့ ပြောပေ





မယ့် အချိန်ကိုမှ ခန့်မှန်းလို့ မရတာ…

ငါ့ခြေထောက်တွေ ပြန်ကောင်းဖို့အတွက် နှစ်နဲ့ချီပြီး အချိန်ယူရမှာ…

နှစ်နဲ့ချီပြီး လေ့ကျင့်ခန်းတွေ လှုပ်ရှားမှုတွေ လုပ်ပေးရမှာ၊ မေက ငါ့ကို နှစ်နဲ့ချီပြီး စောင့်ရမှာ…

ငါ့ခြေထောက်တွေ ကောင်းဖို့အတွက် စောင့်ရမယ့်နှစ်တွေက ဆယ်နှစ်လား၊ ဆယ့်ငါးနှစ်လား၊ နှစ်နှစ်ဆယ်လား ဘယ်သူ ပြောနိုင်မှာလဲ…

အဲဒီနှစ်တွေကို စောင့်ရမယ်ဆိုရင် မေ့အတွက် အချိန်တွေ အလဟဿ ဖြစ်ပြီပေါ့…

မေ့အပေါ်မှာ ငါ တစ်ကိုယ်ကောင်းဆန်ရာ ကျမှာပေါ့…

ငါ မေ့အတွက် စဉ်းစားပေးရမယ် မဟုတ်ဘူးလား…

လှပတဲ့ မေ့ရဲ့ အနာဂတ်လေးဟာ ငါ့ကြောင့် အကျည်းမတန်စေရဘူး…



www.burmeseclassic.com

www.burmeseclassic.com



မေ··မေ··မင်းလေးဟာ တကယ့်ကို မြင့်မြတ်တဲ့ မိန်းကလေး၊ မောင့်အတွက်လည်း တကယ့်ကို သစ္စာကြီးမြတ်တဲ့ ချစ်သူကောင်း ပါကွယ်···

ဒါပေမယ့် မေရယ်၊ မောင် မေ့ကို နားလည်ကြည်ဖြူရမယ်၊ ချစ်ခြင်းဆိုတာ လူချင်းပေါင်းဖက်ရမှ မဟုတ်ပါဘူး မေရယ်···

မောင်ချစ် နှမချစ်နဲ့လည်း တစ်ယောက်နဲ့ တစ်ယောက် သန့်ရှင်းဖြူစင်စွာ ပေါင်းဖက်လို့ ရပါတယ်···

မောင့်ဘဝတစ်လျှောက်မှာ တစ်ကြိမ်သာ ပွင့်လန်းခဲ့တဲ့ မောင့်အသည်းအိမ်ထဲက သည်းဦးပန်းကိုဖြင့်···

မနွမ်းမကြွေစွာနဲ့ပဲ မောင့်အသည်းအိမ်လေးထဲမှာ သိမ်းထား လိုက်ပြီ မေ···

မောင့်အသည်းတံခါးကို ပိတ်ထားလိုက်ပြီ မေရယ်···

အသည်းအိမ်ထဲက သည်းဦးပန်းလေးကို လုံခြုံစွာနဲ့က မောင့် အသည်းတံခါးကို ပိတ်ထားလိုက်ပါပြီ၊ ပိတ်ထားလိုက်ပြီ···။





"ဟယ်··မောင်··ကြည့်စမ်း၊ ဗိုးချဲပေါ်မှာတောင် ထိုင်ရပြီ ဟုတ်လား···"

ထုံးစံအတိုင်း အခန်းထဲဝင်လာသည်နှင့် လန်းဆန်းချောနေ သော မျက်နှာ···

ချစ်ဖွယ်ကောင်းသော အသံလေးဖြင့် အားရခြင်းနှင့် အံ့ဩ ခြင်းများ စွက်ကာ ဆိုလာသည့် မေ့စကားသံလေးကြောင့်···

စောဆင်မြူရယ်သည် ရင်ထဲ နင့်နဲ့စွာ ခံစားလိုက်ရလေ၏။

သို့သော် သူသည် ရင်နင့်ခြင်းအား ကွယ်ဝှက်၍ ချစ်သူထံ အပြုံးနှင့် ကြည့်ဖြစ်ရင်းက···

"မေ··ဒီနေ့စောသလားပဲ···"

"အင်းလေ··မေက အလုပ်တွေ လုပ်စရာရှိတာ စောစော လုပ်တာ···"

"ဘာဖြစ်လို့လဲ သိလား၊ မောင့်နားမှာ ကြာကြာနေရအောင် လို့ပေါ့···"



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခြင်းထဲမှ ထမင်းချိုင့်နှင့် စားသောက်စရာတွေကို ထုတ်ရင်း တက်ကြွသာယာသော အသံလေးဖြင့် မေ ဆို၏။

"အဟွန်း…"

သူသည်က တည်ငြိမ်မှုနှင့် ရင်ဝယ်မတော့ နင့်ဖြာစွာ ပြုံးရပါ၏။

"မောင်ရေ··အတော်ပဲ၊ နိုင်ငံခြားက စပယ်ရှယ်မှာထားတဲ့ မောင့်အတွက် ထိုင်ခုံလည်း မနေ့ညက ရောက်လာပြီ…"

"မြန်မာပြည်မှာကလည်း စပယ်ရှယ်ထိုင်ခုံတစ်လုံး လုပ်ထားသေးတယ်…"

"အဲဒါလည်း ပြီးသွားပြီ၊ အခု အိမ်မှာ အသင့် သေချာထားထားတယ်…"

"မောင် ဆေးရုံကဆင်းတာနဲ့ ထိုင်ရမယ်မဟုတ်လား…"

"ဘာလိုလိုနဲ့နော်၊ မောင် ဆေးရုံပေါ်မှာနေရတာ ငါးလတောင်ရှိနေပြီနော်…"





"ဆရာဝန်ကပြောပါတယ်၊ ရှေ့လဆိုရင်တော့ မောင် ဆင်းရပါပြီတဲ့…"

ထမင်းကျွေးရန် ပြင်ဆင်ရင်း မေလွင်သင်းသည် တစ်ချက်တစ်ချက်လည်းလှမ်းကြည့်ကာ ချစ်သူမောင့်အား စကားတွေရွှန်းရွှန်းဝေအောင်ဆို၏။

စောဆင်မြူရယ်မိုးမောက်သည် သူ့အသွင်အား အတည်ငြိမ်ဆုံးထားကာ အပြုံးဖြင့် မေ့စကားများအား နားထောင်၏။

"မောင်··ဆာနေပြီလား…"

"မဆာသေးပါ မေ…"

"ဟိုမှာ ထမင်းစားချိန် ရောက်ပြီလေ…"

"မေ ကျွေးရင်စားမှာပါ…"

"အဟင်း··မောင်ကတော့လေ တကယ်ပဲ၊ မေ သဘောကျအောင် အမြဲပြောတယ်…"

"မောင်က ဒုက္ခိတလေ ဂျီးများလို့ဘယ်ရမလဲ…"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နော် ဒီစကားမျိုး နောက်မပြောနဲ့ကွယ်…"

"ဆောရီးပါမေရယ်…"

"အဲလိုတောင်းပန်သံလေးကိုက တဘက်သားကို ဆွဲဆောင်နေတာ…"

မေ ဆိုရင်း သူ့ကို ထမင်းကျွေးသည်။

သူ့ရှေ့တွင် မေ ချက်လာသည့်ဟင်းတွေက ဖွယ်ဖွယ်ရာရာ။

သည်နေ့တွင် ပထမဦးဆုံး သူ လက်နှင့်ထမင်းစားရသည်မို့ တမျိုးတော့ စိတ်ချမ်းသာရ၏။

မှန်သည်။

ငါးလပြည့်သည့်နေ့တွင် သူသည် အတွင်းအပြင်ဒဏ်ရာများ ကောင်းကောင်း ပျောက်ကင်းသွားရပြီ မဟုတ်ပါလား။

"မောင်‥စားကောင်းရဲ့လား…"

"သိပ်ကောင်းတာပေါ့ မေ၊ ဒါနဲ့ မေမေတို့ကော ဘာလုပ်နေကြလဲ…"





"လွန်ခဲ့တဲ့အပတ်ကတော့ လာကြပါတယ်၊ ခုတပတ်တော့ ရောက်မလာကြဘူး…"

"မေမေတို့ နေကောင်းကြရဲ့လား မေ…"

"ကောင်းပါတယ်ရှင်၊ ဒေါင်ဒေါင်ကိုမြည်လို့…"

"နှစ်ယောက်သား ဘာတွေအလုပ်များနေကြလဲ မသိဘူး မောင်ရေ…"

"တတွဲတွဲနဲ့ သွားလိုက်လာလိုက်နဲ့ ကြည့်ရတာ ဘာအလုပ်ရှုပ်နေမှန်းကို မသိဘူး…"

"ဘာပဲဖြစ်ဖြစ်လေ သူတို့ကျန်းမာပြီး စိတ်ချမ်းသာနေကြရင် ပြီးတာပဲမဟုတ်လား မောင်…"

"အင်းပေါ့…"

"မောင်…"

"ဟင်…"

"စားကောင်းရဲ့လား…"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…"

"ရှေ့လဆိုရင် မောင် ဆင်းရတော့မှာနော်…"

"အင်း…"

"မေဖြင့် ပျော်လိုက်တာ၊ အိမ်မှာဆိုတော့ အချိန်မရွေး ပြုစုလို့ ရတာယ်မဟုတ်လား…"

မေ့စကားလေးတွေ နားထောင်ပြီး သူ ထမင်းစားရသည်မှာ အရသာရှိသည်က အမှန်ပါ။

မေ၏ချစ်ခြင်းနှင့် စေတနာပါသသော ပြုစုမှုအတွက် သူ ကျေနပ်မဆုံးပါ။

သို့သော်လည်း သူ့စိတ်ကိုဖြင့် လျှော့၍ထားပြီးပါပြီ။

ဒီလောက်မြတ်သော ချစ်သူ၊ ဒီလောက်တာဝန်ကျေသော ချစ်သူလေးအား သူ နားလည်ပေးရမည် မဟုတ်ပါတကား။

မှန်သည်။

ထိုနေ့ကဖြင့် စောဆင်မြူရယ်မိုးမှောက်သည် မေ၏ချစ်ကြင်





နာခြင်း၊ နွေးထွေးခြင်းများအား…

ချစ်သူတစ်ယောက်အနေဖြင့် မဟုတ်ဘဲ၊ အစ်ကိုကြီး တစ်ယောက် အနေဖြင့် ကြိုးစားပြောင်းလဲ ခံယူဖြစ်ခဲ့ပါ သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်တစ် -

လက်နှင့်ဘီးကလေးကို ရွေ့ပြီး ပြတင်းအနီးတွင် သူ နေနေဖြစ်သည်။

အဖြူရောက်ပြတင်း လိုက်ကာစကို မ,ကာ အပြင်လောကသို့ သူ လှမ်းကြည့်သည်။

အပြင်လောကနှင့် သူ အဆက်ပြတ်နေသည်မှာ ငါးလကျော်ရှိပြီ။

ဆေးရုံပေါ်တွင် သူ ငါးလကျော်ကြာခဲ့လေပြီ မဟုတ်ပါလား။





ကောင်းကင်မျက်နှာ ဖြူဖြူကြီးဆီသို့ သူ မော်ကြည့်သည်။

ထွန်းသစ်စနေရောင်ဟတ်၍ ကောင်းကင်မျက်နှာသည် တောက်ပ၍နေ၏။

သို့သော် သူ့ရင်ထဲမတော့ မောလှ၍နေသည်။ တမ်းတ၍နေသည်။

"ဟင်း..."

အဝေးသို့ကြည့်ရင်း သက်မမောကို သူချမိသည်။ စိတ်သည် မကြည်လင်။ စိတ်ထဲ မည်သို့မျှ မကောင်းနိုင်။

ခံစားမှုသည်ရင်ဝယ် ပြင်းပြင်းထန်ထန် ရှိနေသကဲ့သို့ပါ။

"မေ..."

မေ မလာတာ သုံးရက်ရှိပြီ...

မေ ဘာဖြစ်နေဘာလိမ့်၊ ဒီနေ့ကော မေ ငါ့ဆီကို လာပါ့မလား...

ဩော်..မေ မလာတော့လည်း ငါ့ရင်ထဲမှာ လှုပ်ရှားလို့



www.burmeseclassic.com

www.burmeseclassic.com



ရတာ...

စိုးထိတ်ခြောက်ခြားမှုတွေနဲ့ မျှော်လိုက်ရတာ မေရယ်...

မေ နေမျှားမကောင်းလို့လား...

မေမေတို့လည်း ငါ့ဆီမလာဘူး...

တစ်ယောက်ယောက် နေမကောင်းလို့များလား...

သူ စိတ်ထဲ တွေးဖြစ်သည်။

တွေးဆဲမှ ရုတ်ချည်း စိတ်အာရုံမြင်ကွင်းသည် သူ့မျက်ဝန်းထဲ ထိုးဖေါက်ဝင်ရောက် လာသည်။

မင်္ဂလာပွဲတစ်ခု။

စည်ကားသိုက်မြိုက်လွန်းသည်။

သူတို့သားသည် သူ မဟုတ်။

သတို့သမီးသည်ကဖြင့်...

သူ ချစ်လှစွာသော မေ...

သူ့နှလုံးသား မေ...





ဘုရားရေ...

မျက်ဝန်းအစုံမှိတ်ကာ သူ ဘုရားတလိုက်မိသည်။

"သား..."

"ဟင်..ဩ်..မေမေ..."

သူ တစ်ကိုယ်တည်း တုန်လှုပ်ဆဲ နောက်ဘက်မှ မိခင်ခေါ်သံကြားလိုက်ရ၍ သူ ထူးရင်းလှည့်ကြည့်သည်။

သား၏ထူးသံသည် မသိမသာတုန်လှုပ်နေကြောင်း ဒေါ်နန်းကြာ သတိထားမိလိုက်၏။

တဆက်တည်းလည်း သား၏မျက်ဝန်းအစုံသည် မိမိအား မေးခွန်းတစ်ခုခု ထုတ်နေသယောင်ရှိသည်ကို နားလည်နေ၏။

စောဆင်မြူရယ်မိုးမောက်သည် မိခင်ထံမှ အကြည့်ကို လွှဲကာ သူ့ကိုယ်သူ ထိန်းသိမ်းလိုက်သည်။

ဒေါ်နန်းကြာသည် ယူလာသည့် စားသောက်စရာပစ္စည်းတွေကို နေရာချလိုက်ပြီး သားအနီးသို့ ချည်းကပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား…"

မိခင်ခေါ်တော့ မိခင်နှင့် သူ အကြည့်ခြင်း ဆုံလိုက်သည်။ နှုတ်ဖြင့်မူ သူ ဘာမှမဆို။

သူ့အကြည့်သည် စကားဆိုနေခြင်းထက် ထိရောက်နေရသည် မဟုတ်ပါလား။

ဒေါ်နန်းကြာသည် သားချောကိုကြည့်ရင်း အေးဆေးစွာ စကားဆို၏။

"ဒီရက်တွေမှာ သားဆီကို မေမေလည်း ရောက်မလာနိုင်ဘူး၊ သမီးလေးလည်း ရောက်မလာနိုင်ဘူး…"

"ဘာကြောင့်လဲဆိုတော့ သမီးလေးရဲ့မင်္ဂလာပွဲ မနေ့ကပဲပြီးသွားတယ်…"

"ဒီနေ့ သမီးလေးတို့ ဟန်းနီးမွန်းခရီး ထွက်သွားကြပြီ…"

သူ တံတွေးကိုပင် မမြိုချနိုင်။ လည်ချောင်းတွင် တစ်ဆို့နေသည်။





ရုတ်တရက်ကြီးမို့ မထိန်းသိမ်းနိုင်သလို ဖြစ်ရသည်။ သူ့မျက်ဝန်းအစုံဝယ် နီရဲစွတ်စိုလာရလေသည် မဟုတ်ပါတကား။

ဒေါ်နန်းကြာသည် သား၏နဖူးထက်မှ ဆံပင်များဆီ ညင်သာစွာ သပ်တင်ပေးရင်း ကြင်နာသော စကားကိုဆို၏။

"ဒီကိစ္စက မေမေပဲ စီစဉ်တာပါ သားရယ်…"

"သမီးလေးကို သားခွင့်လွှတ်နားလည်ပေးလိုက်ပါ၊ မေမေတို့သားအမိ တစ်ကိုယ်ကောင်းဆန်ရာ မကျချင်ဘူးကွယ်…"

"သားရဲ့မေမေရီက မလုပ်ရက်ရှာပါဘူး…"

"မေမေက နားလည်ပေးရမယ် မဟုတ်ဘူးလားနော်၊ သမီးလေးရဲ့ကိစ္စအားလုံးကို မေမေပဲ ဦးစီးပြီးလုပ်ပေးတယ်သား…"

"သမီးလေးခမျာ ငိုလိုက်တာ…"

"မေမေတို့ရဲ့ ရုတ်တရက်စီစဉ်မှုအတွက် သမီးလေးခမျာတော်တော် စိတ်ထိခိုက်သွားရှာတယ်…"

ထိခိုက်ကြေကွဲနေရာမှ မေမေ့စကားများသည် သူ့အား တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ထိန်းသိမ်းစပြုလာသည်။

မှန်သည်။

ချစ်သူအပေါ် ခွင့်လွှတ်နားလည်ခြင်းဖြင့် သူ၏မျက်ဝန်းမှ လျှံချင်နေသော အရည်ကြည်တို့သည် မျက်ဝန်းအိမ်တွင်းသို့ ပြန်လည် ဝင်ရောက်ကုန်ပြီဖြစ်၏။

ရင်သည် နာကြင်နေသော်ငြား စိတ်သည်ပြင်ဆင်မှုနှင့် အသင့် ရှိနေပါပြီ။

ဒေါ်နန်းကြာသည် သားချောအား စေ့စေ့ကြည့်လိုက်သည်။ သားသည် တည်ငြိမ်အေးဆေးနေပြီ ဖြစ်၏။

"သား..."

"ပြောပါ မေမေ၊ ကျွန်တော် နားထောင်နေပါတယ်..."

"သမီးလေးရဲ့ ခင်ပွန်းအမည်က မောင်မြတ်သူတဲ့..."

"အင်မတန်မှ ယောကျ်ားပီသပြီး နားလည်မှုနဲ့စိတ်သဘော ထားပြည့်ဝကောင်းမွန်တဲ့ သူပါပဲကွယ်..."





"သမီးလေးကို မောင်မြတ်သူက သိပ်သဘောကျတယ်..."

"သမီးလေးကို သူ့မန်နေဂျာနှစ်ယောက်နဲ့ သူကိုယ်တိုင် အိမ်သွားပြီး သားရဲ့ မေမေရီဆီမှာ ကောင်းမွန်စွာတောင်းယူပါတယ်..."

"သမီးလေးခမျာ မသိရှာပါဘူး၊ လက်ထပ်ခါနီးတစ်ရက် အလိုမှ မေမေတို့လုပ်ထားတာတွေ အားလုံးပြပြီး သမီးကို နားချရတာ"

"ဒီကိစ္စတွေ သမီးသိတော့ သမီးဟာ သားဆီလာပြီး ပြောဖို့လုပ်တယ်..."

"ပါးစပ်ကပြောပြောပြီး ငိုလိုက်တာ မြင်မကောင်းဘူး..."

"မင်္ဂလာဆောင်တဲ့နေ့က သမီးမျက်နှာလေးဟာ နီရဲပြီးမို့အစ်နေတာများ ပရိတ်သတ်ကတောင် ဝေဖန်တဲ့အထိပါပဲကွယ်..."

"သမီးလေးဖြစ်တဲ့ ကိစ္စအားလုံးကို မောင်မြတ်သူက နားလည်တယ်..."

"သမီးကလည်း ပွင့်ပွင့်လင်းလင်းနဲ့ ရှင်းရှင်းကြီးပဲ မေမေတို့ ရှေ့တင် သူနဲ့သားအကြောင်းကို မောင်မြတ်သူကို ဖွင့်ပြောတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မြတ်သူကလည်းပြောတယ်၊ အားလုံးကို စုံစမ်းလို့ သိပြီမှ သူ ဆုံးဖြတ်တဲ့ကိစ္စပါတဲ့…"

"သားကိုလည်း မောင်မြတ်သူ ကိုယ်တိုင်ဆေးရုံလာပြီး ကြည့်သွားသေးတယ်၊ သားက အိပ်ပျော်နေတယ်…"

"ဒီနေ့တော့ သူတို့ခရီးထွက်သွားကြပြီ၊ သမီးကို အတင်း နားချပြီး လွှတ်လိုက်ရတယ်…"

သူ ခေါင်းညိတ်နေလိုက်သည်။

"သား··သမီးကို ခွင့်လွှတ်နားလည်ပေးလိုက်ပါနော်…"

သူ့မျက်နှာဆီ ကြည့်လာရင်း မိခင်ဆိုသည်။

သူသည်လည်း မိခင်ထံ လေးနက်စွာ ပြန်ကြည့်ရင်းက…

"မေမေ··ဒီလိုတစ်နေ့ကို ကျွန်တော် ကြိုတင်ပြီးတွက်ပြီး သားပါ…"

"ကျွန်တော် သိနေတယ်၊ မေနဲ့ ကျွန်တော် အကြောင်းမပါနိုင် တော့ဘူးဆိုတာ…"





"ကိုယ့်ရဲ့ကံတရားလို့သာ မှတ်ပါသား…"

"ကျွန်တော် နားလည်ပါတယ် မေမေ၊ ရုတ်တရက်မို့ ကျွန်တော် တုန်လှုပ်ခံစားရတာပါ…"

"ဒီကိစ္စအတွက် ရင်ဆိုင်ဖို့ ကျွန်တော် ကြိုတင်ပြင်ဆင်ထား ပြီးသားပါ…"

"ကျွန်တော် မေ့ကို ညီမလေးလို ပြောင်းချစ်နိုင်ပါတယ်…"

"မေရဲ့ခင်ပွန်းကိုလည်း ညီအစ်ကိုလို ကျွန်တော် သဘော ထားနိုင်ပါတယ် မေမေ…"

"သိပ်ကောင်းတာပေါ့ သား၊ သားကို မေမေ ချီးကျူးပါတယ် ကွယ်…"

"ကျွန်တော့်ကို ချီးကျူးစရာ မလိုပါဘူးမေမေ၊ ဘုရားက ကျွန်တော့်စိတ်ကို ခံနိုင်ရည်ရှိအောင် ပေးတာကိုပဲ ကျေးဇူးတင်ပါတယ်"

သားအတွက် ဒေါ်နန်းကြာ စိတ်မကောင်း ဖြစ်မိသည်။

သို့သော် လက်တွေ့ကိုရင်ဆိုင်ရဲသော အမျိုးသမီးကြီးမို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းကြာသည် တည်ကြည်နေ၏။

"ဘာပဲပြောပြော လက်တွေကို ရင်ဆိုင်နိုင်ခြင်းဟာ လူတော်ပါသား..."

"ဒီလိုမျိုးဟာ စိတ်ဓာတ်ကြံ့ခိုင်ပြတ်သားတဲ့ သူမျိုးမှ ဖြစ်တာ..."

"သားရဲ့မေမေရီကတော့ သားကိုအကြည့်ရက်တာလည်း တကြောင်း၊ မင်္ဂလာကိစ္စတွေပြီးတော့ စိတ်ရောကိုယ်ပါ မောပမ်းသွားတာလည်း တကြောင်းကြောင့် သားဆီကို လာမကြည့်နိုင်သေးဘူး"

"ရပါတယ် မေမေရယ်၊ ကျွန်တော် တစ်ယောက်တည်း နေတတ်ပါပြီ..."

ဒေါ်နန်းကြာ သားကိုကြည့်ကာ ခေါင်းညိတ်သည်။ အမှန်ပင် သားသည် တည်ငြိမ်နေသည်ပါ။

"ဒါနဲ့သား၊ သားရဲ့ကိုဖိုးချို လာပြီးပြုစုလုပ်ဆောင်ပေးတာ အဆင်ပြေရဲ့လား..."





"ပြေပါတယ် မေမေ၊ ကိုဖိုးချိုက တော်ပါတယ်၊ စိတ်လည်း ရှည်တယ်၊ သန့်လည်းသန့်တယ်..."

"အေးကွဲ့..မေမေလည်း သူ့ကို သားဆေးရုံတက်တယ် ဆိုကတည်းက မှာလိုက်တာ..."

"သူလည်း သူ့အဖိုးဆုံးပြီဆိုတော့ မေမေတို့နဲ့ပဲ နေတော့ မှာပေါ့ကွယ်..."

"ကဲ..ကဲ..သား ထမင်းစားတော့မလား..."

"မစားသေးပါဘူး မေမေ၊ ကျွန်တော် မဆာသေးပါဘူး..."

"အေး..အေး၊ ဆာတော့ စားတာပေါ့ကွယ်၊ သားလည်းပဲ မကြာခင် ဆေးရုံကဆင်းရတော့မယ် မဟုတ်လား..."

"ဟုတ်တယ် မေမေ၊ ဆေးရုံကဆင်းရတဲ့နေ့မှပဲ မေမေ လာပါ၊ ကိုဖိုးချိုကိုပဲ လွှတ်ပါ မေမေ..."

"မေမေရီလိုလည်း ဂရုစိုက်လိုက်ပါဦး၊ မေက သူ့ခင်ပွန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေမယ်ဆိုရင် မေမေရီ တစ်ယောက်တည်း ဖြစ်နေမှာပေါ့…"

"အေးကွဲ့ အဲဒါကတော့ ဘယ်လိုနေကြမလဲ မသိဘူး၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ မေမေနဲ့ရီက အိမ်ခြင်းနီးနေတာ အကြောင်းမဟုတ်ဘူး…"

"ကားနဲ့သွားရင်သာ ပတ်ပြီးသွားရတာ၊ အိမ်နောက်ဖေးခြင်းက မျက်စောင်းထိုးပဲဟာ ခြံကူးသွားရင် ရောက်တာပဲလေ…"

ဒေါ်နန်းကြာဆိုရင်း စားပွဲပေါ်မှပစ္စည်းတွေကို နေရာချသိမ်းဆည်းလိုက်သည်။

သားအမိနှစ်ယောက် စကားစပြတ်သွားသည်တွင် စောဆင်မြူ ရယ်မိုးမောက်သည် အပြင်ဘက်သို့လှမ်းကြည့်လိုက်သည်။

ကိုယ်နှင့်စိတ်သည် တည်ငြိမ်နေသည်ဟု ထင်ရသော်ငြား၊ ရင်တစ်ခုလုံးသည် ဟာလှပ်ကာ ထုံကျင်နေရ၏။

ဒဏ်ရာသည် အစိမ်းဆတ်ဆတ်ကြီး ရှိနေသေးသည်ပဲဟု





မိမိကိုယ်မိမိ ဖြောင်းဖျ၏။

မှန်သည်။

အနာသည် အစိမ်းဆတ်ဆတ် ခုမှ သွေးယိုဆဲ။ သွေးမှ မတိတ်သေးသည်ပဲ။ ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်နှစ် -

တစ်နှစ်ကြာပြီးနောက်...။

သင်းပျံ့သော ပန်းရနံ့တို့သည် နံနက်ခင်း၏ လေညှင်းနုကလေးများနှင့်အတူ သူ့ထံ ရောက်လာ၏။

အား..ကောင်းလိုက်တာ...

သူသည် လတ်ဆတ်သော လေနုလေးများအား၊ အားပါးတရ ရှူရှိုက်လိုက်သည်။

မနီးမဝေးမှ ပန်းပင်များအား ပြုစုနေသည်ကို ဖိုးချိုသည် အပြုံးတွေဖြင့် သူ့ထံ လှမ်းကြည့်သည်။





သူ့မျက်နှာသွင်ပြင်သည် ချောမွေ့၍ နုပျိုလန်းဆန်းနေသည်ကို တွေ့ရသည်။

မှန်သည်။

စောဆင်မြူရယ်မိုးမောက်ရယ်ပါ။

အချိန်တို့သည် ပြောင်းလဲခဲ့ပြီ။

အကျည်းတန်သော ကာလများသည် နောက်တွင် ကျန်ခဲ့ပြီ။

သူသည် ကိုယ်ရောစိတ်ပါ မွှမ်းမံပြင်ဆင်ပြီး နေထိုင်တတ်သူ ဖြစ်...။

ထိုနှစ်နှစ်အတွင်းကလည်း သူသည် ကောင်းမွန်စွာပင် နေထိုင်နိုင်ခဲ့ပါလေ၏။

ဘယ်သောအခါမှ မိမိကိုယ်မိမိအား ငယ်စိတ်တွေမမွေး။

မိမိကိုယ်၌ ယုံကြည်မှုများ အပြည့်ထားရှိ၏။

သည့်အတွက်လည်း သူသည် မိမိကိုယ် မိမိဂရုစိုက်၍ လေ့ကျင့်မှုများ နေ့စဉ်မှန်မှန် လုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန် ညွှန်ကြားသည့်အတိုင်း ဆေးမှန်မှန်သောက်သည်။

လေ့ကျင့်ခန်း မှန်မှန်လုပ်သည်။

လေကောင်းလေသန့်ကို များများရှူရှိုက်၍ စိတ်ကို ကြည်လင်အောင်ထားသည်။

ငိုးချဲပေါ်ထိုင်နေရသည့်တိုင် အတတ်နိုင်ဆုံး မိမိကိုယ်မိမိအားကိုးနိုင်အောင် ကြိုးစားသည်။

ဘဝအား အထီးကျန်ဆန်အောင် သူ မနေပါ။

သူ့ဘဝသည်လည်း အထီးကျန်မဆန်ပါ။

မှန်သည်။

သူ့ဝန်းကျင်တွင် မိခင်ကြီး ရှိသည်။

ကိုဖိုးချို ရှိသည်။

ပြီးတော့…

ကိုမြတ်သူနှင့် မေလွင်သင်းတို့ ဇနီးမောင်နှံလည်း ရှိသည်။

နောက်ပြီး မကြာမီ သူ့တွင် အမြင်ဆန်းမည့် အဖေါ်လေးတစ်





ယောက်လည်း ရှိလာဦးမည်ဖြစ်၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော်…

မေလွင်သင်းသည် ယခု ကိုယ်ဝန်အရင့်အမာနှင့် ရှိ၏။

မကြာမီ မေလွင်သင်းသည် မွေးဖွားတော့မည် မဟုတ်ပါလား။

သူ့ထံသို့ မေလွင်သင်းသည် နေ့စဉ် ရောက်လာသည်။

ကိုမြတ်သူသည် တစ်ပတ်ကို တစ်ရက်သို့မဟုတ် နှစ်ရက်မှန်မှန် ရောက်လာသည်။

မိခင်ကြီးအတွက်နှင့် သူ့အတွက်ဆိုလျှင် ကိုမြတ်သူသည်လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးရှာသူပါ။

မိဘမရှိ။ ညီကိုမောင်နှမ မရှိသည့် ကိုမြတ်သူသည်…။

မေမေ ဒေါ်နန်းကြာအား မိခင်ရင်းကဲ့သို့ ချစ်ခင်ရိုသေလေးစား၍…

မိမိကိုဖြင့် ညီအစ်ကိုရင်းကဲ့သို့ ချစ်ခင်တွယ်တာ စောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



၏။

မှန်ပါ၏။

ကိုမြတ်သူသည် သူ့အား ညီရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်စောင့်ရှောက်ပြီး...

မေလွင်သင်းကိုလည်း ညီမလေးတစ်ယောက်ကဲ့သို့ တစ်ဖုံ၊ ဇနီးမယားတစ်ယောက်ကဲ့သို့ တစ်နည်း မြတ်နိုး ချစ်ခင်တွယ်တာစွာ စောင့်ရှောက်ခဲ့ သူပါလေ။

သည့်အတွက် သူ့ဘဝသည် ဒုက္ခိတဆိုပြား အထီးကျန်မဆန် ငြီးငွေ့မှု မရှိ။

မေလွင်သင်း အပေါ်လည်း သူသည် ဆေးရုံပေါ်မှ မဆင်းခင်ကတည်းကပင်။

မိမိစိတ်ကို မိမိပြင်ဆင်ပြောင်းလဲ၍ မေ့အား ညီမလေးတစ်ယောက်ကဲ့သို့ ပြောင်းလဲချစ်ပြီးသားပါ။

မေမေရီ မရှိတော့သည့် နောက်ပိုင်း၌ မေ့အား ပို၍ ညီမလေး





လို စောင့်ရှောက်သည်။

ဆုံးမသွန်သင်သည်။ အကြံဉာဏ်တွေလည်း ပေး၏။

တကယ့်တကယ်ကို ကြည်နူးချမ်းမြေ့စရာတွေမျိုး မိသားစုလေးမို့ သူ ကြည်နူးချမ်းမြေ့ရပါလေ၏။

"တီး··တီး···"

တွေးဆဲ ခြံထဲမောင်းဝင်လာသည့် ကားဟွန်းသံကြောင့် အတွေးစတို့ သူ ပြတ်သွားရသည်။

သူရော ကိုဖိုးချိုပါ ကားဟွန်းသံကြားရာဆီ တစ်ပြိုင်တည်း ကြည့်လိုက်ကြသည်။

"မိုးရေ··မေတော့ လာပြီ၊ ဒီကောင်မလေးဟာလေ တော်တော့်ကို ကျန်းမာတာပဲ···"

"ဗိုက်ထဲက ကလေးကတော့ ကျန်းမာ မမာ ပြောဖို့တောင် မလိုတော့ပါဘူး···"

ကိုဖိုးချိုသည် အားပါးတရနှင့် ဝမ်းပမ်းတသာကြီး ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



စောဆင်မြူရယ်မိုးမောက်သည် ပြုံး၍ နေ၏။

မေသည် ဆင်ဝင်အောက်၌ ကားကို ရပ်ခဲ့ပြီး သူတို့ ရှိရာသို့ လာနေပြီ။

မေ့မျက်နှာလေးသည်လည်း ပြုံးချိုချောမွေ့နေ၏။

လှမ်းလာသည့် မေ့အသွင်လေးသည်လည်း တက်ကြွလန်းဆန်းလတ်ဆတ်နေ၏။

"အစ်ကိုရေ..မေမေနန်းကို ပို့ပြီးခဲ့ပြီ..."

လှမ်းလာရင်းမှ အပြုံးတွေနှင့် မေ ဆိုသည်။

"အစ်ကိုကြီး ကိုမြတ်သူရော မေ..."

"အပြန်မှာ အစ်ကိုကြီးက သူ့မိတ်ဆွေတစ်ယောက်နဲ့ တွေ့လို့ နေခဲ့တယ်..."

"မေ့ကို မှာလိုက်တယ်၊ မေမေနန်းကို သေချာပို့ပေးခဲ့ပြီးတဲ့ အကြောင်း ပြန်ပြောပြနော်တဲ့..."

"အဟွန်း..ရပါတယ် မေရာ၊ မေနဲ့အစ်ကိုကြီးကိုမှ စိတ်မချရင်





ဘယ်သူ့သွား စိတ်ချမလဲကွာ..."

"ဪ..ဒါနဲ့ မေလည်း မွေးဖို့မလိုတော့ဘူး မဟုတ်လား၊ မေ့ကို သေချာပြောထားရဲ့လား..."

"သိပ်ပြောပေါ့၊ မေ မမွေးခင်မှာ မေမေက ပြန်လာမှာပါ"

"မပူပါနဲ့ အစ်ကိုရယ်၊ မေမေနန်းက ဆယ်ရက်စခန်းပဲ ဝင်တာ ဖြောင့်ဖြောင့်ဝင်ပါစေ..."

"မေက ဒီလကုန်မှ မွေးမှာ၊ အချိန်တွေက အများကြီး ကျန်ပါသေးတယ်..."

"အင်းပါဗျာ၊ ဒါပေမယ့် မေလည်း ကျန်းမာရေးကို ဂရုစိုက်၊ ကားသိပ်မမောင်းနဲ့တော့..."

"မမောင်းပါဘူး၊ ဒီတစ်ခါပဲ..."

စကားတွေဆိုရင်း ဗိုက်ကြီးတစ်ခွဲသားနှင့် သူ့ရှေ့ မေ ဝင်ထိုင်သည်။

မေသည် အမှန် ကျန်းမာသန်စွမ်းသည့် မိန်းကလေးပါ



www.burmeseclassic.com

www.burmeseclassic.com



မေ့မျက်နှာလေးသည် လှပသော အပြုံးနုနုလေးတွေနှင့် လတ်ဆတ်နေသည်။

သူသည် ကြည်စင်တောက်ပသော မေ့မျက်နှာဆီ ကြည့်နေပြီးမှ…

"မေ…"

"ရှင်…"

"ကလေးကတော့ တော်တော်ကျန်းမာမယ်ကွ…"

"ဟုတ်တယ် အစ်ကို၊ တကယ် ကျန်းမာတယ်၊ ည၊ညတို့ သူ ဆော့လို့ အိပ်ပျော်သွားရာကတောင် လန့်နိုးတယ်၊ အဟင်း…ဟင်း"

ဆိုရင်း မေ ရယ်သည်။ သူလည်း ရယ်သည်။

သူတို့ကိုယ်စီ အပြုံးအရယ်များသည် ပေါ့ပါးလန်းဆန်း၏။

"သြော်…ဒါနဲ့ မေ…"

"ဘာလဲ အစ်ကို…"

"မေ အက်ထရာဆောင်း မရိုက်ဘူးလား၊ ကလေးကိုလေ"





"ဟင်အင်း၊ ကြိုပြီး မသိချင်ဘူး၊ မွေးလာမှ သိပြီး တစ်ခါတည်း ဝမ်းသာလိုက်မယ်…"

"အဟွန်း…ဟွန်း၊ မေက ဘာလေး မျှော်လင့်လဲ…"

"သမီးလေး…"

"အစ်ကိုကြီးကရော…"

"အစ်ကိုကြီးက သူ့ကလေးရရင် တော်ပြီ၊ သမီးရော၊ သားရော ယူမှာပဲတဲ့၊ ကြိုဆိုနေမှာပဲတဲ့…"

"သိပ်တော်တဲ့ ဖခင်ဗျာ၊ အစ်ကိုကြီးလိုမျိုး ဖခင်ရတဲ့ ကလေးတွေ အတွက်တော့ ဘာမှကို ပြောစရာမရှိတော့ဘူး…"

"အဟင်း…"

သူ့စကားတွင် မေလွှင်သင်း ပြုံးသည်။

"အစ်ကိုကြီးလို လူ တကယ် ရှားတယ် မေ…"

"သိပ်ကို စိတ်နှလုံးကောင်း ရှိတာပဲ…"

"မေရော အစ်ကိုပါ၊ အစ်ကိုကြီးကို ရတာ သိပ်ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်..."

ကြည်နူးစွာ သူ စကားတွေ ဆိုနေမိသည်။

မေကလည်း ကြည်နူးစွာ ရှိ၏။

ကိုဖိုးချိုသည် အလုပ်တွေလုပ်ရင်း သူတို့ထံ မကြာခဏ အပြုံးတွေနှင့် ကြည့်၏။

"အစ်ကိုကြီးက ပြန်ရင် ဝင်ခေါ်မယ်တဲ့၊ မေ့ကို ဒီမှာပဲ နေခိုင်းတယ်..."

"အစ်ကိုကြီး အလုပ်တွေ ပင်ပမ်းနေလား မေ၊ အဆင်ပြေရဲ့ လား..."

"အားလုံး အဆင်ပြေပါတယ် အစ်ကို၊ စီးပွားရေးရှာတာ ပင်ပမ်းတာက မပြောပလောက်ပါဘူး..."

"ဒါတော့ ဒါပေါ့ကွာ၊ ခုဆို အစ်ကိုကြီးက မေ့အလုပ်တွပါ လုပ်ရတော့ ပိုပြီး ခေါင်းရှုပ်ရမယ် ထင်တယ်..."

"ရှုပ်မရှုပ်တော့ မသိဘူး၊ အစ်ကိုကြီးက ပျော်ရွှင်နေတာပဲ၊





ဟင်း..ဟင်း..."

ဆိုရင်း မေ ရယ်သည်။

မေ၏ ရယ်သံလေးသည် လွန်စွာ သာယာ၏။

မေ၏ အရယ် မျက်နှာလေးသည်လည်း လွန်စွာမှ လှပတင့် ယ်၏။

မေ့ဗိုက်ထဲက ကလေးသည်လည်း ကြက်သရေရှိလိမ့် မြင်းဟု တွေးနေဆဲ...

သူ့မျက်ဝန်း၌ ပုံရိပ်တို့သည် အလိုအလျောက် ဝင်ရောက် လာ၏။

လူတွေက အများကြီး...။ ထိုလူများထဲ၌ ကိုကြီး ကိုမြတ်သူလည်း ပါသည်။ လူတွေက အစ်ကိုကြီး ကိုမြတ်သူကို မှမ်းဂုဏ်ယူနေ ကြသည်။

အစ်ကိုကြီးလည်း ပျော်ရွှင်နေသည်။ လေလံတင်ပွဲတစ်ခု...။

ထိုလေလံတင်ပွဲအား အစ်ကိုကြီး ရရှိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလေလံတင်ပွဲမှ မြောက်များစွာသော အမြတ်အစွန်းတွေလည်း အစ်ကိုကြီး ရရှိ၏။

"အဟွန်း..အဟွန်း..."

မျက်ဝန်းဝယ် ပုံရိပ်တို့ မြင်တွေ့ရင် စောဆင်မြူရယ်မိုးမောက်သည် အသံထွက်အောင်ကိုပင် ရယ်ဖြစ်ရ၏။

"ဘာရယ်တာလဲ အစ်ကို..."

မေ အံ့သြသလို ကြည့်ပြီး မေးသည်။

ထိုအခါမှလည်း သူ လန့်သလိုရှိကာ မေ့ထံ ပြန်ကြည့်မိရသည်။

မင်္ဂလာရှိသော ပုံရိပ်တို့ကဖြင့် မြင်တွေ့နေရဆဲပါ။

သူသည် ဝမ်းမြောက်ဝမ်းသာ မဆုံးရှိနေရ၏။

"ဘာရယ်နေတာလဲလို့..."

မေ ထပ်မေးသည်။

"ပျော်လို့ပါ..."





"ဘာပျော်တာလဲ..."

"ကိုယ့်ဟာကိုယ် စဉ်းစားပြီး ပြောတာပါကွာ..."

"လုပ်ပြီ သူ..."

"မေ..."

"ဟင်..."

"အစ်ကိုကြီးက မေ့ကိုရမှ စီးပွားရေးပိုတိုးတက်တာ အမှန်ပဲမျာ..."

"ဘာဖြစ်လို့လဲ..."

"ကလေးကပဲ ကံကောင်းတာလား မသိဘူး..."

"ဘာတွေ ပြောနေတာလဲ၊ ရှင်းရှင်းလည်း ပြောပါဦး အစ်ကိုရဲ့..."

"ဪ..ကိုယ်ကြည့်တာ အစ်ကိုကြီး တကယ်စီးပွားရေးကောင်းပုံရလို့..."

"အစ်ကိုကြီးနဲ့တွေ့မှ အစ်ကိုကြီးကို အလုပ်တစ်ခုလုပ်ဖို့ တိုက်



www.burmeseclassic.com

www.burmeseclassic.com



တွန်းရဦးမယ်…"

"ဘာအလုပ်လဲ…"

"တွေ့မှ ပြောမယ်ကွာ…"

"ကြည့်··အဖြစ်သည်းတာက၊ ပြီးရော··ပြီးရော…"

မေ အသည်းယားဟန်လေးဖြင့် ဆိုတော့ သူ ပြုံးနေ၏။

မေ မေးသည်ကို သူ မဖြေ။ မှန်သည်။

သူသည် သူ့၌ နေရင်းထိုင်ရင်းက မျက်ဝန်းတွင် အလို အလျောက် ကြိုတင် မြင်ယောင်လာတတ်သည့် လူ၏ကံတရားများ၊ အကြောင်းနှင့် ပတ်သက်၍ ယနေ့တိုင် မည်သူ့ကိုမျှ သူ မပြောပြသေး ပါလေ။

အစကတော့ သူ့ကိုယ်သူလည်း လက်မခံ…။

သူ့တွင် အစွမ်းတစ်ခုခု ရှိနေသည်ကိုလည်း သူ မယုံရဲ။ ခုတော့ သူ ယုံရပြီ။

သူ လက်ခံရပြီ။





သူ ဒုက္ခိတ ဖြစ်မည့်အကြောင်းလည်း သူ ကြိုသိခဲ့သည်။

ပြီးတော့ မေ မိခင်အိမ်မှာ တစ်ယောက်တည်းရှိစဉ် သေခါနီး ရောဂါဖေါက်သည့် အကြောင်းလည်း သူ ကြိုတင် သိခဲ့သည်။

နှစ်ခြံကျော်မှ ကလေးတစ်ယောက် ကားတိုက် သေဆုံးရမည် ကိုလည်း သူ ကြိုသိခဲ့သည်။

ယခု…

ယခု လေလံတင်ပွဲတွင် ကိုမြတ်သူ ရရှိ၍ အမြတ်ကြေးငွေ အမြောက်အများ ရမည့်ကိစ္စအား သူ မြင်တွေ့နေရပြန်ပါလေပြီ။

သူသည် ကိုမြတ်သူ အတွက်အားရ ဝမ်းသာနေမိ၏။

ကိုမြတ်သူ လာလျှင် ထိုကိစ္စကို သူ တိုက်တွန်းရမည်။

"အစ်ကို··ဘာလို့တစ်ယောက်တည်း ပြုံးနေတာလဲ၊ ပြောပြ ဦးလေ…"

"အရေးမကြီးပါဘူးကွာ၊ ကဲ··ကဲ··ဆေးသောက်ဦးမယ်"

"မေ တိုက်ပါ့မယ်…"



www.burmeseclassic.com

www.burmeseclassic.com



"မတိုက်နဲ့..မတိုက်နဲ့၊ ကိုယ်ဟာကိုယ်ပဲ သွားသောက်လိုက်မယ်၊ မေ ဒီမှာ ကိုဖိုးချိုနဲ့ နေခဲ့..."

သူ အပြုံးတွေနှင့် ပြောရင်း၊ မော်တာလေးနှင့် ဗိုးချဲလေးအား မောင်းထွက်သွား၏။

မေသည် နားမလည်သော အကြည့်လေးတွေနှင့် ကျန်ရစ်သည်။

စောဆင်မြူရယ်မိုးမောက်သည်ကား ကိုမြတ်သူ အတွက် ဝမ်းလည်းသာ၊ မေနှင့် စကားဆက်ပြောနေလျှင် သူ့အကြောင်းများလည်း ပေါ်ကုန်မည် စိုး၍...

သူသည် ဆေးသောက်ရန် အကြောင်းပြ၍ အိမ်ဘက်ဆီသို့ အမြန်ဆုံး ထွက်ခဲ့လိုက်ရခြင်းပါတည်း။ ။





- တစ်ဆယ့်သုံး -

တစ်ရက်မပျက်မကွက် မှန်မှန်ကန်ကန် တနင်္ဂနွေနေ့တိုင်း စောဆင်မြူရယ်မိုးမောက်ထံသို့ လာနေကြမို့...

ကိုမြတ်သူ မောင်းလာသော ကားလေးသည် စောဆင်မြူရယ် မိုးမောက် ခြံထဲသို့ ဝင်ရောက် မောင်းနှင်ခဲ့ပြီ ဖြစ်သည်။

ကားမောင်းဆဲ ကိုမြတ်သူသည် ချစ်ဇနီးလေး မေလွင်သင်း ဘက်သို့ ကြင်နာစွာ တစ်ချက်လှည့်ကြည့်ရင်း ရယ်သည်။

မေလွင်သင်းသည်လည်း ချစ်ခင်လေးစားစွာဖြင့် ခင်ပွန်းသည် အား ပြုံးရယ်သော မျက်နှာလေးဖြင့် ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုအချိန် ရောက်နေကြကိုသိ၍ စောဆင်မြူရယ်မိုးမောက်သည်လည်း ဆင်ဝင်အောက်တွင် အသင့် စောင့်ကြိုနေပြီးသားပါ။

"အစ်ကိုကြီးရေ..ဟိုမှာ အစ်ကိုမိုးလည်း မေတို့ကို စောင့်မျှော်နေတယ်..."

"အင်း..အဟွန်း..."

ကိုမြတ်သူ ပြုံးရယ်ကာ ဆိုရင်း ကားလေးသည် ဆင်ဝင်အောက်ရှိ စောဆင်မြူရယ်မိုးမောက် ရှေ့နားတွင် ညင်သာစွာ ရပ်သွား၏။

တစ်ဖက်က အပြုံးတွေနှင့် ကြိုဆို၍၊ တစ်ဖက်ကလည်း အပြုံးတွေနှင့် ရောက်လာ၏။

"ကိုညီ နေကောင်းတယ်နော်၊ ကြည့်ရတာတော့ သိပ်ကိုလန်းဆန်းတာပဲ..."

ကားပေါ်မှ ဆင်းရင်း ကိုမြတ်သူ မေးသည်။

တစ်ဖက်မှ မေသည်လည်း ချိုသော အပြုံးလေးတွေနှင့်





ဆင်းလာသည်။

ကိုမြတ်သူ အနီး၌ မေရပ်ဖြစ်သည်တွင် ကိုမြတ်သူသည် ချစ်ဇနီး၏ ပုခုံးလေးထက် လက်ကိုတင်ထားလိုက်၏။

စောဆင်မြူရယ်မိုးမောက်သည် ကိုမြတ်သူနှင့် မေတို့ ဇနီးမောင်နှံထံ ကြည့်ရင်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ရသည်ပါ။

"ဟုတ်ကဲ့၊ ကောင်းပါတယ် အစ်ကို၊ အစ်ကို နေကောင်းတယ်နော်..."

"အစ်ကိုကတော့ မြင်တဲ့အတိုင်းပဲ ကိုယ့်ညီရေ..."

"ဂရုစိုက်နေတာက ယောဒီက ငါးပူတင်းကြီးကိုပဲ..."

"အယ်..မေ့ကို ငါးပူတင်းတဲ့..."

"အဟွန်း..အဟွန်း..."

ကိုမြတ်သူ၏ ချစ်ဇနီးအား ချစ်စနိုးစကားတွင်...

မေသည်လည်း ချစ်စနိုးလေးဖြင့် မျက်လုံးလေးပြူးကာ ဆို၍...



www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ သဘောကျစွာ ရယ်ဖြစ်လိုက်ကြလေ၏။

"ကဲ..ညီရေ၊ အိမ်ထဲပဲ စကားပြောမလား၊ ခြံထဲပဲ စကားပြောမလား..."

"မနက်စာစားပြီးမှ ခြံထဲဆင်းကြတာပေါ့ အစ်ကို..."

"ကောင်းတယ်..."

"ကိုဖိုးချိုက မအူပင်မုန့်ဟင်းခါး ကောင်းကောင်းလေး လက်စွမ်းပြထားတယ်လေ..."

"ဟာ..သိပ်ကောင်းတာပေါ့ဗျာ..."

"အင်း..မအူပင်မုန့်ဟင်းခါးဆိုရင် မေလည်း ကြိုက်တယ်"

"မနှစ်က မအူပင်ကို တစ်ခေါက်ရောက်တယ်လေ၊ အဲဒီကတည်းက မအူပင်မုန့်ဟင်းခါးကို စွဲနေတာ..."

"မုန့်ဟင်းရည်ဆိုရင် ငါးဖတ်တွေနဲ့ ချိုနေတာပဲ..."

"အဲဒါတင် မကသေးဘူးဗျာ၊ မုန့်ဟင်းခါး စားပြီးရင် အချိုစားဖို့ဆိုပြီး မုန့်ကျွဲသဲလည်း ကြိုထားဗျာ..."





"ဟယ်..ဟုတ်တယ်၊ အမေလေး မြန်မာမုန့်ဖြစ်တဲ့ မုန့်ကျွဲသဲလည်း ကြိုက်တာပဲ..."

"ကဲ..ကဲ..ပြောနေတာ ကြာတယ်၊ အိမ်ထဲဝင်ကြရအောင်"

ပျော်ရွှင်စွာ စကားတွေဆိုရင်း အိမ်ထဲသို့ ဝင်ခဲ့ကြသည်။

ငါးပူတင်းက ရှေ့မှ အိမ်ထဲဝင်သွားသည်မို့...။

ကိုမြတ်သူသည် သူ့ဗိုးချဲ့အား နောက်မှ တွန်းကာ အိမ်ထဲဝင်ခဲ့၏။

"ကိုဖိုးချိုက မအူပင်သားဆိုတော့ မအူပင်မုန့်ဟင်းခါး ချက်ပိုင်တာပေါ့..."

"ဟုတ်တယ် အစ်ကို..."

"ကိုဖိုးချိုက ဟင်းချက်တွေလည်း တော်တယ် ကိုညီရေ"

"ဟုတ်တယ် အစ်ကို၊ အစက စားသောက်ဆိုင်တွေမှာ ကိုဖိုးချို စားဖိုမှူး လုပ်ခဲ့ဘူးတယ်လေ..."

"ဩော်..ဒီလိုလား..."



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စကားတွေဆိုရင်း ထမင်းစားခန်းထဲသို့ ရောက်ခဲ့သည်။

ထမင်းစားခန်းထဲ အရောက် မေနှင့် ကိုဖိုးချိုသည် မုန့်ဟင်းခါး ပုဂံတွေကို အသင့် ပြင်ဆင်ထားပြီး ဖြစ်၏။

"မနေ့ကတင် ကိုဖိုးချို မုန့်ကျွဲသဲ ထိုးတာ..."

"ညီလေးရေ သိပ်လည်း မမြောက်နဲ့၊ ကျုပ်ကမြောက်ရင် ဖေါက်သွားတတ်တယ်..ဟား..ဟား..ဟား..."

မုန့်ပုဂံတွေ ထည့်ပေးရင်း ကိုဖိုးချိုသည် ပြောရင်းက ရယ်သည်။

"ကဲ..ကဲ..နေရာယူ ထိုင်ကြ၊ ပျော်ပျော်ပါးပါးစား..."

ကိုမြတ်သူသည် စောဆင်မြူရယ်မိုးမောက်ကို စားပွဲတွင် နေရာချပေးပြီး အနီးတွင်ပင်ထိုင်ကာ မုန့်အတူတူ စား၏။

မေသည် မုန့်စားရင်းမှ သူတို့နှစ်ယောက်ဆီ ကြည့်ဖြစ်သည်။

မြင့်မြတ်သော၊ ပြည့်ဝသောစိတ်နှလုံးများနှင့် အေးချမ်းစွာရှိ ကြသော လူနှစ်ယောက်သည် အမှန်ကြက်သားရေ ရှိကြသည်ဟု





မှတ်ချက်ချ၏။

"ကိုဖိုးချို တစ်ယောက်ရှိတာ မေမေနန်းအတွက်ရော၊ အစ်ကို့ အတွက်ရော ပြည့်စုံနေတာပဲနော်..."

"မမြောက်နဲ့ဆို..."

မေ့စကား အတွက် မုန့်ကျွဲသဲထည့်နေရာမှ ကိုဖိုးချို လှမ်း ပြောသည်။

"ဟုတ်တယ်၊ ကိုဖိုးချိုက စွယ်စုံရလေ..."

"ကိုညီ ပြောတာ အမှန်ဆုံးပဲဗျာ..."

"မမြောက်နဲ့ဆို ဒီမောင်နှမသုံးယောက်တော့ ခက်တာပဲ..."

"မဖြစ်ပါဘူး၊ ဒီမောင်နှမသုံးယောက်ကြား နေလို့မဖြစ် တော့ဘူး..."

"ဟား..ဟား..ဟား..."

"အဟင်း..ဟင်း..."

ကိုဖိုးချို ဆိုရင်း ထွက်သွားသည်တွင် သူတို့ သဘောကျစွာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကျန်ရစ်၏။

သုံးယောက်သားမှာ မုန့်ဟင်းခါးကို မြိန်ယှက်စွာ စားရင်းမှ ကိုမြတ်သူသည် တစ်စုံတစ်ရာကို သတိရသလို ချစ်ဇနီးထံ ကြည့်ပြီးမှ…

စောဆင်မြူရယ်မိုးမောက်ထံ ကြည့်လာရင်းမှ…

"အင်း‥ဒါနဲ့ ကိုညီရေ၊ မေက ပြောနေတယ်…"

"ဘာလဲ အစ်ကို…"

"ကိုညီက အစ်ကို့ကို အလုပ်တစ်ခုလုပ်ဖို့ တိုက်တွန်းစရာရှိတယ်တဲ့၊ အဲဒါ ဘာအလုပ်လဲလို့…"

"ဟုတ်တယ်လေ၊ အစ်ကိုပဲ ဟိုနေ့က ပြောထားတာလေ၊ ဒါကြောင့် မေက အစ်ကိုကြီးကို ပြောပြထားတာ…"

"အဟွန်း‥တခြား မဟုတ်ပါဘူး အစ်ကို၊ အစ်ကို့ကို လေလံပွဲတစ်ခုမှာ ဝင်ဖို့ တိုက်တွန်းချင်တာပါ…"

"လေလံပွဲ…"





"ဟုတ်တယ်လေ အစ်ကို…"

"လေလံပွဲကိစ္စ ညီက ဘယ်လိုလုပ်သိလဲ…"

ကိုမြတ်သူ အမေးတွင် ရုတ်တရက်မို့ သူ ဆွံ့သွားရသည်။ ပြီးမှ…

"ကျွန်တော်လည်း ကြားမိတာပါ…"

"ဒီကိစ္စ သတင်းစာထဲတောင် မပါသေးပါဘူး၊ ညီ သိတာ အံ့သြစရာပဲ…"

တော်သေးသည် သတင်းစာထဲ ဖတ်လိုက်ရသည်ဟု မပြောမိ၍…

"ဟို‥ကျွန်တော့်ကို ဘယ်သူလာပြောမှန်း မသိဘူး၊ ပြောတဲ့သူတောင် မေ့သွားပြီ…"

မုန့်ပုဂံဆီသာ ကြည့်ပြီး ငြိမ်ငြိမ်လေး သူ ဆိုသည်။

ကိုမြတ်သူနှင့် မေသည် သူ့ထံသို့ အံ့သြဟန်အကြည့်တွေနှင့် ကြည့်နေသည်ကို သူ သိ၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

မေ့ထက် ကိုမြတ်သူသည် သူ့ထံသို့ အံ့ဩသော အကြည့်တွေနှင့် ကြည့်နေဆဲမှ စကားဆက်၏။

"ဟိုနေ့က မေမေနန်းကို လိုက်ပို့ပြီး အပြန်၊ မိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ ကိုယ်စကားပြော ကျန်ခဲ့တာ အဲဒီ လေလံကိစ္စပဲ ညီ..."

"ဩော်..."

အေးဆေးစွာပင် သူ ဆိုသည်။

"ညီက သိနေတာ အံ့ဩတယ်..."

"ကျွန်တော့်ဆီ လာလည်တဲ့ မိတ်ဆွေတစ်ယောက်က ပြောပြလို့ပါ..."

"အဲဒီနေ့က သုံးလေးယောက်လာတော့ ဘယ်သူပြောလဲတောင် ကျွန်တော် မေ့နေတယ်..."

"မေမေရီ ကိစ္စတုန်းကလည်း ညီပဲ သိတယ်နော်..."





"မေမေရီက ကျွန်တော့်ဆီ ဖုန်းဆက်လို့ပါ..."

လျော့ညီမည်ထင်သော စကားတွေနှင့် သူ့ဆိုရင်း မှင်သေစွာ ဖုံးကွယ်သည်။

"မေမေရီက သူ့ဆီ ချက်ချင်း မလာနိုင်တဲ့ သူ့ဆီကိုမှ ဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ မသိဘူးနော်..."

"ဆက်တာကတော့ မေမေ့ဆီဆက်တာ ဖြစ်မှာပါ အစ်ကို၊ ကျွန်တော်က ဖုန်းကိုင်တော့ ကျွန်တော်က အရင်သိတာပေါ့..."

"အို..အရေးမကြီးတာတွေ ပြောနေကြပြန်ပြီ..."

"စောစောက အလုပ်ကိစ္စအကြောင်းပဲ ဆက်ပြောကြပါ..."

မေ ဆိုတော့ စကားစပ်ပြတ်သွားသည်။ သူလည်း အသက်ရှူချောင်သွားသလို ရှိ၏။

ကိုမြတ်သူမှာသာ စိတ်တွင် မပြတ်မသားနှင့် ဇဝေဇဝါ ရှိရင်း...

"အင်း..အင်းလေ၊ ကဲ ညီ ပြောပါဦး..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လေလံပွဲကို အစ်ကို ဝင်ရမလား…"

"ကျွန်တော်ကတော့ တိုက်တွန်းချင်တယ် အစ်ကို၊ အစ်ကို စိတ်မဝင်စားရင်တော့ မလုပ်ပါနဲ့…"

"မှန်တာပြောရင် အစကတော့ အစ်ကို စိတ်မဝင်စားဘူး၊ အခု ညီက တိုက်တွန်းတော့ အစ်ကို ဝင်ပါလိုက်တော့မယ်…"

ကိုမြတ်သူ ဆိုရင်း မုန့်ဟင်းခါး စား၍ ပြီးသွား၏။

အားလုံး စားပြီးသည်တွင် ခြံထဲသို့ ဆင်းခဲ့ကြသည်။

မေသည် ကိုမြတ်သူ ဘေးတွင် လမ်းလျှောက်ခဲ့ပြီး…

ကိုမြတ်သူသည်က သူ၏ ပုံးချဲ့အား တွန်းခဲ့၏။

ခြံထဲမှ ကြည်လင်လတ်ဆတ်သော လေအေးသည် သူတို့တွေ၏ ကိုယ်စိတ်နှစ်ပါးအား ကြည်လင်လန်းဆန်းစေ၏။

"ဟော့…ညီလေးတို့၊ အစ်ကို ဟိုနားမှာ အချိုပွဲပြင်ထားပေးတယ်၊ သွားစားကြ…"

ပန်းပင်တွေ ရေလောင်းနေသည့် ကိုဖိုးချို လှမ်းပြောသည်။





လေအဝေ့တွင် ခရေနံ့လေးများသင်းသည့် ခရေပင်ကြီး အောက်သို့ သူတို့ လှမ်းခဲ့ကြသည်။

ခရေပင် အောက်အရောက် ကိုမြတ်သူသည် သူ့ကို နေရာချ ပေးပြီး…

ဖေနီးမောင်နှံနှစ်ဦးသည် သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက် ကြသည်။

"ကဲ…ကိုဖိုးချို့ရဲ့ မုန့်ကျွဲသဲလေး အားပေးလိုက်ကြပါဦး…"

သူဆိုသည်တွင် မုန့်ကျွဲသဲတုံးလေးတွေကို ဇွန်းလေးတွေနှင့် ဇတ်ကာ စားဖြစ်ကြသည်။

ကိုမြတ်သူသည် သူ့အား စိတ်ဝင်စားမှုတစ်ခုခု ရှိနေပြီကို မကြည့်ဘဲနှင့် သူ သိလိုက်၏။

"ဟင်း…"

စိတ်ထဲမှ မသိမသာ သက်မဖောအား သူ ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် ဘယ်အချိန်ကတည်းက ရှိနေမှန်းမသိသည့် အစွမ်းအကြောင်းအား သူသည် ဖွင့်ဆိုရန် အချိန်မတန်သေးဟု ထင်၏။

ပြီးတော့ မိမိကိုယ်မိမိလည်း သေချာအောင် စမ်းသပ်စောင့်ကြည့်ချင်သေးသည်ပါ။

ပြီးခဲ့သည့် အချိန်က အဖြစ်အပျက်များကဖြင့် သေချာသည်က အမှန်။

သို့သော်လည်း လူတွေကိုဖြင့် ဖွင့်၍ မဆိုရဲသေး။

ယခု ကိုမြတ်သူက မိမိအား လေ့လာနေပေပြီ။

မိမိအနေဖြင့် သူများကို ဖွင့်မပြောဟု မဆုံးဖြတ်။

ပြောတော့ပြောမည်။ သို့သော်လည်း မိမိကိုယ်မိမိ စောင့်ကြည့်ချင်သေး၏။

"ကိုယ်ထင်တယ်ညီ၊ ညီက တိုက်တွန်းတယ်ဆိုရင် ဒီလေလံတင်ပွဲမှာ ကိုယ်အောင်မြင်မှာပဲ..."





"ကျွန်တော်လည်း အစ်ကို့ကို ယုံကြည်လို့ တိုက်တွန်းတာပါ"

"အဟွန်း..ဟွန်း..."

ကိုမြတ်သူ ရယ်သည်။

ဘယ်အတွက် ရယ်သည်ကိုလည်း သူ သိသည်။

မှန်သည်။

ကိုမြတ်သူသည် သူ၏ စကား×××ထုတ်ခြင်းကို သဘောပေါက်နေသည် မဟုတ်ပါတကား။

မငြင်းသာ၍သာ နေရသည် ကိုမြတ်သူ စိတ်ထဲမတော့ မတင်မကျကြီး ရှိနေရချေ၏။

"ဒါနဲ့ အစ်ကို၊ အစ်ကို့ ငါးပူတင်းလည်း မကြာတော့ဘူး ထင်တယ်..."

"ကြည့်..မေ့ နာမည်တော့ ပျက်ပါပြီ..."

"မေရေ..ဒီနာမည်က အချိန်အခါနဲ့မှ ခေါ်လို့ရတဲ့နာမည်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ မေ ဂုဏ်ယူရမှာ…”

“အစ်ကို ပြောတာ မှန်တယ်…”

သူတို့စကားအတွက် မေသည် ကြည်နူးစွာ ပြုံး၍ နေသည်။

“ညီရေ..အစ်ကိုကတော့ စက္ကန့်နဲ့မပြတ် မေ့ဆီက လာမယ့် ချည့်သည်လေးကို စောင့်ကြို့နေရတယ်…”

ကိုမြတ်သူ၏ ချမ်းမြေ့သော မျှော်လင့်ချက်တွေနှင့် ဆိုသော စကားအတွက်…

မေရောသူပါ ကိုမြတ်သူထံ ချစ်ခင်လေးစားရသော အပြုံးတွေနှင့် ကြည့်ဖြစ်ရလေ၏။

“ဒါနဲ့ အစ်ကိုကြီး၊ လေလံတင်ပွဲက ဘယ်နေ့လဲဟင်…”

“အစ်ကိုကြီး ထင်တာတော့ လာမယ့် ကြာသပတေးနေ့လောက် ဖြစ်မယ် ထင်တယ်…”

“အစ်ကိုကြီး တကယ်ပဲ လေလံသွားဆွဲမှာလားဟင်…”





“ဆွဲမှာပေါ့၊ မေ့ကိုပါ ခေါ်သွားမယ်…”

“တကယ်ခေါ်နော်…”

“စိတ်ချ..ဒီအထဲက ချည့်သည်လေးက စိတ်ချရပါတယ်နော်”

“အိုး..စိတ်ချ၊ တစ်ပတ်တောင် လိုသေးတာ…”

“မေမေနန်း ပြန်လာမှ မွေးမှာ၊ မေမေနန်းက ရှေ့အပတ် တနင်္ဂနွေနေ့ သွားကြို့ရတော့မယ်လေ…”

“အင်း..ဒီရတနာဆက်တိုက်ကြီး လေလံတင်ပွဲမှာ မဖွင့်ဖို့ပဲ အရေးကြီးပါတယ်…”

“အဟင်း..ဟင်း..စိတ်ချပါ အစ်ကိုကြီးရဲ့…”

ကိုမြတ်သူနှင့်မေတို့ ဇနီးမောင်နှံဆီ သူ ကြည့်ကာ အမှန် ကြည်နူးနေရသည်။

ကိုမြတ်သူ၏ ပြည့်ဝဖြူစင်လွန်းသော စိတ်ထားကဖြင့် လက်ဖျားခါလောက်၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

ထိုနေ့ကတစ်နေ့လုံး ကိုမြတ်သူသည် သူ၏လုပ်ငန်းများနှင့် မေ၏ လုပ်ငန်းများအကြောင်းကို ပြောဆိုပြရင်း...

သူလိုချင်သည့် သားသမီးဦးရေနှင့် သားသမီးများ၏ ရှေ့ရေးကို ပြောဆိုကာ...

ချစ်ဇနီးမေနှင့် သူ့ကိုပါ အစ်ကိုကြီးသဖွယ် အကြင်နာဆုံး နွေးနွေးထွေးထွေး ဆက်ဆံခဲ့ပါသတည်း။ ။





## - တစ်ဆယ့်လေး -

ထုံးစံအတိုင်း ညဉ့်ဦး၌ပင် ဇနီးမောင်နှံနှစ်ဦး ဘုရားခန်းဝင်၍ ဘုရားရှိခိုးပြီးပြီဖြစ်၏။

ဘုရားရှိခိုးပြီးနောက် ကိုမြတ်သူသည် အလုပ်စားပွဲတွင် ဝင်ထိုင်သည်။

မေသည်လည်း ဆိုဖာတစ်ခုတွင် ဝင်ထိုင်ကာ မဂ္ဂဇင်းစာအုပ်လေးကို အေးဆေးစွာဖတ်မည်ပြု၏။

မေနှင့်ကိုမြတ်သူတို့၏ အိမ်ထောင်ရေးကဖြင့် ကိုယ်ရောစိတ်ပါ အေးချမ်းသာယာကြပေ၏။

ကိုမြတ်သူသည် အလုပ်မှစောစော ပြန်သည့်နေ့များတွင် ချစ်



www.burmeseclassic.com

www.burmeseclassic.com



ဇနီး မေအား အထူးဂရုစိုက်၏။

ညစာ စားပြီးတိုင်း ချစ်ဇနီးနှင့်အတူ လမ်းလျှောက်သည်။

ကိုမြတ်သူသည် မေ့အလုပ်များကိုပါ တွဲလုပ်ပေးရ၍ တစ်နေ့ တစ်နေ့ အချိန်မလောက်သလိုပင် ဖြစ်ရ၏။

မေကလည်း ခင်ပွန်းသည်အပေါ်တွင် သိတတ်နားလည်မှု လေးများ ထားပေးပါသည်။

တစ်ခါတစ်ရံ ကိုယ်ဝန်ကြီးနှင့်ပေမယ့် မေသည် ခင်ပွန်းသည် ကို သနား၍ ဝိုင်းကူလုပ်ပေးသည်။

ထိုအခါများတွင် ကိုမြတ်သူသည် ချစ်ဇနီးပေါ်တွင် အချစ်ပို ရ၏။

မေကလည်း ခင်ပွန်းသည် ပင်ပမ်းမည်ကို စိုးသည်။

ကိုမြတ်သူကလည်း ချစ်ဇနီးလေး ပင်ပမ်းမည်ကို စိုးသည်။

ခုတော့ မေက မွေးခါနီးပြီဖြစ်၍ အလုပ်ကိုလုပ်ဖို့ နေနေသာ၊ လှည့်၍ပင် မကြည့်နိုင်းတော့ပါ။





မေ့အတွက် အချိန်ဇယားကို ကိုမြတ်သူ ဆွဲပေးထားသည်။

မနက်စောစော ဇနီးမောင်နှံနှစ်ဦး လမ်းလျှောက်သည်။

လမ်းလျှောက်ရာက ပြန်လျှင် မေမေနန်းတို့အိမ်ကို ဝင်သည်။

စောဆင်မြူရယ်မိုးမောက်နှင့် စကားပြောဖော်အဖြစ် မေ့ကို ထားခဲ့ပြီး…

မေမေနန်း လုပ်ကျွေးသည့် အနက်စာကို စားကား သူကဟို တယ်သို့ သွား၏။

ခုနောက်ပိုင်းတော့ မေမေနန်း မရှိ၍ ကိုဖိုးချို လုပ်ကျွေးသည့် မနက်စာ၊ ညစာတွေကို အားလုံး နှစ်ခြိုက်စွာ စားကြရ၏။

သူတို့အတွက် နှစ်အိမ်တစ်အိမ် ဖြစ်နေရသည်။

အလုပ်မှပြန်လာလျှင် မေ့ကို ဝင်ခေါ်သည်။

စောဆင်မြူရယ်မိုးမောက်နှင့် စကားတွေပြောဆို တိုင်ပင် ဆွေးနွေးပြီး ညစာ စားကြပြီးနောက် အိမ်ပြန်ခဲ့ကြ၏။

အိမ်ပြန်ရောက်လျှင်လည်း ဇနီးမောင်နှံနှစ်ဦးမှာ မိမိတို့ အိမ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထဲ လမ်းအနည်းငယ် လျှောက်ကြသေးသည်။

ခြံထဲ လမ်းလျှောက်လျှင် ညည့်ခန်းတွင် အေးဆေးစွာ ထိုင်သည်။

ပြီးတော့ ဘုရားခန်းဝင်၊ ဘုရားရှိခိုးပြီးနောက် လုပ်စရာလေး တွေရှိကာ ဆက်လုပ်ကြ၏။

ယခုလည်း ဘုရားရှိခိုးပြီး၍ ကိုမြတ်သူသည် အလုပ်စားပွဲ တွင် ထိုင်ပြီး…

မေကမူ ဆိုဖာထက်ရှိကာ မဂ္ဂဇင်းစာအုပ် ဖတ်နေလိုက်၏။

ကိုမြတ်သူသည် မန်နေဂျာပေးလိုက်သည့် ဝန်ထမ်းအသစ် ရွေးချယ်မှုစာရင်း စာရွက်ဆီကြည့်နေဆဲမှ…

မနက်ဖြန်လေလံဆွဲရမည့် ကိစ္စဆီ အတွေးရောက်သွားသည်။

တဆက်တည်းလည်း သူ့အား လေလံဆွဲရန် တိုက်တွန်းနေ သည့် စောဆင်မြူရယ်မိုးမောက်ဆီ အတွေးရောက်ရ၏။

"မေရေ..ကိုယ်စဉ်းစားမိတယ်ကွယ်…"





ကိုမြတ်သူသည် အလုပ်စားပွဲမှထကာ မေ့ထံ လှမ်းခဲ့ရင်း အလေးအနက် ဆိုသည်။

"ဘယ်စဉ်းစားတာလဲ အစ်ကိုကြီး…"

ခင်ပွန်းသည် စကားကြောင့် မေသည် အရေးတယူရှိကာ ဖတ်လက်စစာအုပ်ကို ပိတ်၍ ဆို၏။

"ကိုမိုးအကြောင်းပါ မေ…"

ဆိုရင်း ချစ်ဇနီးအနီး၌ သူ ထိုင်ချလိုက်သည်။

"ကိုမိုးအကြောင်း…"

"ဟုတ်တယ် မေ..ကိုမိုးက ကိုယ့်ကို လေလံဆွဲဖို့ တိုက် တွန်းတယ်လေ…"

"တကယ်ဆိုရင် အဲဒီကိစ္စကို သူ ဘယ်လိုလုပ်ပြီး သိတာလဲ ဆိုတာ ကိုယ်စဉ်းစားလို့ မရဘူးဖြစ်နေတယ်…"

"သူ ပြောတော့ သူ့ဆီလာလည်တဲ့ မိတ်ဆွေတွေက ပြောတယ်ဆို…"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မဖြစ်နိုင်ဘူးလို့ ကိုယ်ထင်တယ် မေ…"

"ရှင်…"

"ဟုတ်တယ် မေ၊ ဒီကိစ္စက အစိုးရနဲ့ ကိုယ့်မိတ်ဆွေတွေ ဖက်စပ်လုပ်တဲ့ ကိစ္စ…"

"ကိုယ့်ကို ကိုမိုး ပြောတဲ့အချိန်က လေလံဆွဲဖို့ အစီအစဉ်ကို စီစဉ်စပဲ ရှိသေးတာ…"

"ဘယ်သူမှတောင် မသိသေးဘူး၊ ညနေဘက်ကျတော့ လေလံကိစ္စကို ကိုမိုးက ပြောတယ်ဆိုတော့…"

စကားတစ်ပိုင်းတစ်စကို ကိုမြတ်သူ ဖြတ်ထားလိုက်သည်။

မေသည်လည်း ကိုမြတ်သူကို ကြည့်နေမိသည်။

"မေမေနန်းလည်း မိသဘူး၊ သားက မေမေရီ အခြေအနေ မကောင်းဖြစ်နေတယ်၊ မေမေ မြန်မြန်သွားပါပြောလို့ ရီဆီကို မေမေနန်း အပြေးလာကြည့်တော့ အသက်မီယုံရှိတာ သမီး…"

ခင်ပွန်းသည်ထံ ကြည့်ရင်း၊ မေမေ မဆုံးခင်က မေမေနန်း၊





ပြောသော စကားကို ::: အမှတ်ရမိနေခြင်းပါ။

ထိုအချိန်က မေမေ့ဆီသို့ မေမေနန်းနဲ့ မေတို့ဇနီးမောင်နှံ နှစ်ဦး မရှေးမနှောင်း ရောက်လာခဲ့ကြသည်။

မေမေရီ စကားပင် မပြောသွားနိုင်ပါတော့။

"မေ··ဘာတွေ စဉ်းစားနေတာလဲ…"

"မေလည်း ကိုမိုး အကြောင်း စဉ်းစားနေတာ…"

"ဘာကိုလဲ…"

"မေမေဆုံးတဲ့ အချိန်ကလေ…"

"အင်း··အဲဒါလည်းဟုတ်တယ်၊ မေ အဲဒီတုန်းကလည်း ကိုမိုး ပြောတော့…"

"သူ့ဆီကို မေမေရီက ဖုန်းဆက်တာတဲ့…"

"ကိုယ်တို့အိမ်ရောက်တော့ မေမေရီကို ထမင်းစားခန်းကနေ အိပ်ခန်းဆီကို ခေါ်ခဲ့ရတာ…"

"မေမေရီ အနေနဲ့ ဖုန်းက ဘယ်လိုလုပ် ဆက်နိုင်မှာလဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အဲဒါတစ်ခုကတော့ မေမေရီနဲ့ စကားမပြောလိုက်ရလို့ ထားလိုက်တော့..."

"အခု လေလံကိစ္စက စဉ်းစားလို့ကို မရတာ မေ..."

"အစ်ကိုကြီး ပြောလို့ မေတောင် စိတ်ဝင်စားနေပြီ..."

"ကိုယ်က မှန်တာပြောရရင် ကိုမိုးကို ကြည့်ပြီး အစကတည်းက ကြည့်ပြီး စိတ်ဝင်စားနေတာ..."

"တစ်ခုတော့ ရှိတယ်ပေါ့လေ၊ သူ့ရဲ့ချောမော တည်ကြည်မှုနဲ့ စိတ်သဘောထား ပြည့်ဝမှုတွေလည်း ပါတယ်..."

"အဟင်း..ဒီစကား ဟိုကကြားရင် ကိုဖိုးချိုကို အစ်ကိုကြီး အကြိုက် ထမင်းဟင်းတွေ ဆယ့်နှစ်ရာသီ ချက်ကျွေးနိုင်းနေဦးမှာ..."

"အဟွန်း..ဟွန်း၊ ဒီလိုတော့ ကိုယ်က ငြင်းမှာပါ..."

"ဘာကြောင့်လဲဆိုတော့ ကိုယ့်မိန်းမချက်တဲ့ လက်ရာတွေလည်း စားချင်သေးတယ်လေ..."

"စိတ်ချပါ အစ်ကိုကြီး၊ မေ ကလေးမွေးပြီးရင် အစ်ကိုကြီး





ကလေး တာဝန်တွေကို မေ အပြည့်အဝ တာဝန်ယူမှာပါ..."

"ကျေးဇူးတင်ပါတယ် မိန်းမရယ်၊ ကဲ..ကဲ..အညောင်းမိတော့မယ်၊ အိပ်ယာဝင်ကြရအောင်နော်..."

ကိုမြတ်သူ ဆိုရင်း ချစ်ဇနီးကို လက်မောင်းလေးမှ တွဲခေါ်ခဲ့သည်။

"မေမေနန်းကို သဘာက်ခါ သွားကြို့ရတော့မယ်နော် အစ်ကိုကြီး..."

"ဟုတ်တယ်လေ၊ ကိုယ်တို့လင်မယားနှစ်ယောက် သွားကြိုကြတာပေါ့..."

ဆိုရင်း အိပ်ခန်းဆီသို့ ရောက်ခဲ့သည်။

"မေ..အားဆေး သောက်လိုက်ဦးနော်..."

ကိုမြတ်သူ ဆိုရင်း ချစ်ဇနီးကို ဆေးတိုက်သည်။

မေသည် ဆေးသောက်ရင်း ခင်ပွန်းသည်၏ ခန့်ညားချောမောသသော မျက်နှာဆီ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ခင်ပွန်းသည်ကို ဖခင်လိုချစ်အားကိုးရသည်။ ခင်ပွန်းသည် ရင်ခွင်ထဲသို့ မေသည် ချမ်းမြေ့စွာဝင်လိုက်သည်။

ကိုမြတ်သူသည်လည်း ချစ်ဇနီးလေးအား အေးချမ်းသော ချစ်မေတ္တာ အပြည့်ဖြင့်…

ညအစဉ်သည် မေနှင့်ကိုမြတ်သူတို့အတွက် သာယာချမ်းမြေ့မှုနှင့် ပြီးပြည့်စုံနေရသည်တကား။ ။





- တစ်ဆယ့်ငါး -

လေလံတင်ပွဲကြီးကဖြင့် ပြီးဆုံးသွားပြီ ဖြစ်သည်။

မှန်သည်။

အစိုးရနှင့်ပတ်သက်သည့် ရေထွက်ပစ္စည်း ပုလဲရတနာများအား လေလံတင် ရောင်းချခြင်းပါ။

လေလံဆွဲသူများထဲမှ အမြင့်ဆုံးဈေးပေးနိုင်သည့် ကိုမြတ်သူသည် အနိုင်ရရှိသွား၏။

ကိုမြတ်သူနှင့် မေလွင်သင်းတို့၏ လှသော၊ ချောသော မျက်နှာများသည် အပြုံးတို့ဖြင့် ဝင်းပနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလွန်း၍ ကိုမြတ်သူသည် ချစ်ဇနီးလေးလက်ကို ဆုပ်ကိုင်ထားသည်မှာ မလွှတ်စတမ်းပင်။

မေလွင်သင်းသည်လည်း ပြုံးပန်တို့ဝေသော မျက်နှာလှလှလေးဖြင့် ခင်ပွန်းသည်ထံ ကြည့်သည်။

"ဆရာကိုမြတ်သူ ဂုဏ်ယူတယ်ဗျာ..."

"ကိုမြတ်သူ ဝမ်းသာတယ်ရှင်..."

"ကိုမြတ်သူကတော့ဗျာ၊ ပိုင်ပြီးရင်းပိုင်ပဲ၊ တကယ်ဝမ်းသာပါတယ်ဗျာ..."

"ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ..."

"အဟင်း..ဟင်း..ကျေးဇူးတင်ပါတယ်ရှင်..."

လာရောက်ဂုဏ်ပြု ချီးမွမ်းသူများအား ဇနီးမောင်နှံနှစ်ယောက်စလုံးသည် လှိုက်လှဲသော ကျေးဇူးတင်စကားများ ပြန်လည်ပြောဆိုနေကြသည်။

"ကိုမြတ်သူ ဝမ်းသာတယ်ဗျာ..."





"ကိုမြတ်သူ ရသွားတာ ဝမ်းသာတယ်ရှင်..."

ဝမ်းသာစကားဆိုကာ လာရောက်နှုတ်ဆက်သူတွေက မစဲ။

လေလံပွဲပြီးပြီမို့ တချို့လည်း ပြန်ကုန်ကြပြီ...

တချို့က ဟိုတစ်စုဒီတစ်စု စကားပြောနေကြသေးသည်။

တချို့က ကိုမြတ်သူနှင့် မေလွင်သင်းတို့ မောင်နှံအား အားကျဂုဏ်ယူစွာ လာရောက်နှုတ်ဆက် စကားဆိုကြဆဲ ရှိသည်။

ကိုမြတ်သူ၏ မန်နေဂျာကြီးမှာလည်း ကိုမြတ်သူတို့ ဇနီးမောင်နှံ နဘေးတွင် ရပ်လာကာ လက်တွဲခေါ်လိုက်သည်။

မန်နေဂျာသည် မိမိအား လာခေါ်သည့် သူကိုကြည့်လိုက်ပြီး...

"ဘာကိစ္စများ..."

"ခင်ဗျားက ဒီက သူဌေးရဲ့ မန်နေဂျာနော်..."

"ဟုတ်ပါတယ်၊ ခင်ဗျားက..."

"ကျွန်တော်က သတင်းထောက်ပါပဲ၊ ဒီလေလံပွဲကို ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



လာရိုက်တာလေ…”

“ဩော်…”

“ကျွန်တော့်ကို ဟိုက ဇနီးမောင်နှံနှစ်ဦးက အကူအညီတောင်း လို့ပါ…”

“ဘာများ ဘာလိမ့်ဗျာ…”

“ခင်ဗျားနဲ့ အရင်ဆုံး စကားပြောချင်လို့တဲ့…”

“အဲဒါ ကျွန်တော်က ပြောသံကြားတော့၊ သူတို့ကိုယ်စား ကျွန်တော် ခင်ဗျားကို လာခေါ်ပေးတာပါ…”

“ခင်ဗျားသူဌေးရဲ့ကိုယ်စား မန်နေဂျာကြီးက အရင်ဆုံး စကား ပြောမယ်ဆိုရင်ပေါ့ဗျာ…”

“ဩော်‥ရပါတယ်ဗျာ၊ ရပါတယ်၊ သူတို့ကို ကြည့်ရတာ လည်း စီးပွားရေးသမားတွေပုံပါပဲ…”

“ကျွန်တော်လည်း တွက်မိပါတယ်၊ ကဲ‥ခင်ဗျား သွားစကား ပြောကြည့်လိုက်ပါဦးနော်…”





“ကောင်းပါပြီ…”

သတင်းထောက်နှင့် စကားစပြတ်ပြီး ကိုမြတ်သူ မန်နေဂျာ သည် ခပ်လှမ်းလှမ်းတွင် ရပ်နေသည့် ဇနီးမောင်နှံနှစ်ဦးဆီသို့ လှမ်း ခဲ့သည်။

“မန်နေဂျာနော်…”

“ဟုတ်ပါတယ်ခင်ဗျာ…”

တစ်ဖက်က လှိုက်လှဲစွာ ဆိုမေးလာ၍ မန်နေဂျာကြီးလည်း လှိုက်လှဲစွာ ဖြေသည်။

ကြည့်ရသည်မှာ စီးပွားရေးသမားချင်းမို့ စကားပြောဆို ကောင်းမည့် ပုံပါပင်။

“ကျွန်တော်တို့က ရတနာကုန်သည်တွေပါ၊ ဒါပေမယ့် လေလံတင်ပွဲလာတာ နောက်ကျသွားလို့ မမီတော့ဘူး…”

“ဩော်‥ဟုတ်ကဲ့၊ ကျွန်တော့်ကို ပြောစရာရှိတယ်ဆိုတဲ့ ကိစ္စက…”



www.burmeseclassic.com

www.burmeseclassic.com



"တခြားမဟုတ်ပါဘူးရှင်၊ တကယ်လို့ ကိုမြတ်သူ အနေနဲ့ အခု လေလံဆွဲလို့ရတဲ့ ပစ္စည်းတွေကို ပြန်ရောင်းမယ့် အစီအစဉ်ရှိမယ် ဆိုရင် ကျွန်မတို့ ခုပဲ စကားပြောသွားချင်လို့ပါ..."

"ဪ..အဲဒါလား၊ ဒါဖြင့် ကျွန်တော် သူဌေးနဲ့ တိုက်ရိုက် စကားပြောလို့ ရပါတယ်..."

"သူဇနီးလည်း ရှိတယ်ဆိုတော့ အတော်ပါပဲ၊ ခင်ဗျားတို့ ကိုယ်တိုင်လည်း မေးကြည့်ကြပါ..."

"လာ..လာ၊ ကျွန်တော်နဲ့လိုက်ခဲ့..."

"ဟုတ်ကဲ့..."

မန်နေဂျာနောက်သို့ ဇနီးမောင်နှံနှစ်ယောက် လိုက်ခဲ့ကြသည်။

"သူဌေး..."

မန်နေဂျာ ခေါ်သည်။

"ဪ..."

ကိုမြတ်သူနှင့် မေလွင်သင်းသည် ဪ ဟူသော အကြည့်နှင့်





မန်နေဂျာနှင့် ပါလာသည့် ဇနီးမောင်နှံဆီ ကြည့်ဖြစ်ကြသည်။

"ဒီက ဧည့်သည်တွေက သူဌေးတို့နဲ့ စကားပြောချင်လို့ပါတဲ့"

"ဘာကိစ္စများလည်းခင်ဗျာ..."

ဧည့်သည်ဇနီးမောင်နှံဆီ ကြည့်ပြီး ကိုမြတ်သူ မေးသည်။

မေလွင်သင်းသည်လည်း အပြုံးဖြင့် ဧည့်ဝတ်ပြုသည်။

"ဒီလိုပါ ကိုမြတ်သူ အခု ကိုမြတ်သူ လေလံဆွဲလိုက်တဲ့ ပစ္စည်းတွေကိုများ ပြန်ရောင်းချဖို့ စိတ်ကူးရှိမယ်ဆိုရင်..."

"ကျွန်တော်တို့ ဝယ်ချင်လို့ပါ၊ ကျွန်တော်တို့က ရှေးဟောင်း ကုန်သည်တွေပါ..."

"ဒီလေလံပွဲကို လာဖို့ပါပဲ၊ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျသွားတယ်..."

အမျိုးသားက ဆိုသည်။

ဆိုလိုရင်းအား ကိုမြတ်သူရော မေလွင်သင်းပါ သဘော ပေါက် သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ကိုမြတ်သူသည် ချစ်ဇနီးချော အပြုံးဖြင့် ကြည့်ရင်းမှ ညွှန့်သည်ဇနီးမောင်နှံဆီ ကြည့်ပြီး…

"ဩော်…ကျွန်တော် သဘောပေါက်ပြီဗျာ…"

"အဟွန်း…ကျွန်တော့်အနေနဲ့က ဒီရေထွက်ပစ္စည်းတွေ လေလံဆွဲဖို့ စိတ်ကူးမရှိခဲ့ပါဘူး…"

"ဒါပေမယ့် ကျွန်တော့်ညီက ကျွန်တော့်ကို လေလံဆွဲဖို့ တိုက်တွန်းလိုက်တော့ ကျွန်တော် လာဆွဲတာ…"

"ခုတော့ ကျွန်တော် ရသွားတာပေါ့ဗျာ…"

"ကျွန်တော့်ညီကလည်း ပြောတယ်လေ၊ သေချာပေါက် ကျွန်တော် ရမယ်တဲ့…"

"ပြီးတော့ သေချာပေါက် အမြတ်အစွန်းတွေလည်း ကျွန်တော် ရမယ်တဲ့၊ အဟွန်း…အဟွန်း…"

"ဒါဆို ကိုမြတ်သူညီ ဗေဒင်တွက်တာ မှန်နေပြီပေါ့ဗျာ…"

"ကိုမြတ်သူ ရောင်းမယ်ဆိုရင် ခုပဲ ကျွန်တော်တို့ အရောင်း





အဝယ် စကားပြောချင်ပါတယ်…"

မန်နေဂျာသည် စိတ်ထားမြင့်မြတ်သော မိမိသူဌေး၏ အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်စွာ ကြည့်၍နေသည်။

မေသည်လည်း ခင်ပွန်းသည်နှင့် တစ်ဖက်မှ ဇနီးမောင်နှံတို့ အလုပ်စကားပြောနေသည်ကို အပြုံးဖြင့် နားထောင်နေရင်းမှ…

မေ၏ နားထဲ စောဆင်မြူရယ်မိုးမောက်၏ စကားသံများအား ပြန်လည်ကြားယောင်ကာ…

မေ မျက်ဝန်းထဲမလည်း၊ စောဆင်မြူရယ်မိုးမောက်၏ အသွင်ချောချောအား မြင်ယောင်နေဖြစ်ရပါသတည်း။

"ကျွန်တော်ကတော့ ပြန်ရောင်းဖို့ အစီအစဉ် ရှိပါတယ်…"

"ဒါပေမယ့် ဈေးကိုတော့ ကျွန်တော် မသတ်မှတ်ရသေးဘူးလေ…"

"ကျွန်တော့်ဇနီးနဲ့ နောက်မှာပဲ အေးအေးဆေးဆေး တိုင်ပင



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ဆုံးဖြတ်ထားတာ..."

"ဒါဖြင့်လည်း ဒီလိုလုပ်ပါလား ကိုမြတ်သူရယ်..."

"ရောင်းဖို့အစီအစဉ်ရှိထားမှတော့ ကျွန်တော်တို့ကိုပဲ ရောင်းလိုက်ပါ..."

"ကျွန်တော်တို့အနေနဲ့လည်း အချိန်ယူပြီးမှ ပြန်ရောင်းရမယ်ဆိုတော့ ကျွန်တော်တို့က ငွေကို မြှုပ်နှံထားရဦးမှာပါ..."

"ဒါဖြင့် ကိုမြတ်သူကို ကျွန်တော်တို့က အမြတ်ငွေ နှစ်ဆပေးပါ့မယ်..."

"ကိုမြတ်သူ အနေနဲ့ကတော့ ချက်ချင်း ငွေပေါ်သွားတာပေါ့ဗျာ..."

"အဲဒါလေးတစ်ချက် ကိုမြတ်သူ စဉ်းစားပေးမလား..."

တစ်ဖက်လူ၏စကားအား မေ အပါအဝင် ကိုမြတ်သူရော မန်နေဂျာပါ စဉ်းစားသည်။

ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။ ပြီးမှ





ကိုမြတ်သူသည် ချစ်နှီးမေအား အဓိကထားပြီး...

"မေ..ဘယ်လို သဘောရလဲဟင်၊ မေကလည်း မွေးတော့မှာမို့၊ ရက်ပိုင်းလောက်ပဲ လိုတော့တာ..."

"ဘယ်လိုလဲ၊ ကျွန်တော့်ရဲ့မန်နေဂျာလည်း ပြောပါဦး..."

"ဒီကိစ္စ သူဌေးကတော်ပဲ ဆုံးဖြတ်ပါစေ..."

ကိုမြတ်သူ စကားအား မန်နေဂျာ ဆိုသည်။

ကိုမြတ်သူသည် ချစ်နှီးအား အလေးထားသော၊ ချစ်မြတ်နိုးသော အပြုံးနှင့်ကြည့်ရင်း...

"ကဲ..မေပဲ ပြောတော့ကွယ်..."

"သူဌေးကတော်ပဲ ပြောပါဗျာ..."

ဝယ်လိုသူ မောင်နှံကလည်း အပြုံးတွေနှင့် မေ့ကို ကြည့်ကာ အားပေးသည်။

"အင်း..မေ့ အနေနဲ့ပြောရရင်တော့ ခုနက မေ့ခင်ပွန်း ပြောသလိုပဲရှင်..."



www.burmeseclassic.com

www.burmeseclassic.com



"မေ့ ခင်ပွန်းက လေလံအကြောင်းလည်း နားလည်တာ မဟုတ်ပါဘူး…"

"မေ့အစ်ကိုက တိုက်တွန်းလို့သာ မေတို့ လုပ်ဖြစ်တာ…"

"ပြီးတော့ မေကလည်း မွေးဖွားခါနီးပြီဆိုတော့…"

"ဒီကိစ္စတွေကို တိုင်ပင်ဖို့လည်း အချိန်ပေးနိုင်မယ် မထင်ဘူး"

"ဒါကြောင့် ရှင်တို့ပြောသလိုပဲ၊ ကျွန်မတို့အရောင်းအဝယ်ကို လက်ခံလိုက်ရင် ကိစ္စတစ်ခု ပြီးပြတ်သွားတာပေါ့ရှင်…"

"ဝမ်းသာတယ်ဗျာ…"

"ကျေးဇူးတင်ပါတယ် သူဌေးကတော်ရယ်…"

ဝယ်လိုသူ ဇနီးမောင်နှံမှာ ဝမ်းသာအားရဆိုကြသည်။

မေ့စကား အဆုံး၌ ဝယ်လိုသူ ဇနီးမောင်နှံနှင့် မန်နေဂျာတို့ စကားဆက်ဆိုကြသည်။

အမြတ်အစွန်းနှင့် ဘယ်နေ့ဘယ်ရက်တွင် ငွေအပြတ်ချေမည့် အကြောင်း…





အလုပ်စကားများ ပြောဆို ရက်ချိန်းပြီးသည်တွင် မန်နေဂျာသည် ဟိုတယ်သို့ ပြန်သွားပြီး ကိုမြတ်သူနှင့် မေလွင်သင်းကား…

တရားထိုင်နေသည့် မေမေနန်းအား သွားကြို့ရန် ဆက်ထွက်ခဲ့ကြသည်။

လမ်းတစ်လျှောက်၌ ဇနီးမောင်နှံနှစ်ဦး စကားမပြောဖြစ်။ မှန်သည်။

အတွေးကိုယ်စီသည် စောဆင်မြူရယ်မိုးမောက်ဆီသို့ ရောက်ကြရကာ…

ကိုယ်စီ မျက်ဝန်းထဲတွင်မလည်း စောဆင်မြူရယ်မိုးမောက်၏ ရုပ်သွင်ချောချောအား မြင်ယောင်နေဖြစ်ရကြချေသည်ကား။ ။



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်ခြောက် -

သုံးနှစ်ကြာပြီးနောက်။

စောဆင်မြူရယ်မိုးမောက်သည် ငိုးချဲ့ကုလားထိုင်ထက် ထိုင်နေ ရင်းကပင် စိတ်သည် မတည်မငြိမ် ဖြစ်နေရ၏။

"ဟင်း…"

သက်မမောအား သူ ချဖြစ်သည်။

ဆုံးဖြတ်ချက်တစ်ခုအား ချရန်ခက်ခဲနေဟန် ရှိ၏။

ဟူး…ဒုက္ခပါပဲ၊ ငါ ဖုန်းဆက်လိုက်ရင် ကောင်းမလား…

ဖုန်းမဆက်ရင် ကောင်းမလား…





ငါ့ကိုယ်ငါများ မယုံမကြည်ဖြစ်နေမလား…

ငါ့ကြောင့် ငါ့ဆရာ ဒုက္ခရောက်မှာလည်း ငါ စိုးရိမ်တယ်…

ဟင်း…ဘာပဲဖြစ်ဖြစ်လေ၊ ငါ ဆရာ့ဆီ ဖုန်းဆက် သတိပေး လိုက်မယ်…

ဟုတ်တယ်…ဟုတ်တယ်၊ ငါ့စိတ်ကို ငါရဲရဲကြီး ဆုံးဖြတ်လိုက် မယ်…

ငါ့ဆရာဆီ ဖုန်းဆက်သတိပေးလိုက်မယ်၊ အခုပဲ ဖုန်းဆက်…

"အစ်ကို…"

"ဦး…ဦး…"

စိတ်တင်းကာ ဆုံးဖြတ်ချက် အခိုင်အမာဖြင့် ဖုန်းလေးအနီး ကုလားထိုင်ကို သူ ဘီးလိမ့်အသွား…

ခေါ်သံတွေနှင့်အတူ အိမ်ထဲ ဝင်ရောက်လာကြသည့် မေတို့ သားအမိကြောင့် သူ တန့်သွားရရင်း…

"ဟေး…သားသားကြီး၊ လာ…လာ၊ ဦးဦးကလည်းသား



www.burmeseclassic.com

www.burmeseclassic.com



သားကြီးကို စောင့်နေတာပါဗျာ…"

"ဒီနေ့ ဘွားဘွားနဲ့ဖိုးလေးချိုက သားသားကြီးအကြိုက် အာလူးကက်သလစ်နဲ့ ဝက်သားလုံးပေါင်း လုပ်ထားတယ်ဗျာ…"

"ဩော်··မေရေ၊ နေ့ခင်းကြရင် အစ်ကိုကြီးရော မေပါ ထမင်း ပြန်စားနိုင်ရင်ကောင်းမယ်၊ ဒီနေ့ ကိုဖိုးချိုရော မေမေပါ၊ စိတ်ပါလက်ပါ ဟင်းတွေ ချက်ထားတယ်၊ အားလုံး အကြိုက်တွေပြီးသားပဲကွ…"

မေတို့ သားအမိကိုတွေ့မှ ရွှန်းရွှန်းဝေ စကားတွေဆိုနေသည့် သူ့ကို မေ ကြည့်နေမိသည်။

"မေ··ဘာကြည့်နေတာလဲ၊ အလုပ်သွားတော့လေ…"

သူ့ကိုယ်ပေါ် တက်ထိုင်နေသည့် သားကြီး မိုးမြတ်လွင် ခေါင်းဆီ သူနမ်းရှိုက်ရင်း မေ့ထံ အံ့သြစွာကြည့်ရင်း ဆိုသည်။

"အစ်ကို…"

"ဟင်··ဘာလဲ…"

"မေတို့ သားအမိ ရောက်နေတာကြာပြီ…"





"အဲဒါ ဘာဖြစ်လဲ…"

"အစ်ကို့ကို ကြည့်နေတာ…"

"ကြည့်တော့…"

"ကြည့်တော့ အစ်ကို တစ်ခုခုကို အလေးအနက် တွေးနေ သလို၊ ငေးနေသလို တွေ့တာပေါ့…"

"ဒါများကွာ၊ ဘာဖြစ်လဲ ကိုယ့်ကံကြမ္မာ အရေးအကြောင်းကို တွေးနေတာပါ…"

သူ့စကားကြားတော့လည်း မေသည် မချင့်မရဲ ကျေနပ်လိုက်ရ ပြန်၏။

တကယ်တော့ သူ့ကို မေနှင့်ခင်ပွန်းသည် ကိုမြတ်သူတို့ လှေလာနေကြသည်မှာ နှစ်နှင့်ပင်ချီ၍ပင် ကြာခဲ့ချေပြီ။

သို့သော်လည်း အတင်းအကြပ်ဖြင့် ဖိအားမပေးခဲ့ကြပါ။

"ဟင်း··ကဲ အစ်ကို၊ ဒါဖြင့် မေ သွားမယ်…"

"အင်း…"



www.burmeseclassic.com

www.burmeseclassic.com



"မေမေနန်းကိုလည်း မေ သွားပြီလို့ ပြောပေးနော်၊ ပြီးတော့ ထမင်းပြန်စားမယ်လို့ ပြောပေး…"

"အင်းပါ…"

"သားကြီးရေ..မေမေ သွားမယ်၊ ဖွားဖွားနဲ့ ဖိုးလေးတို့ ဦးဦးတို့ စကားကို နားထောင်နော်…"

"ဟုတ်ကဲ့ပါ မေမေ၊ ပြီးတော့ ဖေကြီးကိုလည်းပြောပေးပါ၊ ဦးဦးနဲ့သားနဲ့ ထမင်းအတူ ပြန်စားပါလို့…"

"စိတ်ချ၊ သားဖေကြီး ထမင်းပြန်လာစားမှာ၊ ကဲ..မေမေ သွားမယ်…"

"အစ်ကို မေ သွားပြီ…"

ဆိုရင်း မေ နှုတ်ဆက်ထွက်သွားသည်တွင် တူဝရီးနှစ်ယောက် အိမ်ဝအထိ လိုက်ပို့ပေး၏။

"ဦးဦး..မေမေ သွားပြီ၊ သားတို့ အိမ်ထဲ ဝင်မယ်…"

မေ့ကားလေး ခြံဝင်းမှ ထွက်သွားသည်တွင် သားကြီး မိုးမြတ်





လွင် ဆိုသည်။

"သားကြီးက လိမ္မာလိုက်တာကွာ၊ သိပ်လိမ္မာတဲ့ သားကြီး"

မိုးမြတ်လွင် ခေါင်းလေးကို တရှုပ်ရှုပ်နမ်းရင်း ဧည့်ခန်းထဲသို့ သူတို့ ပြန်ဝင်ခဲ့ကြသည်။

ဧည့်ခန်းထဲအရောက် မိုးမြတ်လွင်သည် သူ့ကိုယ်ပေါ်မှ လျှော ဆင်းရင်း…

"ဦးဦးရေ..သားသား၊ ဖွားဖွားနဲ့ ဖိုးလေးချီဆီ သွားလည် လိုက်ဦးမယ်…"

"အင်း..အင်း…"

မိုးမြတ်လွင် မီးဖိုဆောင်းအတွင်းသို့ ပြေးဝင်သွားသည်။

သူနာရီဆီ တစ်ချက် ကြည့်လိုက်သည်။

"ကိုးနာရီခွဲတော့မယ်…"

နှုတ်မှ ဆိုသည်တွင် မြင်ကွင်းတွေသည် သူ့မျက်ဝန်းဝယ် မြစ်ပေါ်မြင်တွေ့ လာရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား..ဘုရား..."

သူ ဘုရားတရင်း၊ ဖုန်းရှိရာ သွားလိုက်သည်။

ကပြာကယာ ဖုန်းကို ယူကာ ဖုန်းနံပါတ်များအား နှိပ်ဆဲချိန် အထိ သူ့မျက်ဝန်းဝယ် မြင်ကွင်းတို့သည် ဖြစ်ပေါ်ဆဲရှိ၏။

"ဟဲလို..ဟဲလို..."

တစ်ဖက်မှ ဖုန်းကိုင်သံကြားချိန်တွင် သူ အစောတလျှင်ပင် ခေါ်ဖြစ်ရသည်။

"ဟဲလို..ဟုတ်ကဲ့၊ ကျွန်တော် စောဆင်မြူရယ်မိုးမောက်ပါ ခင်ဗျား..."

"ကျေးဇူးပြုပြီး ဆရာအောင်မြင့်ထွန်းနဲ့ ကျွန်တော် စကား ပြောပါရစေ ခင်ဗျား..."

"××××××"

"ဪ..ဟုတ်လား၊ ဟုတ်ကဲ့၊ ကျွန်တော် အခုပဲ ဆရာ့ရုံး ဆီ ဖုန်းဆက်လိုက်ပါ့မယ်..."





တစ်ဖက်မှ ဆရာအောင်မြင့်ထွန်း ရုံးသွားပြီ ဆိုသဖြင့် ဖုန်းကို ချကာ ရုံးသို့ သူ ဖုန်းဆက်လိုက်သည်။

သူ့စိတ်တွေသည် လှုပ်ရှားသည်ထက် လှုပ်ရှားနေရ၏။ မှန်သည်။

အဘယ်ကြောင့်ဆိုသော်...

ဆရာအောင်မြင့်ထွန်း၏ ကံကြမ္မာမြင်ကွင်းသည် သူ့မျက်ဝန်း ဝယ် ယခုတိုင် မြင်တွေ့နေရဆဲ ရှိသေးသောကြောင့်ပါတည်း။

"ဟဲလို(...)မြို့နယ် ရဲစခန်းကပါ၊ ကျွန်တော် စခန်းမှူးကြီး ပါ..."

"ဆရာ..ဆရာ၊ ကျွန်တော် ဆင်မြူရယ်မိုးမောက်ပါ..."

"ဪ..ဟေ့၊ ဆင်မြူရယ် နေကောင်းလားကွဲ့၊ ဆရာလည်း အလုပ်တွေများလို့ မင်းဆီ မရောက်ဖြစ်တာ အတော်ကြာပြီကွာ..."

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် နေကောင်းပါတယ်..."

"ဪ...အေး အေး ဒါနဲ့ မင်းဖုန်းဆက်တာဘာကိစ္စလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာအကူအညီလိုလဲ၊ ပြော ဆင်မြူရယ်."

"ဟိုး…ဟုတ်ကဲ့ဆရာ၊ ဆရာဝန်ရုံးက ရုံးသူရုံးသားမိသားစု အညာခရီးဘုရားဖူးထွက်ဖြစ်မယ် မဟုတ်လား။"

"သြော… အေး..ဟုတ်တယ်ကွ၊ မင်းဘယ်လိုသိလဲ"

"ဒီလိုပါ ဆရာ၊ ကျွန်တော်ဆရာ့ကိုပြောချင်တာက ဆရာတို့သွားမယ့်ခရီးစဉ်ကို ရက်ရွှေ့စေချင်လို့ပါ"

"ဟေ…ဘာဖြစ်လို့လဲကွ…"

"ကျွန်တော်အိပ်မက်မကောင်းလို့ပါဆရာ…"

"ရက်ရွှေ့လို့ကတော့ မဖြစ်ဘူးထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ရုံးဖွင့်ရက်အမီ ပြန်လာကြရမှာမဟုတ်လား…".

"ဒါဖြင့်လဲ အဲဒီဘုရားဖူးကို ဆရာမလိုက်ပါနဲ့လား…"

"ဆရာလဲမလိုက်လို့မဖြစ်ဘူးကွ၊ ဆရာကအဖွဲ့ကို ခေါင်းဆောင်သွားရမှာလေ…"

"ဆရာ၊ ကျွန်တော် ဆရာ့ကိုတောင်းပန်ပါရစေ၊





ဆရာမလိုက်ပါနဲ့ဗျာ…"

"ဘာဖြစ်လို့လဲ ဆင်မြူရယ်…"

ဆရာမေးတော့ သူဖြေရန်ဝန်လေးနေရ၏။

"မင်းအိပ်မက် ကြောင့်လား၊ အယူမသည်းပါနဲ့ကွာ၊ ရပါတယ်၊ မင်းစေတနာကို ကျေးဇူးတင်ပါတယ် တပည့်ရာ…"

သူရင်ထဲမကောင်းဖြစ်လာရသည်။

မျက်လုံးထဲလည်း ဆရာ၏ကြမ္မာဆိုးမြင်ကွင်းက မထွက်။ မှန်သည်၊ ထိုမြင်ကွင်းအား သူသည်လွန်ခဲ့သော သုံးရက်လေးရက်လောက်က မြင်တွေ့နေရခဲ့သည်မဟုတ်ပါတကား။

ကားနှစ်စီးပွတ်ကာသီကာတိုက်မိရာမှ ကားတစ်စီးသည် မတိမ်မနက်ချောက်ထဲသို့ ကျရပြီး မီးလောင်သွားသည်။

ထိုမီးလောင်သွားသောကားထဲတွင် ရှေ့ဆုံးမှဆရာ ဦးအောင်မြင့်ထွန်း ပါသွားသည်။

ကားတစ်စီးလုံးထဲတွင် မိမိ၏ဆရာတစ်ဦးတည်းသာ



www.burmeseclassic.com

www.burmeseclassic.com



အပျက်အစီးရှိသည်။

ကျန်လူတွေမှာ ကားထဲမှ ထွက်နိုင်ခဲ့သည်။

" ဆင်မြူရယ်…ဆင်မြူရယ်…"

"ဪ…အင်း…ဗျာ ဆရာ…"

မျက်လုံးထဲ မီးတောက်တွေကိုမြင်ဆဲသူ ထိထိခိုက်ခိုက် ထူးဖြစ်လိုက်သည်။

"အိပ်မက်ဆိုတာ သွေးလေခြောက်ခြားလို့ မက်တာပါ ဆင်မြူရယ် ရယ်…"

"ပြီးတော့ မင်းကိုဒ္ဒကလည်း ကျမ်းမာရေးမကောင်းဘူး မဟုတ်လား…"

"ဆရာက မလိုက်လို့မဖြစ်ဘူး အဖွဲ့ကိုဆရာကဦးဆောင်ရမှာ ပြီးတော့ ဆရာမလိုက်ရင်အဖွဲ့ကလဲ စိတ်ကောင်းမှာမဟုတ်ဘူးလေ…"

သူမဆို၊ နှုတ်ဆိတ်နေသည်၊ စိတ်ထဲမတော့ တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု စီစဉ်နေမိ၏။ ပြီးမှ-





"ဟုတ်ကဲ့ဆရာ…ဆရာပြောသလို ကျွန်တော်သွေးလေ ခြောက်ခြားပြီး မက်တာပဲဖြစ်မှာပါ…"

"ကျွန်တော်က ဆရာ့အတွက်စိုးရိမ်လို့ပါဆရာ…"

"အေးကွာ…ကျေးဇူးတင်ပါတယ်…"

"ရပါတယ်ဆရာ… အနောက်အယှက်ပေးတာ ခွင့်လွှတ်ပေး ပါခင်ဗျာ…"

"ရပါတယ်ကွာ…"

သဘောကောင်းသော ဆရာ့စကားဆုံးသည့်တွင် ဖုန်းကိုသူ ချလိုက်သည်။

ဖုန်းချပြီး သူငေးတွေနေဆဲ၊ သတိရမိခိုက် သူမျက်ဝန်းထောင့် လေးမှ အရိပ်လေးတစ်ခုကို သူသတိထားမိလိုက်ရ၏။

သူဖျတ်ကနဲလှဲ့က အကြည့် သားကြီးမိုးမြတ်လွင်ကို သူတွေ့ လိုက်ရသည်။

"ဪ သားကလေး ဦးဦးနဲ့ကစားမလား၊ လာ သား[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆင်းကြမယ်…"

"ဟုတ်ကဲ့…ဦးဦး…"

သွက်လက်သောမိုးမြတ်လွင်သည် သူထိုင်ခဲ့လှည်းကို နောက်မှ တွန်းသည်။

သူသည် သားကြီး မိုးမြတ်လွင်၏ လိမ္မာယဉ်ကျေးမှုအတွက် အားရနှစ်သက်ရရင်း အပြုံးချောချောဖြင့် ခြံထဲသို့ရောက်ခဲ့ကြ၏။

ခြံထဲအရောက်၌ လတ်ဆတ်သောလေအေးအေးတို့ကို ရှူရှိုက်ရင်း -

သူစိတ်တပိုင်း၌ အရေးကြီးသော ဆရာဦးအောင်မြင့်ထွန်း ကိစ္စအတွက် တွေးရင်း -

စိတ်တပိုင်းကဖြင့် ယခင်ထဲကနှစ်အိမ်တစ်အိမ် နေခဲ့ကြသော ကိုမြတ်သူနှင့် မေတို့ဇနီးမောင်နှံနှင့်အတူ -

သူတို့မိသားစုသည် ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် သာယာချမ်းမြေ့ နွေးထွေးစွာနေထိုင်ခဲ့ကြသည်။





ယခုတဖန် သူတို့မိသားစုတွင် သားကြီးမိုးမြတ်လွင် တစ်ယောက်ပင် လူဦးရေတိုးခဲ့ပြီးဖြစ်သည်။

သားကြီးမိုးမြတ်လွင်ကြောင့် ယခင်ကထက်ပင် သူတို့နှစ်အိမ်တစ်အိမ်မိသားစုသည ပို၍သာယာချမ်းမြေ့စည်ကားလာ၏။

သားကြီးသည် သူတို့တွေ့ဘဝ၌ အရေးအပါဆုံးလူသားလေး တစ်ဦးဖြစ်လကြောင်း အားလုံး၏ရင်တွင်းခံစားသိရှိထားကြပြီးဖြစ်ကြ၏။

မှန်သည်။

လာခြင်းကောင်းသော သားကြီးမိုးမြတ်လွင်သည် သူတို့ အားလုံး၏အသည်းအသက် ဘဝကိုယ်စီနှင့် စပ်လျဉ်းဆက်သွယ်နေကြရသည်မဟုတ်ပါလား။

သားကြီးမိုးမြတ်လွင်သည် ခြံထဲတွင် ပြေးလွှားဆော့လိုက်၊ လိပ်ပြာလေးတွေလိုက်ဖမ်းလိုက်၊ သူ့ဆီပြန်လာပြီး သူ့ကို နမ်းလိုက်ဖြင့် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည်လည်း သားကြီးမိုးမြတ်လွင်၏အရိပ်ကို တကြည့်ကြည့် အပြုံးတွေနှင့်ကြည့်ရင်း -

သားကြီးက သူ့ထံလာပြီးသူ့ကိုနမ်းလိုက်၊ သူကသားကြီးကို နမ်းလိုက်ဖြင့် -

တူဝရီးနှစ်ယောက်၏ စိတ်ဝယ်အလိုလိုသာယာပျော်ရွှင်မှုတွေဖြင့် ပြုံးရယ်နေဖြစ်ကြရပါလေသတည်း။ ။





- တစ်ဆယ့်ခုနစ် -

သူ မျှော်လင့်ဆဲပင် ဆင်ဝင်အောက်မှကားရပ်သံကြောင့် အိမ်ပေါက်ဝထွက်ကာ သူ ကြိုဆိုဖြစ်၏။

"ကိုယ့်ညီက အရေးတကြီး ဖုန်းဆက်ခေါ်လို့ ကိုယ်တို့ ချက်ချင်း လာခဲ့တာ..."

"ဟုတ်တယ် မေလည်းပဲ ကုပ္ပဏီတစ်ခုနဲ့ စကားကိစ္စ ပြောနေရာက အစ်ကိုကြီးဆီက ဖုန်းလာတာနဲ့ ချက်ချင်း စကားစဖြတ်ပြီး လိုက်ခဲ့တာပဲ..."

ကိုမြတ်သူနှင့် မေတို့ ဇနီးမောင်နှံနှယ်ဦးမှာ ကားပေါ်မှဆင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်း စကားတွေဆိုကာ ထိုင်ခုံလှည်းကိုပါ အတူတူ တွန်းခဲ့ကြရင်း အိမ်ထဲသို့ ဝင်ရောက်ခဲ့ကြ၏။

"ကဲ..ကိုယ့်ညီ ဘာအရေးရှိလဲပြော၊ အစ်ကို ဘာလုပ်ပေးရမလဲ..."

"အစ်ကိုကြီးရေ၊ သားကြီးက မေမေနဲ့ ဈေးကို သွားတယ်၊ ကိုဖိုးချိုက ကားမောင်းပို့ပေးတယ်လေ..."

"အစ်ကို့ကိုမေးတာ သားကြီး ကိစ္စမဟုတ်ပါဘူး၊ အစ်ကို့ကိစ္စကို မေးတာပါ..."

အရေးမကြီးတာတွေ ပြောနေ၍ မေ ဝင်ဆိုရသည်။

"အင်း..."

မေ စကားအတွက် အင်း..ဟု သက်မကြီးချကာ သူ အတန်ကြာတိတ်ဆိတ်နေ၏။

"ဖေဖေ၊ မေမေ ဦးဦးကလေ၊ တစ်ခြားဦးဦးတစ်ယောက်ဆီကို ဖုန်းဆက်ပြီး ဘုရားဖူး တောင်းပန်ပြောနေတယ်..."





ကိုမြတ်သူနှင့် မေသည် သူ့ထံကြည့်ရင်းမှ မနေ့ညက သားကြီး ပြန်ပြောပြသည့် စကားများအား ပြန်လည်ကြားယောက်နေမိရခြင်းပါ။

မောင်နှံနှစ်ဦးမှာ မည်သည့်စကားမျှ စ၍မဆို။

သူ့ထံမှ စကားကိုသာ နားစွင့်ဆဲ သူသည် ဖင့်စွဲသော စကားသံဖြင့် စကားစဆိုလာ၏။

"အစ်ကိုကြီးနဲ့မေကို ကျွန်တော် အကူအညီတစ်ခု အရေးအကြီးတောင်းချင်တယ်..."

"ကျွန်တော့်မှာ စိတ်သွားတိုင်းလည်း ကိုယ်မပါနိုင်တော့ ဘယ်လိုကြံရမှန်းတောင် မပြောတတ်တော့ဘူးဗျာ..."

"ဟိုကိစ္စကလည်း သိပ်အရေးကြီးနေတယ် အစ်ကြီးရေ..."

"အင်းလေ..အရေးကြီးတာ အစ်ကို ပြောမှ မေတို့ သိပြီး ဘယ်လိုလုပ်ရမယ် ဆိုတာသာ စဉ်းစားလို့ တတ်မှာပေါ့..."

"ဟုတ်တယ် ညီ၊ ညီ ကိစ္စသာ အစ်ကိုတို့ကို ပွင့်ပွင့်လင်းလင်း ပြောပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကို…၊ ကျွန်တော် ဆရာ ဦးအောင်မြင့်ထွန်းကို အစ်ကိုတို့ဖြစ်တဲ့နည်းနဲ့ ဘုရားဖူး မသွားဖြစ်အောင် လုပ်ပေးပါ…"

"မနက်ဖြန်ဆို သောကြာနေ့ပဲ၊ သူတို့ သောကြာနေ့ညနေ ကားထွက်မယ်…"

"အဲဒီ ဘုရားဖူးကားမှာ သူ့ကို ကျွန်တော် လိုက်မသွားစေချင်ဘူး အစ်ကို…"

"အဲဒါဖြစ်တဲ့နည်းနဲ့ ဆရာလိုက်မသွားဖြစ်အောင် အစ်ကိုနဲ့ မေက ကူညီပါဗျာ…"

"ကျွန်တော့်ကို ဘာကြောင့်လဲလို့တော့ ပြန်မမေးကြပါနဲ့…"

"ခုအချိန်မှာ ကျွန်တော် ပြန်မပြောပြရဲသေးလို့ပါ၊ ဒါပေမယ့် မကြာတော့တဲ့ တစ်နေ့တော့ ကျွန်တော် ပြောပြပါ့မယ်…"

သူ့စကားတွေ နားထောင်ရင်း ကိုမြတ်သူနှင့်မေသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ဖနီးမောင်နဲ့ နှစ်ဦးစလုံးမှာ သူ့ကို စိတ်ဝင်စားနေသည်မှာ





ကြာပြီ။

သို့သော်လည်း အလွန်မှ စိတ်ကို အောင့်အီး ထိန်းသိမ်းနိုင်ကြသည်။

သူက မမေးပါနှင့်ဟု မေတ္တာရပ်ခံ၍ တစ်ခွန်းမျှ စောဒကမတက်။

ကိုယ်စီ စိတ်ထဲ၌ ထူးခြားမှုဖြင့် စိတ်ဝင်စားသည်။

သူ့ကို ယနေ့ထက်တိုင် မမေး။

ပြောစရာရှိလည်း ဖနီးမောင်နှံနှစ်ဦးတည်းသာ အိပ်ယာဝင်ချိန် ပြောကြသည်။

တစ်ခုတော့ရှိသည်။ သားကြီးကိုဖြင့် သူတို့မှာထားသည်။

ဦးဦးကို ဂရုစိုက်ကြည့်ပြီး ဦးဦး ဘာပြောတယ်၊ ဘယ်လိုနေတယ် စသည်ဖြင့် နားထောင်ကြည့်ရှုပြီး မေမေတို့ကို ပြန်ပြောရမယ် နော်ဟု…

သားကြီး မိုးမြတ်လွင်အား မေ ကြိတ်၍ သင်ကာ မှာထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ယခု သားကြီး ပြောပြထားသော စကားနှင့် သူ အကူအညီ တောင်းသည့် ကိစ္စက တစ်ခုတည်း ဖြစ်နေသည်။

မည်သို့နားလည်ရမှန်း မသိသော်လည်း သူ့ကို ပို၍ စိတ်ဝင်စားဖြစ်ကြရ၏။

သို့သော် သူ့ကို မမေး၊ သူ့ကို စိတ်နှောက်အယှက် မပေး။

ဇနီးမောင်နှံ နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီးမှ လှိုက်လှိုက်လှဲလှဲပင် သူ့ကို ခေါင်းညိတ်ပြကြရင်း…

"ကူညီပါ့မယ် အစ်ကို၊ မေတို့က ဘယ်သူ့ကို ဆက်သွယ်ပြီး၊ ဘယ်လို ကူညီပေးရမှာလဲ၊ ပြောဦးလေ…"

"အင်း‥ပြောမယ်လေ၊ (…)လမ်း၊ (…)ခြံအမှတ်မှာ နေတဲ့ အစ်ကို့ဆရာ ဦးအောင်မြင့်ထွန်းပါ…"

"ကိုယ့်ညီက ဆရာသမားကို ဘုရားဖူး လိုက်မသွားစေချင်တာပဲ မဟုတ်လား…"





"ဟုတ်ပါတယ် အစ်ကို၊ ဆရာ မလိုက်ဖို့က အဓိကပဲ…"

"အစ်ကို့နည်း အစ်ကို့ဟန်နဲ့ လုပ်ပါ၊ အဲဒီ ခရီးမှာ ဆရာ မလိုက်ရင် ပြီးတာပဲ…"

"ဆရာကတော့ လိုက်ဖို့ အနိုင်းအမာ ဆုံးဖြတ်ထားတယ်…"

"အင်းလေ‥လိုက်ဖို့ အနိုင်အမာ ဆုံးဖြတ်ထားတဲ့ လူတစ်ယောက်ကို ဒီလိုပဲ ပြောယုံလေးနဲ့တော့ သူ့အစီအစဉ် ဘယ်ဖျက်လိမ့်မလဲ…"

"ဒီတော့ သူ မသွားဖြစ်အောင်ပဲ တစ်နည်းတစ်ဖုံနဲ့ အစမ္မလုပ်ယူရတော့မှာပဲ…"

"ဘယ်လိုလုပ်မှာလဲ အစ်ကိုကြီး…"

ခင်ပွန်းသည်ကို မေ မေးသည်။

ကိုမြတ်သူ ပြောမည့် စကားကို သူလည်း နားထောင်နေသည်။

"ဒီလိုလုပ်မယ်လေ ညီရဲ့၊ ဆရာ့ကို အစ်ကိုက ပြန်မယ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာပြီး ကြံဖန် အချိန်ဆွဲ ထိန်းထားမယ်...”

“အဲဒီလို အချိန်ဆွဲထားဖို့ ကိုကြီးရဲ့ မန်နေဂျာတွေနဲ့လည်း တိုင်ပင်ထားရမယ်...”

“မေက အချိန်နီးတော့ ခရီးထွက်မယ့် လူတွေဆီ ဖုန်းဆက်လိုက်...”

“ဆရာ ဦးအောင်မြင့်ထွန်း အိမ်က ဆက်သလိုလုပ်ပြီးဆက်၊ ဆရာ ဦးအောင်မြင့်ထွန်း မလိုက်နိုင်တော့ကြောင်း၊ သူ့ဇနီး ရုတ်တရက် မမာမကျန်းဖြစ်လို့ ဆိုပြီး လုပ်ကြံပြောရမှာပေါ့ကွာ...”

“အင်း..အစ်ကိုကြီး အကြံမဆိုးဘူး၊ ကောင်းတယ်၊ ကောင်းတယ်...”

“ဖုန်းဆက်ရမှာက အချိန်ကပ်မှဖုန်းဆက်၊ အစ်ကိုကြီးက သုံးနာရီလောက် ခွာပြီး ဆရာ့ကိုသွားခေါ်ထားမယ်၊ ကောင်းရဲ့လား...”

“အစ်ကိုကြီး ကောင်းသလို စီစဉ်ပါဗျာ၊ ကျွန်တော့်ဆရာ မလိုက်ရင် ပြီးတာပါပဲ...”





“စိတ်ချပါ၊ အစ်ကိုကြီးရဲ့ဟိုတယ်က အအီဆုံး၊ အဆိမ့်ဆုံး အစာတွေကျွေးထားပြီး အိပ်ပျော်သွားအောင် လုပ်ထားမယ် ဘယ်လိုလဲ”

“ဟုတ်ကဲ့ အစ်ကို့ သဘောပါ...”

“မေက ကားထွက်တဲ့နေရာကနေ စောင့်ပြီး အခြေအနေကို ကြည့်ပြီး ကိုကြီးတို့ဆီ ဖုန်းဆက် ပြောပြနေပေါ့...”

“အဖွဲ့သားတွေ ကားထွက်သွားလို့ စိတ်ချရတဲ့အခါမှ မေ ပြန်လာခဲ့...”

“ဟုတ်ကဲ့ပါ အစ်ကိုကြီး...”

“ကဲ..ညီ၊ အစ်ကိုကြီးရဲ့ အစီအစဉ်တွေ ကျေနပ်ရဲ့လား...”

“ကျေးဇူးတင်ပါတယ် အစ်ကို...”

“မိသားစု ညီအစ်ကိုချင်း ဒီစကားမျိုး မပြောပါနဲ့ ညီရာ...”

“ကိုယ့်အစ်ကိုကြီးမို့ လေးစားအားကိုး ရလွန်းလို့ပါ အစ်ကိုကြီးရယ်...”



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ နှစ်လိုဖွယ် စကားများအတွက် မေသည် ကြည်နူး ချမ်းမြေ့စွာ ကြည့်နေဖြစ်ရ၏။ ။





\- တစ်ဆယ့်ရှစ် -

"အို..ဘုရားရေ..."

"ဦးဦး..ဦးဦး၊ ဖွားဖွားကပြောတယ် ဒီဆေးကို သောက်ပါတဲ့..."

"ဟင်..သြော်..သား၊ အင်း..အင်း..ပေး၊ ပေး..သားလေးက လိမ္မာတယ်ကွယ်..."

မျက်လုံးထဲ စိုးထိတ်ဖွယ် မြင်ကွင်းတစ်ရပ်အား မြင်ယောင်နေဆဲ...

သားလေး မိုးမြတ်လွင်၏ ဆေးလာတိုက်သည့် စကားသံကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



စောဆင်မြူရယ်မိုးမောက်သည် မဟုတ်ပါစေနဲ့၊ လွဲပါစေ.. ပယ်ပါစေ ဟူသော 'စိတ်ဖြင့်...

မြင်ကွင်းအား မျက်ကွယ်ပြု၊ လျစ်လျူရှုကာ သားလေးဆီ ကြည့်ရင်း သူ ဆိုသည်။

"ဦးဦး သောက်လိုက်နော်၊ ဆေးက မဆိုးပါဘူး..."

ရေခွက်လေးနှင့် ဆေးကို ပေးရင်း မိုးမြတ်လွင် ဆိုသည်။

"သားလေးက လိမ္မာလိုက်တာကွာ..."

စောဆင်မြူရယ်မိုးမောက်သည် သားလေးမျက်နှာဆီ ကြည့်ကာ မြင်ကွင်းဆိုးကိုဖျောက်ဖျက်ဖုံးဖိသော်လည်းမရ။

မြင်ကွင်းသည် အားမမွှသူ့မျက်ဝန်းမြင်ကွင်းဆီသို့ ထိုးထွက်နေသလိုပါပင်။

မှန်သည်။

သူ့အကြည့်သည် သားလေးမိုးမြတ်လွင်ထံသို့ ကြည့်ရင်း ဆေးကိုကြည့်ရင်း၊ ဆေးသောက်ရင်ကပင် -





မိသားစုတစု၏ အနာဂတ်မြင်းကွင်းဆိုးတစ်ခုသည် သူ့မြင်ကွင်းဝယ် နေရာယူနေရပါသတည်း။

မိသားစုတစုခရီးထွက်ရာမှ လေ့မှောက်၍ ရေနစ်သေဆုံးကြရမည့် ကြမ္မာဆိုးမြင်ကွင်း။

"ဟင်း...ဒုက္ခပဲ၊ ဒါတကယ်မဖြစ်ပါစေနဲ့၊ ဟင်း..."

သူရင်မော၍ နေသည်။

"ဦးဦး ပေးလေ သားရေခွက်သွားထားလိုက်မယ်..."

ဆေးသောက်ပြီးငေးနေသည့် သူ့လက်ထဲမှရေခွက်ကို ယူပြီး မိုးမြတ်လွင်သွားထားလိုက်သည်။

သူ့လက်ထဲမှ ရေခွက် သားလေးယူသွားသည်ကိုပင် အမှတ်တမဲ့ဖြစ်သွားသည်။

မဖြစ်နိုင်ပါစေနှင့်ဟု ဆုတောင်းသည့်ကြားကပင် မထူးတော့၍ သူသည်မြင်ကွင်းအားပိ၍ ရှင်းလင်းစေရန် ကြိုးစားနေမိပါတော့၏။

ခရီးထွက်မည့်မိသားစုတစ်စု လွန်စွာပျော်ရွှင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ ကလေးတွေကလေးယောက်၊ သမီးသုံးယောက်၊ သားတစ်ယောက်။

အဖေနဲ့အမေနဲ့ မိဘကနှစ်ယောက်…

အိမ်ဖော်အမျိုးသမီးကြီးက တစ်ယောက်…

(…)လမ်း၊ ခြံနံပါတ်က (…)တဲ့…

ဩော်…ဂဠုန်မင်း…ဂဠုန်မင်းဆိုတာ စီးပွားရေးလုပ်ငန်းရဲ့ အမည်ထင်တယ်…

မဖြစ်ဘူး…မဖြစ်ဘူး၊ အဲဒီအိမ်ကို အမြန်ဆုံးသွားပြီး ခရီးမထွက်ကြဖို့ ပြောခိုင်းရမယ်…

"ကရင်း…ကရင်း…"

"အွန်…"

စိတ်သည် နှစ်မျှောဆဲ အနီးမှ စူးရှသော ဖုန်းမြည်သံကြောင့် သူ လန့်သွားရ၏။

"ဦး…ဖုန်းလာတယ်လေ…"





သူခေါင်းထောက် ထိုင်လာပြီး မိုးမြတ်လွင် ဆိုသည်။

"ဟုတ်သားပဲ၊ ဦးဦး ဖုန်းပြောဦးမယ်နော် သား…"

သူဆိုသည်တွင် မိုးမြတ်လွင် ခေါင်းညိတ်ပြသည်။

နေ့စဉ် မိဘများ အလုပ်သွားလျှင် သားလေး မိုးမြတ်လွင်သည် သူနှင့်နေ နေကြပါ။

သားလေးသည် သူ့ကိုဆေးတိုက်သည်။ ဖုန်းလာလျှင် ပြောသည်။ ဖုန်းကို ကိုင်ပေးသည်။

သူနှင့်အတူ ထမင်းစားသည်။ နေ့ခင်းဘက် သူနှင့်အတူ အိပ်သည်။

သားလေးသည် သူ့အတွက် အဖော်ကောင်းလေး ဖြစ်နေ၏။

အလုပ်မရှိလျှင် သားလေးသည် သူ့ရင်ခွင်မှီချရင်း နေတတ်သည်။

သူ ဖုန်းပြောလည်း နားထောင်သည်။ တစ်ခါတစ်ခါ သူနှင့် တီတီတာတာ စကားတွေ ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း သူ ဖုန်းပြောနေသည်တွင် သားလေးသည် သူ့ရင်ခွင်ဆီမှ စကား နားထောင်နေဟန် ရှိ၏။

"ဟဲလို..ဟုတ်ကဲ့၊ ကျွန်တော် စောဆင်မြူရယ်မိုးမောက်ပါ ခင်ဗျား..."

"ဟင်..ဩော်..ဆရာဦးအောင်မြင့်ထွန်းလား ခင်ဗျာ..."

"××××××"

"ဩော်..ဆရာ ခရီးလိုက်မသွားဖြစ်ဘူး၊ ဟင်..ဆရာတို့အဖွဲ့ကားလမ်းမှာ မှောက်သွားတယ် ဟုတ်လား..."

"ဩော်..ဘယ်သူမှတော့ ဘာမှ မဖြစ်ဘူး၊ ကားတော့ မီးလောင်သွားတယ် ဟုတ်လား ဆရာ..."

"××××××"

"အပွန်း..ဆရာတို့အဖွဲ့ စီးသွားတဲ့ကား မှောက်သွားတဲ့သတင်း ကြားရတာ ကျွန်တော့်အိပ်မက်ကို ဆရာ သတိရလိုက်တယ်လား..."





"××××××"

"ဟင်..ပြီးတော့ ဆရာ ကျေးဇူးတင်တာ ဘယ်သူ့ကို..."

"××××××"

"ဩော်..ရွှေကျွန်းဟိုတယ်ပိုင်ရှင် ကိုမြတ်သူ၊ အင်း..ကျွန်တော်လည်း ဒီဟိုတယ်အမည်ကို သိပါတယ် ဆရာ..."

"××××××"

"ဟုတ်ကဲ့..ဟုတ်ကဲ့ပါ ဆရာ..."

"ကျေးဇူးတင်ကြောင်း သွားပြောလိုက်ပေါ့ ဆရာရယ်"

"××××××"

"ဟုတ်ကဲ့ ကောင်းပါပြီ၊ ကြားရတာ မင်္ဂလာသတင်းမို့ ကျွန်တော်လည်း ဝမ်းသာတယ်ခင်ဗျား..."

"ဟုတ်ကဲ့..ဟုတ်ကဲ့ခင်ဗျား..."

သူ စကားပြောနေရင်းက စိတ်သည် ပျံ့လွင့်သွားရ၏။ စကားပြောသည်ပင် အဆင်မချော ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ကျေးဇူးတင်စကားပြောပြီး ဖုန်းချသွားပြီဖြစ်သော်လည်း သူသည် ဖုန်းကို ကိုင်ထားဆဲဖြစ်၏။

သူ နာရီဆီ လှမ်းကြည့်လိုက်သည်။

မြင်ကွင်းတွေသည် သူ့မျက်ဝန်းဝယ် နေရာယူထားဆဲ ရှိ၏။

မိုးမြတ်လွင်သည် သူ့ထံကြည့်ပြီး သူ့လက်ထဲမှ ဖုန်းကို ယူကာ ချပေးလိုက်သည်။

သူသည် အမြင်အာရုံများ ကြားကပင် သားလေးထံစိတ်ကို လှပေးရသည့်အဖြစ်နယ် ရှိရင်း...

"သား..."

"ဗျာ..ဦးဦး..."

"သားလေးရဲ့ ဖေဖေကြီးဆီကို ဦးဦး ဖုန်းဆက်လိုက်မယ် နော်..."

"ဟုတ်ကဲ့ ဦးဦး..."

မိုးမြတ်လွင် ဆိုရင်း ဖုန်းကိုယူကာ လက်ထဲ ပြန်ထည့်





ပေးသည်။

သူသည် နာရီဆီ တစ်ချက်ကြည့်ပြီး ချက်ချင်းပင် ရွှေကျွန်း ဟိုတယ် သူဌေး ရုံးခန်းဆီသို့ ဖုန်းဆက်လိုက်လေ၏။

"ဟဲလို..အစ်ကိုကြီး ကျွန်တော်ပါ..."

"××××××"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော် အရေးကြီးနေတယ်၊ အစ်ကိုကြီးရော မေ့ဆီကပါ အကူအညီ တောင်းချင်တယ်..."

"××××××"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်..."

ဖုန်းပြောပြီး သူ ဖုန်းချလိုက်သည်။

စိတ်သည် လှုပ်ရှား၍နေသည်။ စိုးရိမ်၍ နေသည်။

သူ့အကြည့်သည် နာရီဆီသို့ တစ်ချက်သာ ရောက်၍ နေသည်။

သားလေး မိုးမြတ်လွင်သည် သူ၏ လှုပ်ရှားနေသော အသွင်



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ သူ သတိထား ကြည့်နေသည်တွင် သူသတိထား တွေ့ရသည်တွင်...

"သားက လိမ္မာတယ်ကွယ်..."

အပြုံးနှင့် သူဆိုကာ သားလေးကို ထွေးဖက်နမ်းလိုက်၏။

မိုးမြတ်လွင်သည်လည်း တောက်ပသော အပြုံးလေးတွေနှင့် သူ့လည်ပင်းဆီ ဖက်ကာ ချစ်စဖွယ် ပြုံး၍နေ၏။

× × × × ×

ကိုမြတ်သူနှင့် မေတို့သည် (...)လမ်းသို့ ရောက်လာပြီဖြစ်သည်။

ကိုမြတ်သူသည် ကားကိုဖြည်းဖြည်း မောင်းဝင်ခဲ့ရင်း လမ်း၏ ဝဲယာသို့ ကြည့်၏။

မေသည်လည်း လက်ထဲမှ စာရွက်လေးဆီ ကြည့်ရင်း လမ်း၏ ဝဲယာသို့ ကြည့်၏။





"အစ်ကိုကြီး..."

"ဟင်..."

"အစ်ကို ပြောလိုက်တဲ့ လမ်းနဲ့အိမ်နံပါတ်က (...)လမ်းနဲ့ (...)နံပါတ်ပါပဲနော်..."

"ဟုတ်တယ်လေ၊ ဒီခြံက (...)နံပါတ်ဆိုတော့ ရှေ့လောက်မှာရှိမယ် ထင်တယ်..."

ကိုမြတ်သူ ဆိုရင်း ကားကို ရှေ့သို့ နည်းနည်း တိုးမောင်းခဲ့သည်။

"ဟုတ်တယ် အစ်ကိုရေ၊ (...)နံပါတ်တွေ့ပြီ..."

မေ ဆိုသည်တွင် ကိုမြတ်သူသည် ခြံအရှေ့နား ကားကို ရပ်လိုက်သည်။

"ဟေး..သွားရတော့မယ်၊ ဖေဖေ လာပြီကွ..."

"ဟင်..ကိုကို မဟုတ်ဘဲနဲ့ ဧည့်သည်တွေ လာတာပါ၊ ဟား..ဟား..."



www.burmeseclassic.com

www.burmeseclassic.com



ဖခင် ပြန်လာသည့်အထင်နှင့် လူမှားသွားသည့်အဖြစ်အတွက် ညီအစ်နှစ်ယောက် ရှက်ရယ်ကလေးတွေ ရယ်လိုက်ကြသည်။

"သားတို့ရဲ့ မိဘများ ရှိလားကွယ်..."

"ဟုတ်ကဲ့၊ ဖေဖေတော့ မရောက်သေးပါဘူး၊ မေမေတော့ ရှိတယ်..."

ကလေးတွေနဲ့ မေ စကားဆိုဆဲ ကိုမြတ်သူသည် အိမ်ရှေ့မှ ဂန္ဓုန်းမင်းလုပ်ငန်း ဆိုင်းဘုတ်ကြီးဆီ အကြည့်ရောက်သွားရသည်။

အင်း..ဂန္ဓုန်းမင်းလုပ်ငန်းကို ငါကြားဖူးပါတယ်၊ နာမည်ကြီးပဲ...

"ဪ..ဧည့်သည်တွေပါလား၊ ဘာကိစ္စလည်းမသိဘူး၊ အိမ်ထဲကြွပါရှင်..."

ဆိုင်းဘုတ်ဆီ ကြည့်ကာ ကိုမြတ်သူ တွေးဆဲ...

အိမ်ထဲမှ အမျိုးသမီးတစ်ယောက် ထွက်လာပြီး ဆိုသည်တွင် ကိုမြတ်သူတို့ ဧနီးမောင်နှံသည် အိမ်ထဲသို့ ဝင်ရောက်ခဲ့ကြလေ၏။





"ထိုင်ပါရှင်၊ ကျွန်မ အမျိုးသားကတော့ ပြန်မလာသေးပါဘူး..."

"ကိစ္စရှိရင် ကျွန်မနဲ့လည်း ပြောလို့ရပါတယ်ရှင်..."

"ကျွန်မ အမျိုးသားလည်း ခရီးထွက်မယ်ဆိုတော့ ပြန်လာခါနီးပါပြီ..."

ဧည့်ခန်းအတွင်း ထိုင်ဖြစ်ကြသည်တွင် အိမ်ရှင်အမျိုး ဆိုလာသည်။

စကားစရန် ကိုမြတ်သူနှင့် မေသည် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ပြီးမှ...

"ဟိုလေ..ကျွန်မတို့လည်း ပြောရမှာ ခက်ပါတယ်ရှင်၊ အစ်မတို့မိသားစုကလည်း ခရီးထွက်ရမယ့် ဆဲဆဲမဟုတ်လား..."

ပြောရခက်စွာ မေ စကားစဆိုသည်။

"ဟုတ်ပါတယ်၊ ကျွန်မတို့လည်း ခရီးထွက်ကြမှာပါ၊ ကျွန်မတို့ မိသားတစ်စုလုံး ခရီးထွက်ကြမှာမို့..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီက ကျွန်မအစ်မကြီးနဲ့ အမေက အိမ်လာစောင့်ပေးကြတယ်လေ..."

"အဲဒီက အစ်မတို့က ကိစ္စရှိရင် ပြောပါ၊ ဟော..ကျွန်မ အမျိုးသားလည်း ပြန်လာပါပြီ..."

အိမ်ရှင် အမျိုးသမီး ဆိုဆဲ ဆင်ဝင်အောက်မှ ကားရပ်သံနှင့် အတူ မရှေးမနှောင်းပင် အမျိုးသားတစ်ဦး ဝင်လာသည်ကို တွေ့လိုက်ရသည်။

"ကဲ..အားလုံး အဆင်သင့်ဖြစ်ပြီလား၊ သွားကြရအောင်..."

"ဖြစ်ပြီ..ဖြစ်ပြီ ဖေဖေ၊ သားတို့က ဖေဖေ့ကို စောင့်နေတာ၊ သွားမယ်..သွားမယ်..."

ကလေးတွေက ပျော်ရွှင်စွာ ဆိုကြသည်။

ကိုမြတ်သူနှင့် မေသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြပြီး...

နောက်ဆုံး ကိုမြတ်သူသည် အရဲစွန့်ကာပင် စကားစလိုက်





ရတော့သည်။

"ဒီက နောင်ကြီးကို ကျွန်တော်စကားနည်းနည်း ပြောပါစေ..."

"အစ်ကို..ညွှသည်က ကိစ္စရှိလို့တဲ့..."

"ဩော်..ဟုတ်ကဲ့၊ ပြောပါ ခင်ဗျာ..."

ဂန္ထုန်မင်းလုပ်ငန်းပိုင်ရှင် ဇနီးမောင်နှံမှာ ဖော်ရွေကြပါသည်။

"ဟို..ကျွန်တော်တို့ အခုလိုလာပြီး အနှောင့်အယှက်ပေးသလိုဖြစ်တာ စိတ်မကောင်းပါဘူးဗျာ..."

"ပြောပါဗျာ..ရပါတယ်..."

"ဟုတ်ကဲ့ခင်ဗျာ၊ ပြောရရင် ဒီကနောင်ကြီး အနေနဲ့ အကြားအမြင်ဆိုတဲ့ သဘောတရားတွေကို အယုံအကြည်ရှိမလား၊ လက်ခံနိုင်မလား မသိဘူး..."

ကိုမြတ်သူ စကားအတွက် ဘေးမှ အားလုံးမှာ စိတ်ဝင်စားဟန်တွေနှင့် ကြည့်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်လည်း မရှိလို့ ကျွန်တော် တိုတိုနဲ့လိုရင်းပဲ ပြောပါ့မယ်..."

"ဟိုမှာ အကြားအမြင်လို ပါဝါရှိနေတဲ့ လူတစ်ယောက်က ခင်ဗျားတို့ မိသားစု ခရီးသွားမှာကို သိနေတယ်..."

"အဲဒါကြောင့် သူက ခင်ဗျားတို့ မိသားစုကို ခရီးမသွားစေချင်ဘူးလို့ ပြောပါတယ်..."

"ဒါကြောင့် ကျွန်တော်တို့ ခုလို လာပြောရတာပါ..."

"နေပါဦးကွယ် သူတို့ခရီးသွားရင် အန္တရာယ်ရှိမလား..."

မိခင်ကြီး ဖြစ်သူက စိုးရိမ်စွာဖြင့် ကြားဝင် မေးလာသည်။

"ဒီစကားက ကျွန်တော်တို့ အနေနဲ့ ဖြေလို့မတတ်ပါဘူးဗျာ၊ သူက ကျွန်တော်တို့ကို လာပဲတားခိုင်းတာ..."

"အေးဗျာ၊ အခုလို လာပြောတာ ကျေးဇူးတင်ပါတယ်..."

"ခုလို တိုးတက်နေတဲ့ ခေတ်ကြီးမှာ ကျွန်တော်တို့က အယုံအကြည်မထားပါဘူး..."





အိမ်ရှင် အမျိုးသားမှာ ယဉ်ကျေးစွာ ငြင်းပယ်လိုက်သည်မို့ ကိုမြတ်သူမှာ စကားဆက်ရ ခက်သွားရ၏။

"အင်းလေ..နောင်ကြီးအနေနဲ့ အယုံအကြည်မရှိတော့လည်း ကျွန်တော်တို့ မတတ်နိုင်ဘူးပေါ့ဗျာ..."

"နေပါဦးကွယ်၊ ဘယ်ဗေဒင်ဆရာက ပြောတာလည်း..."

"ဗေဒင်ဆရာ မဟုတ်ပါဘူး အဒေါ်၊ဪ..အကြားအမြင်ရ ပုဂ္ဂိုလ်လား..."

"အဲလိုလည်း မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော့် ညီပါ..."

"ကျွန်တော့်ညီက တစ်ဦးတစ်ယောက်ရဲ့ ကံကြမ္မာကို အလိုအလျောက် သူ မြင်မြင် လာတတ်တယ်..."

"ဪ..."

"ဪ..."

ဂဠုန်မင်း ဇနီးမောင်နှံထံမှ ဪ..ဟူသော စကား ပြိုင်တူ ထွက်ပေါ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အသံနှင့်ဟန်တွေမှာ အလေးအနက် မထားကြသလိုပါ။

"အစကတော့ သူ့ကိုယ်သူ မယုံဘူးလေ၊ နောက်တော့ သူ သတိထားလာရတော့တယ်…"

"သူ့အတွက် သာကေတွေက အတော်များများ ရှိခဲ့ပြီမို့ပါ"

"အင်းလေ၊ နောင်ကြီးတို့ အနေနဲ့ကတော့ လက်မခံနိုင်တာကိုတော့ ကျွန်တော်တို့လည်း အတင်းဖိအား ပေးပြီး မပြောလိုတော့ပါဘူးဗျာ…"

"ကျွန်တော်တို့ကိုလည်း ပြန်ခွင့်ပြုပါဦး…"

"ဟုတ်ကဲ့··ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်ဗျာ…"

"ကိစ္စမရှိပါဘူးဗျာ…"

စကားဆုံးတော့ ကိုမြတ်သူသည် မေ့လက်ကို ဆွဲကာ ဆင်ဝင်အောက်သို့ လှမ်းထွက်ခဲ့သည်။

မိခင်နှင့် အစ်မဖြစ်သူတွေက ခရီးမထွက်ရန် တားမြစ်သည့် စကားသံတွေကို ကြားနေရသည်။





သို့သော်လည်း ဂမ္ဘီရမင်းလုပ်ငန်းပိုင်ရှင် ဖေနီးမောင်နံ့ကား ခေါင်းမာနေပုံရပါ၏။

မပြောသာ၍ နားလည်သဘောပေါက်စွာဖြင့် ကိုမြတ်သူနှင့် မေတို့ ဖေနီးမောင်နံ့သည် ကားမောင်းထွက်ခဲ့ရပါတော့၏။ ။



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်ကိုး -

"ဟာ..မေရှေ၊ ဒီမှာ..ဒီမှာ..."

"ရှင်..အစ်ကိုကြီး ဘာလဲဟင်..."

မိသားစု သုံးယောက် ထုံးစံအတိုင်း မေမေနန်းတို့အိမ် သွားလည်ရန် ပြင်ဆင်ကြသည်။

ကိုမြတ်သူသည် အမြဲလို သတိထားသည့် ကိစ္စတစ်ခုအတွက် အဝတ်အစားလဲပြီးသည်နှင့် မနက်စောစော ရောက်လာသည့် သတင်းစာမှ နာရေးသတင်းများဆီ ဦးဆုံး လှန်ကြည့်လိုက်၏။

ထိုအခါ...





မှန်သည်။

ဂဠုန်မင်း မိသားစု၏ နာရေးသတင်းအား ဖတ်လိုက်ရလေသော်...

ကိုမြတ်သူသည် ချစ်ဇနီး မေလွင်သင်းအား အံ့သြထိတ်တလန့်ကြီးဖြင့် ခေါ်လိုက်ရလေသည်။

မေသည် ခင်ပွန်း ခေါ်သံကြောင့် ရုတ်တရက်နားမလည်၍ သားလေးကို အဝတ်လဲပေးရင်းက လှမ်းကြည့်ရင်း ထူးသည်။

ပြီးမှ မေသည် ခင်ပွန်းသည်လက်ထဲမှ သတင်းစာကို တွေ့လိုက်ရသည်တွင်...

မေသည်လည်း အမှတ်တစ်ခု ရမိလိုက်သလို ရှိကာ ခင်ပွန်းသည်အနီး ရုတ်ချည်း သွားရောက်ရှိပြီး...

"အစ်ကိုကြီး..."

"မေ..ဒီမှာ ဖတ်ကြည့်ပါဦးကွယ်..."

ကိုမြတ်သူသည် မေ့ရှေ့ သတင်းစာကိုဖြန့်ကာ နာရေး



www.burmeseclassic.com

www.burmeseclassic.com



သတင်းလေးဆီ ထောက်ပြလိုက်သည်။

ဝမ်းနည်းကြေကွဲခြင်း...

ဂဠုန်မင်းမိသားတစ်စုလုံး ရုတ်တရက် ကွယ်လွန်သွားကြသည့်အတွက်...

"ဟင်..အစ်ကိုကြီး ဂဠုန်မင်းမိသားစုဆိုတာ ဟိုတစ်နေ့က မေတို့သွားပြီး..."

"ဟုတ်တယ်လေ၊ အစ်ကိုကြီးတို့ သွားတွေ့ခဲ့တဲ့ အိမ်ပေါ့"

"အို..ဘုရားရေ၊ တကယ်သနားပါတယ် အစ်ကိုကြီးရယ်..."

မေ အံ့ဩထိတ်လန့်မဆုံး ဆိုသည်။

"အစ်ကိုကြီးလည်း တကယ်စိတ်မကောင်း ဖြစ်တယ် မေရယ်..."

"ညီလေးမိုးက တားနေပါရဲ့နဲ့ ဒီလိုဖြစ်သွားတော့..."

"ကဲ..လာ..လာ မေ၊ သားပြီးပြီလား..."





"ပြီးပြီ မေမေ..."

"မေကော ပြီးပြီလား..."

"ဟုတ်ကဲ့ အစ်ကိုကြီး..."

"ကဲ..ဒါဆိုလာ၊ ညီလေးဆီ သွားကြရအောင်၊ ဟိုရောက်မှ ဆက်ပြောကြတာပေါ့..."

"ခုလောက်ဆို မိုးလည်း သိနေလောက်ပြီ၊ သူ့ စိတ်ကောင်းမှာ မဟုတ်ဘူး မေ..."

"ညီက သိနေလို့ တားပါရက်နဲ့ ဂဠုန်မင်းမိသားစုက သွားတာကိုးကွယ်..."

ကိုမြတ်သူ ဆိုရင်း ဇနီးနှင့်သားလက်ကို ဆွဲကာ ကားပေါ် တက်၍ မောင်းထွက်ခဲ့လေ၏။

အရှေ့လမ်းနှင့် နောက်လမ်းမို့ မကြာခင်ပင် မေမေနန်းတို့ အိမ်ဘက် ရောက်ခဲ့ကြသည်။

ဆင်ဝင်အောက် ကားရပ်ပြီး ကားပေါ်မှ ဆင်းလိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဈေးမှ ပြန်ရောက်လာသည့် မေမေနန်းကို တွေ့လိုက်ရသည်။

"ဟင်..မေမေနန်း ဈေးသွားတာ တစ်ယောက်တည်းလား"

"ဟုတ်တယ် သမီး၊ ကဲ..ကဲ..အိမ်ထဲဝင်ကြရအောင်..."

ကိုမြတ်သူက ဈေးခြင်းကိုယူကာ အိမ်ထဲသို့ ဝင်ခဲ့ကြသည်။

"ဖွားဖွားရေ ဦးဦးကော..."

ဧည့်ခန်းထဲအရောက် စောဆင်မြူရယ်မိုးမောက်ကို မတွေ့၍ သားလေး မိုးမြတ်လွင် မေးသည်။

"အေး..ငါ့မြေးလေး မေးမှပဲ ပြောပြရဦးမယ်..."

"မနေ့ကတည်းက ဘာဖြစ်လည်း မသိပါဘူး၊ မေးလို့လည်း မရဘူး၊ မျက်နှာလည်း မကောင်းဘူး..."

"ဒီမနက်လည်း သူ မျက်နှာမကောင်းတာနဲ့ ဖိုးချိုကို သူ့အနီး ထားခဲ့ရတယ်..."

"ခုထိ သားဦးဦးက သူ့အခန်းထဲကနေ မထွက်သေးဘူးနဲ့ တူတယ်..."





"ကဲ..ကဲ..သားတို့သမီးတို့ အခန်းထဲဝင်ပြီး ကြည့်လိုက်ကြပါဦးကွယ်..."

"ဟုတ်ကဲ့ မေမေနန်း..."

မေဆိုရင်း သားလေးလက်ကို ဆွဲကာ အခန်းထဲ ဝင်သွားသည်။

ကိုမြတ်သူက ဈေးခြင်းကို မီးဖိုတွင်းအထိ သွားပို့ပြီးမှ စောဆင်မြူရယ်မိုးမောက် အခန်းဆီ လာခဲ့၏။

ကိုမြတ်သူ အခန်းထဲ ဝင်လိုက်သည်နှင့် သတင်းစာကို ကိုင်ကာ ပြတင်းနားတွင် ငေးနေသည့် သူ့ကို တွေ့လိုက်ရသည်။

ကိုဖိုးချိုသည်လည်း စကားမဆို။

မေသည်လည်း စကားဆိုသေးပုံ မပေါ်...။

သားလေး မိုးမြတ်လွင်ပင် စကားသံမပြုဘဲ ဖြည်းဖြည်းလှမ်းကာ သူ့ဦးဦးဆီ သွားရောက်၏။

"ဪ..သား..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ပေါင်ပေါ် သားလေး မိုးမြတ်လွှင် ကုတ်တက်ထိုင်လိုက်မှပင် စောဆင့်မြူရယ်မိုးမောက်သည် သတိဝင်လာသူနယ် လက်ထဲမှ သတင်းစာကို ပစ်ချလိုက်ပြီး သားကို ကောင်းစွာ ချီမတင်လိုက်သည်။

"အစ်ကို…"

မေ ခေါ်သည်။

ဘာရယ်မဟုတ်သလို သူ လှည့်ကြည့်သည်။

"ဘာလဲ မေ၊ အစ်ကိုကြီးနဲ့မေတို့ အလုပ်မသွားကြသေးဘူးလား…"

သူ့ကုလားထိုင်ကို ပြတင်းအနီးမှ ရွှေ့လာရင်း သူဆိုသည်။

မေသည် ခင်ပွန်းသည်ထံ တစ်ချက်ကြည့်ပြီး၊ သူ့ထံ ပြန်ကြည့်ပြီးမှ…

"မေတို့က သွားမှာပါ၊ ဒါပေမယ့် မနေ့က အစ်ကိုကြီးနဲ့မေ့ကို အစ်ကို ကတိပေးထားတာ ရှိတယ်လေ…"

"ဂျူနီမင်းအိမ်ကို အရေးတကြီးသွားခိုင်းပြီး ခရီးမသွားဖို့





တားခိုင်းတယ် မဟုတ်လား…"

"အဲဒီက ပြန်လာရင် အကျိုးအကြောင်းတွေ ပြောဖို့ ပြောထားတယ်လေ…"

"ဟုတ်တယ် ညီ၊ အဲဒီကိစ္စတွေကို အစ်ကို စိတ်ဝင်စားနေတာ ကြာပါပြီ…"

"ညီဟာ တစ်ခုခု ထူးခြားနေရမယ်၊ သူများရဲ့ကံကြမ္မာကို ညီ ဘယ်လိုလုပ်သိလဲဆိုတာ ပြောပြပါ…"

"ဟုတ်တယ် အစ်ကို၊ မေတို့ကို ပြောပြပါတော့…"

"သိချင်နေတာ ကြာပြီဖြစ်ပေမယ့် မမေးခဲ့တာက အားနာနေကြလို့ပါ အစ်ကို…"

"အခုတော့ အစ်ကိုလည်း ပြောပြမယ်လို့ ကတိပေးထားတော့ မေတို့ကို ပြောပြပါတော့ အစ်ကို…"

"ဟိုနေ့က မေးမလို့ပဲ၊ ဒါပေမယ့် မေတို့ သွားပြောတော့ မအောင်မြင်ခဲ့လို့ အစ်ကို စိတ်လှုပ်ရှားတာကို ကြည့်ပြီး မမေးတော့ပဲ



www.burmeseclassic.com

www.burmeseclassic.com



မြန်သွားကြတာပါ…”

“ဟင်း…”

မေနှင့် ကိုမြတ်သူတို့ စကားများကြောင့် သူ သက်မမော တစ်ချက်ကို ချလိုက်သည်။

ကိုဖိုးချိုသည် ကိုမြတ်သူနှင့်မေတို့ကို ထိုင်ရန်ကုလားထိုင်ကို ယူပေး၍ သူ့အိပ်ခန်းထဲတွင်ပင် ထိုင်ဖြစ်ကြကာ စကားပြော ဖြစ်ကြသည်။

သူသည် တွေးသလို၊ ငေးသလို လုပ်ပြီးမှ…

“အမှန်ပြောရရင် လူတွေရဲ့စိတ်ဟာ ဆန်းကြယ်တယ်၊ ဒါပေမယ့် အခုဟာကတော့ စိတ်ကြောင့်မဟုတ်ဘူး ထင်တယ်…”

“ဘာကြောင့်လဲဆိုတော့ ဘယ်အရာတစ်ခုမှ ဖြစ်ပါစေ၊ မဖြစ်ပါနဲ့လို့ ကျွန်တော်စိတ်လည်း မကူးဘူး၊ တွေးလည်း မတွေးမိဘူး အစ်ကို…”

“ကျွန်တော်ဟာ စိတ်ကူးယဉ်တတ်တဲ့ သူလည်း မဟုတ်ပါ





ဘူး…”

“ဒါပေမယ့် ဘာကြောင့်မှန်း မသိဘူးဗျာ၊ ဖြစ်လာတော့မယ့် အဖြစ်အပျက်တွေဟာ ကျွန်တော့်မျက်ဝန်းထဲမှာ အလိုလို မြင်လာတယ်”

“ဟင်း..အလိုလို မြင်လာတယ်…”

အံ့ဩစွာ မေ မေးသည်။

စိတ်ဝင်စားစွာဖြင့် ကိုမြတ်သူနှင့် ကိုဖိုးချိုတို့က ကြည့်၏။

“ဟုတ်တယ်၊ အလိုလို မြင်လာတယ်၊ တချို့ဖြစ်ရပ်တွေကိုတော့ ရက်ကြာကြာ ကြိုတင်မြင်ရတယ်…”

“ဒါပေမယ့် တချို့ဖြစ်ရပ်တွေကြတော့ အနီးကပ်မှ မြင်လာတယ်၊ အနီးကပ်မှ မြင်တယ်ဆိုပေမယ့်လည်း တားမြစ်ဖို့ အချိန်တော့ ရပါတယ်…”

“ဥပမာ မနေ့ကလို ဂျွန်မင်းမိသားစု ကံကြမ္မာလိုမျိုး ပေါ့…”

“အင်း..ညီရေ..ပြောရရင် စိတ်ရဲ့စွမ်းအင်၊ စိတ်ရဲ့ပါဝါတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပဲပေါ့…"

"ဒီလိုပဲ ပြောရမှာပေါ့ အစ်ကို…"

"နေပါဦး အစ်ကို၊ အဲဒီ စိတ်ရဲ့ပါဝါကို အစ်ကို ဘယ်အချိန်က စသိတာလဲ…"

စိတ်ဝင်စားစွာ မေ မေးသည်။

"အင်း..အဲဒါ ပြောရမယ်ဆိုရင်၊ မှတ်မိသလောက်တော့ လွန်ခဲ့တဲ့ ခြောက်နှစ်၊ခုနှစ်နှစ်ကတည်းက ဖြစ်မယ်ထင်တယ်…"

"အဲဒီအချိန်တုန်းက မနက်အိပ်ယာကထရင် ခေါင်းထဲမှာ ကြည်လင်မှု မရှိသလိုလိုနဲ့ တစ်မျိုးပဲ…"

"မျက်လုံးထဲမှာ တစ်ချက်တစ်ချက် အဖြူရောင်လွှင်ပြင် လိုလို၊ ဓာတ်ပုံရိုက်တဲ့အခါ မီးကဖြတ်ကနဲ၊ ဖြတ်ကနဲ ပွင့်ပွင့်သွားသလိုလို…"

"အဲဒီလို မြင်ပြီး၍ တစ်ပတ်၊ဆယ်ရက်လောက်ကြာတော့ ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ်ဦးဆုံး စပြီး မြင်ရတော့တာပဲ…"

"ဟင်…"





"ညီ..ကားအက်စီးဒင့် ဖြစ်မယ့်ကိစ္စလား…"

"ဟုတ်တယ် အစ်ကို၊ အဲဒီမြင်ကွင်းကို တစ်ပတ်၊နှစ်ပတ် လောက်လို မြင်တယ်…"

"ဒါပေမယ့် အထင်ခဲ့ဘူးလေ၊ ဖြစ်သွားတဲ့နေ့မှာကိုတောင် အဲဒီမြင်ကွင်းကို မြင်နေရသေးတယ်…"

"ဪ..ထူးဆန်းလိုက်တာ အစ်ကိုရယ်…"

"အင်း…"

"အဲဒီအထိကို ကိုယ်ကိုယ်တိုင် အယုံရဲသေးပါဘူး…"

"နောက်တော့ကော၊ ညီ ဘာတွေ မြင်သေးလဲ…"

"ဒုတိယကတော့ မေ လက်ထပ်တာ မြင်ရတယ်လေ…"

"ဪ…"

ဪ..နှင့်အတူ အားလုံးမှာ သူ့ကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

"နောက်တစ်ခါ မေမေရီ ကွယ်လွန်တာ မြင်ရတယ်…"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ ဟိုး…နိုင်ငံခြားက ဆိုးဆိုးဝါးဝါး မီလောင်တာကို မြင်ရတယ်…"

"ပြီးတော့ ကျွန်တော့်ရဲ့ဆရာသမား တရားခံကို နာရီက်အတွင်း ဖမ်းနိုင်ခဲ့လို့ ဂုဏ်သတင်းကြော်ကြားတဲ့ မြင်ကွင်းနဲ့…"

"နှစ်လကြာမှာ သူ ခရီးထွက်ရင် သူ့အတွက် မြင်လာတဲ့ ကံကြမ္မာ…"

"သြော်..သိပြီး၊ အဲဒီတုန်းကလည်း အစ်ကိုနဲ့မေပဲ ရဲအရာရှိကို မသွားဖြစ်အောင် လုပ်ပေးရတယ်လေ…"

"ဟုတ်တယ်၊ အစ်ကို အခု တစ်ခါကတော့ ဂျူနမင်းရဲ့ ကံကြမ္မာပဲတဲ့…"

"တကယ်တော့ ကျွန်တော်လည်း လန့်ပါတယ် အစ်ကို၊ နောက်ကို ဘာတွေမြင်ရဦးမလဲ မသိဘူး မဟုတ်လား…"

"သြော်..ညီရယ်၊ ကိုယ့်ရဲ့ထူးခြား ဆန်းကြယ်တဲ့ စိတ်ပါဝါကြောင့် လူတွေရဲ့ အခက်အခဲတွေကို ကူညီကယ်တင် ဖြေရှင်းပေးနိုင်ရတယ်လို့ပဲ သဘောထားပါ…"

"ကုသိုလ်ယူတတ်ရင် ကုသိုလ်ရတယ် အစ်ကိုရယ်…"

"အကျိုးပြုနိုင်တဲ့ စိတ်တန်ခိုးပါဝါမို့ အကျိုးရှိအောင် အသုံးချနိုင်ရမယ် မိုးရဲ့…"

"ငါ့အထင် ပြောရရင် မိုးအနေနဲ့စိတ်ကို ငြိမ်ငြိမ်ထားပြီး ပုတီးများများစိပ်၊ တရားထိုင်ရင် ပိုပြီးတော့တောင် အကျိုးရှိဦးမယ် ထင်တာပဲ…"

"ကိုဖိုးချို ပြောတာဖြစ်နိုင်တယ်၊ ကျွန်တော်လည်း ကြားဘူးတယ်၊ စိတ်တန်ခိုးရှိတဲ့လူတွေ တရားလုပ်ရင် ပိုပြီး အောင်မြင်တယ်တဲ့"

"ဟုတ်တယ် အစ်ကို၊ ဒါကြောင့် ကျွန်တော်လည်း ညညမှာ စိတ်အငြိမ်ဆုံးထားပြီး ပုတီးစိပ်တယ်…"

"ကောင်းတယ် အစ်ကို..ကောင်းတယ်၊ ဒါနဲ့ မေမေနန်းကော ဒီအကြောင်းတွေ သိလား…"

"ဟင်အင်း..အခုမှ အားလုံးကို ဖွင့်ပြောပြတာ…"







www.burmeseclassic.com

www.burmeseclassic.com



"မေမေနန်း သိရင်လည်း အံ့သြနေမှာ…"

"အစ်ကိုကတော့ ညီ့ကို အစကတည်းက နည်းနည်း သံသယရှိနေတယ်၊ ဒါပေမယ့် အဲဒီလောက်ကြီးတော့ မထင်ဘူးပေါ့…"

"ကျွန်တော်လည်း ရိပ်မိပါတယ် အစ်ကိုကြီး၊ ကျွန်တော့်ပေါ် အစ်ကိုကြီး လေ့လာနေတယ်ဆိုတာ…"

သူ့စကားတွင် အားလုံးက ပြုံးသည်။

"မေကတော့ ကိုကြီးကပြောရင် စိတ်ဝင်စားချင်ချင်နဲ့ စဉ်းစားပြီး နောက်တော့လည်း မေ့ စိတ်ထဲ ဘာမှ မရှိတော့သလိုဘဲ နေတာနဲ့ ဘာမှကို အစ်ကို့ကို မလေ့လာမိခဲ့ဘူး…"

"အဲဒါ ကောင်းတာပေါ့ မေရယ်၊ ဒါကြောင့် မေ အိပ်ပျော်စားဝင်တာပေါ့…"

"အစ်ကိုကြီးမှာတော့ ညီ့ကို စိတ်ဝင်စားပြီး လေ့လာနေလို့ တချို့ညတွေမှာ အိပ်မပျော်ဘူး…"

"ဟင်‥ဟုတ်တယ်၊ အဲဒီလောက်တောင်ပဲလား ကိုကြီးရယ်၊





အဟင်း‥ဟင်း…"

မေ ဆိုရင်း ရယ်သည်။

လူကြီးတွေ စကားပြောနေ၍ မိုးမြတ်လွင်ကပင် ညည်းငွေ့ငွေ့ဖြင့် သူ့ကိုယ်ပေါ်တွင် အိပ်ပျော်သွားရှာပြီ ဖြစ်၏။

မှန်သည်။

ထိုနေ့မနက်က သူ၏ ထူးဆန်းသော စိတ်တန်ခိုးပါဝါအကြောင်းတွေ တွေးခေါ်မိကြသလို ပြောဆိုဖြစ်ကြသည်မှာ…

ကိုမြတ်သူနှင့် မေ ပင်အချိန်တွေများစွာ နောက်ကျမှ အလုပ်သို့ သွားဖြစ်ကြရပါလေသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- နှစ်ဆယ် -

နေ့လည်စာ ထမင်းစားပြီးကြ၍ မိသားစုအားလုံး ခြံထဲတွင် အေးအေးလူလူရှိကာ စကားတွေပြောဖြစ်ကြ၏။

ကိုမြတ်သူနှင့် မေတို့ အလုပ်အားရက်မို့လည်း လူစုံတက်စုံ ရှိ၏။

တနင်္ဂနွေနေ့ကို အလုပ်အားရက်တိုင်း၊ ကိုမြတ်သူနှင့် မေတို့ မိသားစုသည် မေမေနန်းတို့အိမ်သို့ စောစောရောက်ဖြစ်ကြ၏။

အမြဲလို သည်လိုနေ့မျိုးတွင် မိသားစု စကားဝိုင်းဖွဲ့၍ ဆွေးနွေးကြသည်။





စီးပွားရေး၊ လူမှုရေးနှင့် သာရေးနာရေးအဆုံး တိုင်ပင်ဆွေးနွေးကြသည်။

သည်နေ့လည်း မိသားစုသည် ချမ်းမြေ့သာယာစွာဖြင့် စကားတွေပြောရင်း…

မိသားစု၏ ဆည်းလည်းလေးဖြစ်သည့် သားလေး မိုးမြတ်လွင်ကိုလည်း တစ်ယောက်တစ်လှဲ့ ချစ်ကြည်စယ်ရင်းဖြင့် ကြည်နူးစရာ အတိရှိနေကြရ၏။

"သားရေ၊ သားကြီးလာရင်ဘာလုပ်မလဲ…"

စောဆင်မြူရယ်မိုးမောက်ရင်ခွင်ထဲမှာ ရှိသည့်သားလေးထံ ကြည့်ပြီး မေးသည်။

အားလုံးသည် သားလေးထံမှ အဖြေကိုပြုံးမျက်နှာကိုယ်စီဖြင့် မျှော်လင့်စောင့်စားနေကြလေ၏။

စောဆင်မြူရယ်မိုးမောက်သည် သားလေး၏ ဆံပင်ပျော့ပျော့လေးတွေကို ပွတ်သပ်ပေးရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ပါဦးသားရယ် သားကြီးလာရင် ဘာလုပ်မလဲတဲ့"

"သားစဉ်းစားထားပြီးပါပြီ မေမေ…"

"အဟွန်း…ဟွန်း ဟုတ်လား၊ သားဘာများစဉ်းစားထားလဲ သားရဲ့ ပြောပါဦး"

ချစ်သားကိုအပြုံးလှိုင်လှိုင်ကြီးဖြင့်ကြည့်ကာ ကိုမြတ်သူ ဆိုသည်။

"သား ဆရာဝန်ကြီးလုပ်မယ်ဖေဖေ၊ ဒါမှ ဖေဖေရယ် မေမေရယ်၊ ဦးဦးရယ်၊ ဖွားဖွားရယ်နဲ့ ဖိုးလေးချိုတို့ နေမကောင်းရင် သားဆေးကုပေးလို့ ရတာပေါ့"

"အိုး…လိမ္မာလိုက်တဲ့သား၊ အဟင်း…ဟင်း…"

"အမေလေး…ငါ့မြေးလောက် လိမ္မာတဲ့ကလေး မရှိတော့ဘူး ဟေ့…"

မေနှင့် ဒေါ်နန်းကြာတို့ သဘောတွေတွေကာ ပြိုင်တူဆိုသည်။

"အခု ဖေဖေ၊ မေမေ၊ ဖွားဖွား၊ ဖိုးလေးချိုရော သားပါ





အားလုံး လမ်းလျှောက်ကတ်တယ်"

"ဦးဦးက လမ်းမလျှောက်တတ်ဘူး…"

"အဲဒါရောဂါလို့ ဖိုးလေးချိုကပြောထားတယ်…"

"ဒါကြောင့်သားကြီးလာရင် ဆရာဝန်ကြီးလုပ်ပြီး ဦးဦးကို အရင်ဆုံးလမ်းလျှောက်တတ်အောင် ကုပေးမယ်…"

"အဟွန်း…ဟွန်း၊ လိမ္မာလိုက်တဲ့သား…"

သား၏ဆံပင်ပျော့ပျော့လေးတွေဆီ နမ်းကာသူဆိုသည်။

"ဒါနဲ့ လာမယ့်နှစ်မှာ သားလေးကို ကျောင်းအပ်ရတော့ မလားသမီး"

"မနှစ်ကျမှ သားလေးကလေးနှစ်ပြည့်မှာ မေမေနန်းရဲ့"

"ကျောင်းကြီးတော့ မအပ်ရသေးဘူး၊ မူကြိုတော့အပ်ရ မယ်လေ"

"အေး…အေး၊ ငါ့မြေးမူကြိုအပ်ရင် အိမ်နဲ့နီးနီးမှာ ရှိတဲ့ မူကြိုပဲအပ်ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေးတာဝန်ကို ငါပဲယူမယ်၊ ငါ့မြေးကို အကြိုအပို့ မေမေနန်းပဲ လုပ်မယ်"

"မေမေနန်းသဘောပါ၊ မေမေနန်းကြိုက်တဲ့ကျောင်းပဲ သားကိုအပ်ပါ"

ကိုမြတ်သူဆိုသည်။

ကိုမြတ်သူစိတ်ထဲလည်း ဒေါ်နန်းကြာအား မိခင်ရင်းတစ်ယောက်ကဲ့သို့ ထားရှိ၏။

အားလုံးက ကြီးမားသော ရေစက်ကြောင့် မိသားစုသဖွယ် ပေါင်းစည်းနေကြရသည်။

ကိုမြတ်သူနှင့်မေမေနန်းတို့ ရေစက်ရှိ၍ သားအမိကဲ့သို့ ချစ်ခင်ကြသကဲ့သို့...

စောဆင်မြူရယ်မိုးမောက်နှင့် သားလေးမိုးမြတ်လွင်သည်လည်း ရေစက်ကြီးမားပါပေ၏။

မိဘနှစ်ပါး အလုပ်ကိုယ်စီသွားလျှင် သားလေး မိုးမြတ်လွင်





သည် စောဆင်မြူရယ်မိုးမောက်နှင့်သာ အတူနေခဲ့ရသည်။

သားလေးအား အိပ်ချိန် နို့ဗူးတိုက်ချိန်များတွင် သူကိုယ်တိုင် လုပ်ပေးခဲ့သည်။

ငယ်စဉ်ထဲက သူနှင့်သာ အချိန်များများနေခဲ့ရသည့် သားလေးသည်...

သူ့အားပို၍ သံယောဇဉ်ကြီးနေသည်မှာ ဆန်းတော့မဆန်းပါလေ။

"ဟော...သား ထမင်းဆီတက်ပြီးအိပ်ချင်နေပြီ၊ လာလာ...သားလေးကို မေမေသိပ်မယ်"

သူ့ရင်ခွင်တွင် ငိုက်မြည်းစပြုနေသည့် သားလေးအား မေခေါ်ကာ ရင်ခွင်ဝယ် ထားသိပ်သည်။

မေသည် ရင်ခွင်ဝယ် သားလေးကို သိပ်ရင်း အားလုံးသည် စကားစမည်ဆို၏။

"သား မောင်မြတ်သူတို့ ဟိုတယ်စီးပွားရေးတွေ အခြေသိလို



www.burmeseclassic.com

www.burmeseclassic.com



လဲကွဲ့"

"ကောင်းပါတယ် မေမေနှန်း၊ မိုးရာသီနဲ့ ပွင့်လင်းရာသီ နဲ့နဲလေးကွာတာကလွဲရင် ကောင်းပါတယ်"

"သမီးရဲ့ ကုမ္ပဏီအခြေအနေကရော..."

"မေမေနှန်းရေ သူများတော့မသိဘူး၊ မေ့ကုမ္ပဏီကတော့ အမြဲကံကောင်းနေတာပဲ"

"ကြားရတာ စိတ်ချမ်းသာတယ်ကွယ်...အင်း၊ တခါတရံ တော့ ခုလိုမိသားစု စုံရင် ရီ့ကို သတိရတယ်ကွယ်"

"ခမျာ ကံမကောင်းရှာဘူး၊ အသက်တိုရှာတယ်"

"ဒီလိုမြေးလေးမျိုးရှိတာ ရီ့ကို တွေ့စေချင်တယ်လေ"

ဒေါ်နှန်းကြာ စကားတွင် အားလုံးတချက်ငိုင်သွားပြီးမှ...

"မေမေနှန်းရယ် အားလုံးက ဘုရားရဲ့ အလိုတော်တွေပဲလေ"

"ဩော်...ဒါနဲ့ စကားမစပ်၊ မနေ့က ညီဆေးရုံသွားပြီး စစ်ဆေးတယ်မဟုတ်လား"





ကိုမြတ်သူစကားစဖြတ်၍ မေးသည်။

"ဟုတ်တယ် အကိုကြီး ကျွန်တော်နဲ့ ကိုချိုတို့ သွားတယ်"

"အဲဒီတော့ ဆရာဝန်က ဘာပြောဖလဲညီ..."

"အခြေအနေကတော့ တိုးတက်မှုရှိပါတယ် အကိုကြီး၊ ဆေးတော့ဆက်စားပါတဲ့၊ လေ့ကျင့်ခန်းလဲ မှန်မှန်လုပ်ပါတယ်"

"အင်း...ကိုကြီးလဲထင်ပါတယ်၊ ညီရဲ့ စိတ်ဓါတ်ကနိုင် ကြည်တော့ ညီ့ရောဂါလဲ အနေးနဲ့အမြန် ကောင်းမှာပါ"

"ဟုတ်တယ်ကိုမြတ်သူရေ...မင်းညီက စိတ်ကို တည်ငြိမ် အောင်ထားတတ်တယ်ကွ"

"သိတဲ့အတိုင်းပဲလေ၊ နေ့စဉ် ညနေတိုင်း ပုတီးစိပ်တယ်"

"လေ့ကျင့်ခန်းလဲ မှန်မှန်လုပ်တယ်၊ အရင်က ငါကူညီရ သေးတယ် အခုတော့ သူ့ဟာသူပဲ လုပ်တယ်"

အားလုံးကို အားရစေလိုစိတ်နှင့် အားတက်သရော ကိုဖိုးချိုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကလည်း သူ့အပေါ်ယုံကြည်အားရနေကြသော ပြုံးမျက်နှာတွေနှင့် ရယ်ပါ။

"အဟွန်း…ဆရာဝန်က ပြောထားသားပဲ အကိုရာ…"

"ကျွန်တော့်ရောဂါက ကျွန်တော့်ကိုယ်ပေါ်မှာလဲ မူတည်တယ်လို့လေ"

"ကျွန်တော်ကြိုးစားရင် ကြိုးစားသလို ကျွန်တော်ရဲ့ အာရုံကြောတွေက သန်လှုပ်··အင် လှုပ်··သန်…လှုပ်…"

စကားတွေဆိုဆဲ သူ့စကားတွေမှာ အဆုံးသတ်၍ မရဖြစ်သွားရသည်။

"ညီ…"

"သား"

"အကို"

"မိုး…"

အားလုံးက သူ့ကိုခေါ်သော်လည်း သူမကြားမိသလိုပါ။





မှန်သည်။

အဘယ့်ကြောင့်ဆိုသော်

ဝုန်းကနဲပေါက်ကွဲသံတစ်ခုသည် သူ့နားထဲ၌ ကျယ်လောင်စွာ ကြားလိုက်ရသလိုနှင့် တဆက်တည်း··

မီးစွဲလောင်မှုတွေကို သူမြင်တွေ့ရသည်။

မီးစွဲလောင်နေသူတွေသည် သူနှင့်သားလေး မိုးမြတ်လွင်ဖြစ်နေ၏။

အိုး…

သူသည် ထိုးဖေါက်ဝင်ရောက်လာသည့် မြင်ကွင်းဆိုးကြောင့် ထိုင်ခုံလှည်းပေါ်မှပင် ထိုးကျသွားလုနီးပါး ဖြစ်သွားရ၏။

မိုး··

ညီ··

သား··

အိုး····



www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ စိုးရိမ်ထိတ်လန့်စွာဖြင့် သူ့ကိုထိန်းလိုက်ကြရသည်။

"ညီ··ညီ၊ ဘာဖြစ်တာလဲ···"

"သမီး··သွား၊ မြေးလေးကို အိမ်ထဲသွားသိပ်လိုက်"

"ဟုတ်ကဲ့ မေမေနန်း"

စိတ်မချစွာဖြင့် မေသည် လှည့်တကြည့်ကြည့်နှင့် သားကိုချီကာ အိမ်ထဲသို့ ဝင်ရောက်သွားရသည်။

ကိုမြတ်သူ ဒေါ်နန်းကြာနှင့် ကိုဖိုးချိုတို့သည်က သူ့ကိုလှုပ်ခေါ်ရင်း၊ ဂရုတစိုက်နှင့် အကဲခတ်ကြည့်နေကြသည်။

"ညီ···ပြောပါဦး၊ ဘယ်လိုဖြစ်သွားတာလဲ"

ကိုမြတ်သူမေးသည်။

"ဟို··ကျွန်တော်မျက်စိလည်သွားတာပါ အကိုကြီး"

အားလုံးကိုကြည့်ဆဲပင် မြင်ကွင်းဆိုးသည် သူ့မျက်ဝန်းဝယ်ကြီးစိုးဆဲ သူညာပြောဖြစ်ရ၏။





"ဟုတ်ရဲ့လား···ညီရယ်"

"တကယ်ပါ အကိုကြီး···"

သူဇွတ်မှိတ်၍ ခေါင်းကိုညိတ်ရသည်။

သူဖွင့်ပြောမည်ဆိုလျှင် အားလုံးသည် ထိတ်လန့်ကာ အနေအထိုင်တွေမကျတော့မည် စိုးသောကြောင့်ပါ။

"မိုးရှေ···၊ ရေနွေးလေး နဲနဲသောက်လိုက်"

ကိုဖိုးချိုတိုက်သည့် ရေနွေးကြမ်းကို လိုလားစွာပင်သူသောက်လိုက်သည်။

စိတ်လှုပ်ရှားမှုသည် အနည်းငယ်ငြိမ်စပြု၏။

သို့သော် သူ့မျက်ဝန်းထဲမတော့···မြင်ကွင်းဆိုးက စိုးမိုးဆဲပင်ရှိ၏။

ဘုရား···ဘုရား

သူဘုရား ကြိတ်တမိသည်။

အကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



မေမေ

ကိုဖိုးချို

နောက်ဆုံး သူမျှိသိပ်မထားသင့်ကြောင့်နှင့် အားလုံးကို သတိထား ပေးကြရန် အတွက် ဖွင့်ပြောရန် သူခေါ်လိုက်သည်။

"ညီပြောစရာရှိရင်ပြော"

"သားပြောပါ..."

"မိုး...ပြောသာပြော"

"သားလေးကို ...သားလေးကို ခုအချိန်ကစပြီး အားလုံးပိုဂရုစိုက်ပေးကြပါ"

"ဟင်..."

ဟင်သံက တပြိုင်တည်း အားလုံးထံမှ တထပ်တည်း ထွက်သွားကြရသည်။

ဂရုစိုက်ပါ၊ ဂရုစိုက်ပါ၊ ကျွန်တော် ကျွန်တော့်အနားယူလိုက်ဦးမယ်။





သူဆိုရင်း ချွေးစေးတွေပြန်ကာ ထိုင်ခုံဆီကို လှည့်ထွက်သွားလိုက်သည်။

မိုးမြတ်လွင်သည် အားလုံး၏ အသည်းနှလုံးမို့ အားလုံးသည် သည်းနိုက်လှုပ်ရှားနေကြရချေ၏။

အထူးသဖြင့် စောဆင်မြူရယ်မိုးမောက်။

အားလုံးကိုဖြင့် သူစကားအကုန်မပြောဖြစ်သေးပါ။

သူနှင့်သားလေး၏ ကံကြမ္မာမည်သို့ အဆုံးသပ်မည်ကို အဆုံးတိုင် သိရှိနိုင်ရန်အတွက်...

သူသည် ငြိမ်သက်တိတ်ဆိတ်သော နေရာ၌ တကိုယ်တည်း မြင်ကွင်းများအား မြင်တွေ့နိုင်ရန် ကြိုးစားနေဖြစ်လေသည်တကား။



www.burmeseclassic.com

www.burmeseclassic.com



- နှစ်ဆယ့်တစ် -

စိတ်သည် တစ်နေ့မှ မချမ်းသာ။

ကြမ္မာမြင်ကွင်းသည် ယခုတိုင်ပင် မြင်တွေ့နေရဆဲဖြစ်၏။

စိတ်ကျူးယဉ်တာပါ၊ စိတ်ကဖြစ်နေလို့သာ မြင်နေရတာပါ ဟု ယူဆပြီး ပေါ့ပေါ့ထားလို့ကလည်း မဖြစ်။

သည်နေ့ဆို ဆယ်ရက်ရှိပြီ။

သခ်ိန်းစာတခုက မိမိကိုယ်နှင့် ရင်း၍ ရထားခဲ့ပြီမို့...

သားလေးမိုးမြတ်လွင်ကို မိမိသည် အခြားသူတွေထက် ပို၍ ဂရုစိုက်နေဖြစ်ရလေ၏။

ရင်ထဲမှာ လေးလံလွန်း၍နေသည်။





စိတ်သည် လှုပ်ရှားရလွန်း၏။

သူကဲ့သို့ပင် အားလုံးကလည်း သားလေးအတွက် လှုပ်ရှား ပူပင်နေရသည်ပါ။

မေမေနှင့် ကိုဖိုးချိတို့သည်လည်း ယခင်လို ဟင်းလျာ တွေဖွယ်ဖွယ်ရာရာ မချက်တော့...။

အကိုကြီး ကိုမြတ်သူနှင့် မေတို့သည်လည်း အလုပ်ကို မသွားကြ။

သည်ရက်များအတွင်း မိသားစုတွေအားလုံးသတိနှင့်နေကြ သည်။

သားလေးကို ဂရုစိုက်စောင့်ရှောက်ကြသည်။

အားလုံးကို ဂရုစိုက်စောင့်ရှောက်ကြသည်။

ကိုမြတ်သူနှင့်မေသည် သားလေးကို တလှဲ့စီချီလိုက်...

မေမေနှင့် ကိုဖိုးချိုက တလှဲ့ချီလိုက်နှင့် သားလေးကို မျက်စိအောက်ကပင် အပျောက်မထားကြပါလေ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကတလှဲ့စီချိုကြသောလည်း သားလေး မိုးမြတ်လွင်သည် သူ့ကိုယ်ထက်၌ ပင်လာရောက်ထိုင်တတ်ပြန်သည်။

ထိုအခါမျိုးတွင် သူသည် သားလေးအတွက် စိတ်အေးရသည်။

တဆက်တည်းလည်း မျက်လုံးထဲမှ မပျောက်မပျက်မြင်နေရဆဲရှိသည့် ကြမ္မာဆိုးမြင်ကွင်းအတွက် စိတ်ထို စိတ်မောရ၏။

တချီတချီမတော့လည်း သူ့မျက်လုံးထဲမှ ကြမ္မာဆိုးမြင်ကွင်းအား သူစူးစိုက်ကြည့်နေမိတော့သည်။

မှန်သည်။

ဘယ်ကဖြစ်လာမှန်းမသိသည့် ပေါက်ကွဲသံတခု။

ထိုပေါက်ကွဲသံနှင့်တဆက်တည်းလိုပင် သားလေးမိုးမြတ်လွင်ကို မီးစွဲလောင်သည်။

သူသည် သားလေးထံ စိတ်လောကြီးတွေနှင့်ပြေးသွားသည်။

အားလုံးထဲတွင် သူကဦးစွာရောက်သည်။





သူ့ကိုပါ မီးစွဲလောင်သည်။

သားလေးအင်္ကျီတွေ သူချွတ်ပစ်သည်။

ပြီးတော့သူသည် ရေစွတ်ထားသည့် ဖွမ်းစောင်ကြီးနှင့်သားလေးကို ပတ်ထားလိုက်သည်။

သူ့ကိုယ်တွင် မီးများစွဲလောင်နေ၏။

ဘုရားရေ ဘယ်လိုဖြစ်ပြီး ငါနဲ့သားလေးကို မီးလောင်မှုကဖြစ်ရတာပါလိမ့်...

ဘုရား...ဘုရား... လာမယ့်အနာဂါတ်က ဘာတွေမြင်ဦးမှာပါလိမ့်...

"ကို ဘာတွေတွေးနေလဲဟင်..."

သူသည် မြင်ကွင်းများနှင့် တီးတိုးဆိုဆဲ သူ့အနီးရောက်လာကာ 'မေ' မေးသည်။

"'မေ' သားလေးကို ဂရုစိုက်ပါကွယ်။ အခုသားလေးဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အကိုကြီးချီထားတယ်အကို၊ အကိုရောနေကောင်းတယ်မဟုတ်လား"

"ကိုယ်နေကောင်းပါတယ် 'မေ' သားကိုသာဂရုစိုက်ပါ"

"အကို"

မေခေါင်းညိတ်ရင်း သူ့ကိုကြည့်ကာ ခေါ်သည်။

"ဟင်…"

"အကို့မျက်လုံးထဲမှာ မြင်တွေ့နေရဆဲပဲလားဟင်…"

"ဟုတ်တယ်'မေ' ဒါကြောင့် ဂရုစိုက်ခိုင်းတာပေါ့ကွယ်"

"အကိုရယ် အဲဒီစိတ်ရဲ့ ပါဝါကို အကိုဘယ်တုန်းက ဘယ်လိုရခဲ့တာလဲဟင်"

"အကိုလဲ မသိပါဘူး'မေ'ရယ် တခုတော့ရှိတယ်၊ မှတ်မှတ်ရရ အကိုဒုက္ခိတ ဖြစ်ရဖို့မြင်ကွင်းကို ကြိုတင်မြင်ခဲ့တယ်…"

"ကားတိုက်တဲ့မြင်ကွင်းကို အကိုကောင်းကောင်းမြင်တွေ့ခဲ့ရတယ်"





"အရမ်းပေါ့ပါးတာမျိုးလဲရှိတယ်"

"အဲဒီအခါမျိုးမှာ လူဟာ လေဟာပြင်နယ်ကြီးထဲမှာ လွင့်မျောနေသလိုပဲ"

"နောက်တဖြည်းဖြည်းနဲ့ စိတ်ဟာ တသတ်မတ်တည်းရှုးစိုက်သွားသလိုရှိပြီး မြင်ကွင်းတွေကို မြင်တွေ့ရတော့တာပဲ"

"ကိုယ်လေ အဲဒီရဲ့ စိတ်တန်ခိုးရှိပုံမျိုးကို မလိုချင်ဘူးကွာ"

"ကိုယ့်ရဲ့ ကိုယ်တွင်းက ဘယ်လိုဓါတ်တွေ ကြီးစိုးလို့ ကိုယ်ဒီလိုဖြစ်သွားရတာလဲ မသိဘူး"

"ကိုယ်ဆန္ဒကတော့ လူဟာ လူလိုပဲဖြစ်ချင်တယ်"

"အခုလို လွန်ကဲဆန်းပြားတာမျိုး မလိုချင်ဘူး"

"အဲဒီလိုမြင်ရ သိရ တွေ့ရတော့၊ ကြောက်တယ်၊ ရင်မောတယ်၊ စိုးရိမ်ရတယ်လေ"

"အင်း…အကိုပြောတာ 'မေ' သဘောပေါက်ပါတယ်လေ"

"ဒါပေမယ့် အကောင်းဘက်ကပဲတွေးပါအကို၊ ကြိုမြင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြိုပြင်ဆင်လို့ရတယ်ပေါ့"

"ဟင်း…"

သူသက်မမောကို ချလိုသည်။

သူကလွဲ၍ ကျန်လူအားလုံးသည် ဘာတွေဖြစ်လာမည်ကို မသိကြ။

သူကိုယ်၌လည်း အလုံးစုံဖြင့် မသိ။

သည့်အတွက် သူ့စိတ်တွေသည် လေးလံနေရလေ၏။

"ဟင်း…"

သက်မမောအား သူညင်သာစွာ ထပ်ချမိရလေ၏။

'မေ'သည် သူ့လက်တွေဆီ ဆုပ်ကိုင်လာသည်။

ပြီးတော့ 'မေ' သူ့ကိုကြည့်သည်။

'မေ့'အကြည့်များသည် စိုးရိမ်မှု လွှမ်းနေသယောင်ယောင်ပါ။

'မေ'ကိုင်ထားသည့် သူ့လက်ကို သူမသိမသာ ဆွဲယူလိုက်သည်။





သူ့အကြည့်တွေကိုလည်း လွှဲထားလိုက်၏။

'မေ' သည် မျက်ရည်များဝဲလျှက်မှ သူ့ထံ အတန်ကြာ ကြည့်နေလေ၏။

"အကိုနှစ်တွေကြာခဲ့ပြီနော်…"

"သားလေးမမွေးခင်ကတည်းက 'မေ'ခံစားချက်တွေပါ"

"အတိအကျပြောရရင် အကိုကြီးနဲ့ 'မေ'လက်ထပ်ရတဲ့ အချိန်ကအစပေါ့"

"'မေ' မပြောချင်ဘူးဆိုတာ နားလည်ပါတယ်အကိုရယ်"

"မပြောတော့ဘူးလို့ပဲ ဆုံးဖြတ်ထားပါတယ်"

"ဒါပေမယ့် ဒီနေ့မှ ဘာဖြစ်လဲမသိဘူးရှင်…"

"'မေ' 'မေ'လေ…ဒီနေ့မှပဲ ဒီစကားတခွန်းကို ပြောချင်နေတော့တယ်အကိုရယ်…"

"တချိန်က အကိုဟာ 'မေ့'ရဲ့ဘဝမှာ အရေးအပါဆုံးနဲ့ တစ်ဦးတည်းသော ချစ်ရဆုံး ချစ်သူတစ်ယောက်…"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အခုက အကိုကြီးဟာ 'မေ့'ရဲ့ခင်ပွန်းဖြစ်ခဲ့ပြီ"

"သားလေးက 'မေ'နဲ့ အကိုကြီးတို့ရဲ့သားလေး"

"ဘဝတစ်လျှောက်မှာ အကိုကြီးအပေါ် ဖနီးကောင်း ပြီသစွာ 'မေ'နေထိုင်သွားမယ် ဒါပေမယ့် 'မေ'အသည်းတခါးကတော့ ပိတ်ထားပြီးသားပါအကို"

စောစောက အေးဆေးစွာဖြင့် 'မေ'စကားများအား သူနားထောင်နေဆဲ…

အသည်းတခါးပိတ်ထားပြီးသား ပိတ်ထားပြီးသားဟူသော စကားအား 'မေ'ဆိုတော့…

သူသည် 'မေ'ထံ စိုက်ကနဲကြည့်ဖြစ်လိုက်မိရ၏။

'မေ'သည် သူ့လက်ကိုပြန်၍ ဆုပ်ကိုင်လာသည်။

သူသည် ဖယ်ထား၏။

အကြည့်ကို ပြန်လွှဲထားလိုက်ပြီး…

"တောင်းပန်ပါရစေ'မေ'ကျေးဇူးပြုပြီး ဘာမှ ဆက်မပြော





ပါနဲ့တော့နော်"

"ဟိုမှာ အကိုကြီးနဲ့ သားလေးတို့ ခြံဝမှာ ပန်းပင်တွေ လိုက်ကြည့်နေတာနဲ့တူတယ်"

"သားလေးက လိပ်ပြာလေးတွေ လိုက်ဖမ်းနေတယ်၊ သွားကြည့်လိုက်ပါဦး 'မေ'ရယ်"

သူဆိုရင်း ထိုင်ခုံလှည်းကလေးအား တဖက်သို့ လှည့်ထွက်သွားသည်။

'မေ'သည် စိတ်ထိခိုက်စွာ မျက်ဝန်းလေးအစုံ မှိတ်ထားပြီးမှ …

မျက်တောင်ကော့ကြီးများ တဖျက်ဖျက်ခပ်ကာ ခင်ပွန်းနှင့် သားထံ တစ်လှမ်းချင်းလှမ်းအထွက်

ဝုန်း…

ဘယ်ကမှန်းမသိသည့် ပေါက်ကွဲသံကြီးတစ်ခုကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်သူသည် ပန်းအိုးများကြား၌ အမှတ်တမဲ့ရှိနေသကဲ့သို့

'မေ'သည်လည်း ရုတ်တရက်တွင် မှင်သက်ကာ ခြေစုံရပ်သွား ခဲ့၏။

မေမေနှင်းနှင့် ကိုဖိုးချိုတို့က တဖက်ပန်းခြံထဲမှ ပြေးထွက်ခဲ့ကြသည်။

"သား..."

"အကိုကြီး"

'မေ'

စောဆင်မြူရယ်မိုးမောက်သည် သူ့ထိုင်ခုံခြေနင်းခုံတွင် ခေါက်ပြီးထားသည့် ရေဆွတ်ထားသော ဂွမ်းစောင်ကိုယူကာ

ကိုမြတ်သူနှင့် 'မေ'ကိုခေါ်၍ စိတ်အောကြီးခြင်း၊ စိတ်လှုပ်ရှားခြင်းတို့ဖြင့် ခြံထိပ်ဝဆီသို့ ပြေးထွက်သွားလိုက်ပါတော့သည်။

"အိုး....သား"

"ဟင်...မိုး"





"ဟင်.."

"ဟင်.."

"ညီ...သား"

"သား...အကို"

သူပြေးထွက်သွားသည်ကို မြင်မှပင် အားလုံးသည် ထူးဆန်းအံ့သြစိတ်၊ ထိတ်လန့် လှုပ်ရှားသော စိတ်တွေဖြင့် ..

အော်ဟစ်ခေါ်ရင်း ခြံဂိတ်ဆီသို့ ပြေးထွက်သွားခဲ့ကြလေ၏။

မှန်သည်...

ခြံဂိတ်၏ အပြင်ဘက်တွင်ကား မိုးမြတ်လွင် တစ်ကိုယ်လုံးအား မီးတွေလောင်သွားသည်။

မကြာမတင်ခင် စောဆင်မြူရယ်မိုးမောက်သည် သားလေးထံရောက်ပြီး ...

သားလေးမိုးမြတ်လွင်သည် သူ့ကို ပြေးအဖက်တွင် သူ့ကို မီးစွဲလောင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့ကိုမီးစွဲလောင်သည်ကိုမှ အမှုမထားဖြစ်‥

သားလေးအား သူ့လက်ထဲမှ ရေစိုစောင်ကြီးဖြင့် ထုပ်ပိုးပတ်နှောင်ထားလိုက်၏။

သားလေးထံမှ မီးတွေငြိမ်းသွားသည်။

သူတွင်မတော့ မီးများသည် တကိုယ်လုံးစွဲ၍ သူသည် မြေပြင်တွင် လှိမ့်ကာ မီးတို့ကို ငြိမ်းသော်လည်း မီးတွေက ရှတ်တရက် မငြိမ်း…

ကိုမြတ်သူ၊ 'မေ'၊ မိခင်ဒေါ်နန်ကြာနှင့် ကိုဖိုးချိုတို့သည်…

သူ့ကိုယ်ပေါ်မှ မီးများအား အတတ်နိုင်ဆုံး အမြန်ဆုံးနည်းတွေဖြင့် ငြိမ်းသတ်ခဲ့ကြသော်လည်း…

အတန်ကြာလောက်ကြမှ မီးသည် ငြိမ်းလျှက်…

နောက်ဆုံး ဆေးရုံကားနှင့် သူရော သားလေး မိုးမြတ်လွင်ပါ အရေးပေါ် ဆေးရုံသို့ ရောက်ခဲ့ကြရသည်။

သူသည် စကားမပြောနိုင်သော်လည်း အားလုံးကို သိ၍





နေသည်။

သူလုံးဝသတိမလစ်

သူ့အတွက် အားလုံးက စိုးရိမ် ဗျာပွေ လှုပ်ရှားနေကြသည်ကို သိသည်။

သူ့ကို ဆေးရုံပို့သည်ကို သိအသည်။

သူဆေးရုံရောက်သည်ကိုလည်း သိသည်။

တလမ်းလုံး မေမေနှင့် 'မေ'တို့ ငိုကြွေးနေကြသည်ကိုလည်း သိသည်။

အကိုကြီးနှင့် ကိုဖိုးချိုတို့ မျက်နှာတွေနီမြန်း၍ ထိခိုက်ကြေကွဲနေကြသည်ကိုလည်း သူသိသည်။

သားလေး မိုးမြတ်လွင်သည် အနည်းငယ် မီးပူလောင်သည့်ဒဏ်ရာဖြင့် သူ့ကို ငေးကြည့်ရင်း သူ့အနီး၌ ရှိနေသည်ကိုလည်း သူသိသည်။

သူ့အတွက် ဆရာဝန် ဆရာမတွေ ပျာယာခပ်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သူသိသည်။

ပြီးတော့...ပြီးတော့...

အသည်းတံခါးကို ပိတ်ထားပြီးသားဟု မကြာမတင်ကမှ ပြောထားသည့် 'မေ့'စကားသံလေးကိုလည်း အမှတ်ရရပင် သူပြန်လည် ကြားယောင်ပါသေး၏။

ထိုမှ...ထိုမှ...

တဖြေးဖြေးဖြင့်...

သူ့အသိ၊ သူ့အာရုံတို့သည် နယ်ပယ်တစ်ခုသို့ လွှန့်ထွက်သွားသလိုလို...

ထိုနယ်ပယ်သည် ကြည်စင်တောက်ပသော အလင်းတန်းကြီးတစ်ခု...။

သူသည် ထိုအလင်းတန်းကြီးထဲတွင် ရှိသည်။

သို့သော်...

သူ အားလုံးကို မြင်တွေ့နေရသည်။



BURMESE CLASSIC .com



အစ်ကိုကြီး ကိုမြတ်သူနှင့် ကိုဖိုးချိုတို့ မျက်ရည်တွေ ကျနေကြသည်။

မေမေနှင့် မေတို့က ရှိုက်ကြီးတငင် ငို၏။

သားလေး မိုးမြတ်လွင်က သူ့အနီးတွင်ပင် မီးပူလောင်ဒဏ်ရာလေးတွေကို ဆေးထည့်ထားပြီး အိပ်ပျော်၍ နေသည်။

သူသည် မိသားစုကို ကြည့်ပြီး စိတ်ထိခိုက်နေ၏။

သူ စကားတွေလည်း ပြောနေသည်ပါ။

သူ့အတွက် ထိခိုက်ကြေကွဲ ငိုကြွေးနေသည့် မိသားစုအား...

သူဘာမှ မဖြစ်ကြောင်း ကြိုးစားပြောပါလျက်နှင့် သူတို့ဘာကြောင့် မကြားကြပါလိမ့်...။

သူ့မိသားစုကို တစ်ယောက်ချင်းလိုက်၍ ခေါ်သည်။

အားလုံးက ငိုကြွေး၍သာ ရှိ၏။

နောက်ဆုံး ပြင်းပျသော ဒဏ်ရာတွေနှင့် သူ့ခန္ဓာအား တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်းလည်း ဖြူစင်တောက်ပသော အလင်းတန်းသည် သူ့အား ထွေးပွေ့ယူသွားသလို။

သူ့မျက်ရည်တွေ ဝဲလျှံစွာဖြင့် မိသားစုအား သူ ကြည့်ဖြစ်ရသည်။

သူ သိပါပြီ။ သူ့ဝိဉာဉ်သည် မိသားစုအား နှုတ်ဆက်ပြီးနောက်...သူသည် မိသားစုနှင့် ဝေးသည်ထက်ဝေးကာ...

ဖြူစင်တောက်ပသော အလင်းတန်းကြီးဖြင့် လိုက်ပါသွားရလေပြီတကား။ ။

ပြီးပါပြီ။

BURMESE CLASSIC .com

သိဂီရ ရသအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ။

စာပြည့်မာလာ

၁၄.၃.၂၀၀၁



www.burmeseclassic.com

www.burmeseclassic.com



အသည်းတံခါးကိုပိတ်ထားပြီးသား

ဇောပြည့်မာလာ

www.burmeseclassic.com